www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရမှတ်တမ်း
ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့အမေ ...။
ဘဝရဲ့အမိုက်ပွာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက် ...။
လွှမ်းထားထား၊ဆေးတက္ကသိုလ်၊

BURMESE CLASSIC .com

# လွှမ်းထားထား
## ဆေးတက္ကသိုလ်

# ငါ့ရဲ့ လမင်း ဘယ်သူ ဝှက်ထား သလဲ



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

ပြင်းပြင်းရှရှ . . .
ခံစားမှု
အချစ်လုံးချင်းဝတ္ထုသစ်



# ငါ့ရဲ့လမင်းက ဘယ်သူ့ရှုကွက်ထားသလဲ

## ငါ့ရဲ့လမင်း

သူ —
ညတုန်းက —
လမင်းကြီး ဝင်းဝင်းပပကို
တိမ်တွေကြားမှာ မြင်ရတော့ —
သူ့ကို —
ယစ်ယစ်မူးမူး သတိရသွားမိတယ် —।
သူဟာ —
ငါ့ရဲ့လမင်းဆိုရင် —
ငါက —
လမင်းထဲမှာ ထင်နေတဲ့
အရိပ်ကလေး ဖြစ်ချင်တယ် —।
တစ်ချို့ကပြောတော့ —
ယုန်ကလေးနဲ့
ဆန်ဖွတ်တဲ့ အဖိုးအိုရဲ့အရိပ်လို့
မြင်သတဲ့ —
ဟင့်အင်း —
ငါကတော့
အဲဒီလို မမြင်ဘူးဆရာ —।
သူ့မျက်နှာ —
ငွေလမင်းထဲမှာ ရောက်နေတဲ့
ငါ့ရဲ့ပုံရိပ်လို့ —
ထင်မိတယ် —
ကဲ —
ဗိုတယ်လို့
သူပြောဦးမှာလားကွယ် —।

လွှန်းထားထား (ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကို
ကျွန်တော် — ရိုးသားစွာ၊ ရူးသွပ်စွာ၊
ကိုးကွယ်ခဲ့ပါတယ်။
အချစ်က ကျွန်တော့်ကို ပြန်ပြီး
ရိုးသားလိမ့်မယ်လို့လည်း
ကျွန်တော် ယုံကြည်နေဆဲပါ။"

မှော်



BURMESE CLASSIC .com



"အချစ်ဆိုတာ လှပဆန်းကြယ်ပြီး
ခေတ်မီတဲ့ ဖိနပ်လှလှကလေးတွေလို
အလှသက်သက်
အပျော်စီးကြည့်ဖို့လား ---
ဒါမှမဟုတ် —
နောက်ဆုံးပေါ်
Lamborghini ပြိုင်ကားတစ်စင်းလို
အလှသက်သက် အပျော်စီးကြည့်ဖို့လား။
ကိုယ့်ရင်ထဲမှာ
စစ်မှန်နွေးထွေးတဲ့
အချစ်တစ်ခုသာရှိရင်
ကိုယ်ချစ်တဲ့သူဆီကလည်း
ရောင်ပြန်ဟပ်လာနိုင်တာဆိုတာ
ရဲရဲ ပြောရဲတယ်။
အဲဒါကြောင့်လည်း —"

ကကြိုးသွယ်



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း ၁



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၁

BURMESE CLASSIC .com

သူမကို စပြီး ဆုံဆည်းခွင့်ရလိုက်သည်မှာ မီးပွိုင့်တစ်ခုနှင့် မျက်နှာချင်းဆိုင် ဟိုးအမြင့်ကြီးဆီမှာ ထောင်ထားသော ကြော်ငြာ billboard ကြီးတစ်ခုမှဖြစ်သည်။ စိန်ဆိုင်ကြော်ငြာတစ်ခု။ ဆံပင်တွေအားလုံး အပြောင်စုသိမ်းထားပြီး နဖူးဆီမှာ ဆွဲထားသော စိန်လက်ဝတ်ရတနာ ဒီဇိုင်းဆန်းဆန်းရယ် . . . လည်ပင်းဆီမှာ စိန်ဘယက်တစ်ခုရယ် .. . .။ အဲဒါပဲ . . .။ မျက်နှာကို အကြီးချဲ့ထားသည်မို့ နက်မှောင်စူးရှလှပလွန်းသော မျက်ဝန်းရွဲများက စိန်တွေထက်တောင် ပိုပြီး စူးရှတောက်ပ အသက်ဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးက ဖူးကြွဖောင်းပြည့်စွာ ခပ်ဟဟကလေး ပွင့်နေဟန်က ညို့ငင်မှုအပြည့် . . .။ သူ့မျက်ဝန်းများသည် ထို billboard ဆီမှာ အကြာကြီးစိုက်တန့်ငေးမောနေမိကာ နှလုံးသားဆီမှ ပူနွေးလှုပ်ရှားသော ရင်ခုန်သံကိုတောင် ပြန်သတိထားမိသည်။ သူ့အလုက အလွန်မဟာဆန်သည်။

"ဟာ . . . ဟော့ကောင်၊ ဘာတွေမွှန်နေတာလဲကွာ၊ နောက်မှာ ဟွန်းသံတွေ ကမ္ဘာပျက်နေပြီ၊ မင်းက ငေးလို့ ကောင်းတုန်း၊ ဒုက္ခပါပဲ ဒီကောင်တော့ . . . မင်းတော့ မလွယ်ဘူးမျော်၊ ထွက်ဟ . . . ထွက်ဟ . . . မြန်မြန် ထွက်ဟ"

ဘေးကနေ သုတက အော်မှ သူ့ကားကို ကမန်းကတန်း မောင်းထွက်ရသည်။ ကားတချို့ ကျော်တက်ပြီး လှမ်းဆဲသွားကြတာကို ခံရသေးသည်။

"တကယ့် နတ်သမီးကလေးပဲကွာ၊ သူ့ကို မြင်ရရုံနဲ့ လူကရှော့(ခ်)ရသွားတာ၊ ဒါတောင် bill board ပဲ ရှိသေးတာ၊ လူအရှင်လတ်လတ်များ ငါ ဆုံရရင် ဒူးတွေ ခွေညွတ်ပြီး ယိမ်းကျသွားမလား မသိဘူး"

"မင်းကလည်း ပွားနေပြန်ပါပြီ၊ အဲ . . . ဒီလောက်လည်း မဟုတ်ပါဘူးကွာ၊ ပြီးတော့ . . . မင်းကလည်း ဘာ အတွေ့အကြုံမှ မရှိသေးတဲ့ မနူးမနပ် မူကြိုအဆင့် ချာတိတ်ကလေး





မဟုတ်ပါဘူး၊ အဲဒီလောက် စာဖွဲ့မနေစမ်းပါနဲ့"

"ဟာ . . . ရင်ဘတ်ကို လှိုင်းလုံးတစ်လုံး၊ အရှိန်ပြင်းပြင်းနဲ့ လာဝင်ဆောင့်ခံရတဲ့ကိစ္စမှာ သမ္မာအဆင့်တွေနဲ့ ဘာမှ မဆိုင်ဘူး bro ...၊ ငါ တကယ် အပြုစားခံလိုက်ရသလိုပဲ မူးနောက်ရီဝေသွားတာ၊ သူ့အကြောင်း ငါ သိချင်တယ် သုတရာ၊ မင်းက သတင်းစုဆောင်း အရမ်းတော်တဲ့ Google တော်ပါ၊ သူ့အကြောင်းတွေ ရှာဖွေစုဆောင်းပေးစမ်းပါ၊ ပြီးတော့ . . . ငါ သူနဲ့ အပြင်မှာ ဆုံချင်တယ်ကွာ"

"မင်းကလဲ i phone ကိုင်ထားပြီးတော့ ခုချက်ချင်း သူ့အကြောင်း သိချင်ရင် google မှာ Angel May ဆိုပြီးတော့ ရိုက်ထည့်လိုက်လေကွာ၊ သူ့ရဲ့ Link တွေ တသီတတန်းကြီး ထွက်ချလာလိမ့်မယ်၊ ငါ သိထားသလောက်တော့ သူက ဒီမှာ အမြဲမနေဘူးကွ၊ စင်္ကာပူမှာ International Model လုပ်နေတာ၊ ဒီကို ခဏတဖြုတ်ပဲ အလည်အပတ် ပြန်လာတတ်တာ"

သုက ကားကို ကော်ဖီဆိုင်တစ်ဆိုင်ထဲသို့ ချိုးကွေ့ဝင်လိုက်ကာ i phone ထဲကနေ google မှာ Angel May ဆိုပြီး ရှာကြည့်လိုက်သည်။ သူမရဲ့ အချက်အလက်တွေ၊ Link တွေ တကယ်ပဲ တသီတတန်းကြီး ထွက်ပေါ်လာပါသည်။ သူမ၏



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေ၊ သူမ လျှောက်သော ရှိုးပွဲတွေ၊ သူမ ကြော်ငြာထားသော နာမည်ကြီး brand မိတ်ကပ်နှင့် နှုတ်ခမ်းနီ၊ ရေမွှေး ကြော်ငြာတွေ။ ဖက်ရှင် ကုမ္ပဏီတချို့ . . .။ ညို့အားပြင်းလှသော သူမ၏ အလှက နိုင်ငံခြားမော်ဒယ်လ်တွေနှင့်အပြိုင် မဟာဆန်ဆန် ဆွဲဆောင်ဖမ်းစားထားသည်။

"နိုင်ငံခြားမှာတောင် သူ တော်တော် နာမည်ကြီးတယ် ထင်တယ်၊ သူ့ကြော်ငြာတွေက Top brand တွေကွ၊ မင်းကတော့ လေ ချိန်မယ့်ချိန်တော့လည်း တကယ့် အပီအပြင် ခေါင်ကိုမှ နော်"

"ငါ တမင်သက်သက်ကြီး ရည်ရွယ်ပြီး ဖြစ်သွားတာမှ မဟုတ်ဘဲကွာ . . . လုံးဝ ဘလိုင်းကြီး ဟာ့(တ်)တည့်တည့် ထိသွားတာ . . . ငါ ရှောင်ချိန်တောင်မရဘူး၊ ငါ တကယ် ဖမ်းစားခံလိုက်ရတာ bro ... ရေ၊ အရမ်းကြိုက်သွားတာ၊ ဟောဒီ ရင်ဘတ်ထဲမှာ လျှေင်ပြင်းပြင်း လှုပ်ခတ်သွားခဲ့တာကွ"

"ရို မင်းတော့ စိတ်မချရဘူး၊ ICU (Intensive Care Unit) ထဲ ပို့ရလိမ့်မယ် ထင်တယ်"

"အရူးအမူးကို ဖြစ်သွားတာ ဘောဘီ"

"ရူးလို့ရတယ် . . . ရူးလိုက်ပေါ့ကွာ"





သူ့ရင်တွေ တကယ်ပဲ လှုပ်ရှားနေဆဲ။ သူမနှင့် ပတ်သက်သမျှ သတင်းအချက်အလက်တွေ ရှာဖွေစုဆောင်းကြည့်သည်။ face book မှာလည်း သူမ ရှိသည်။ သူမရဲ့ fan ပရိသတ်ပေါင်းက သိန်းချီပြီးတော့တောင် ရှိသည်။ သူ ချက်ချင်း add လုပ်လိုက်သည်။ ဘယ်အချိန်မှာမှ သူမ ပြန်လက်ခံမလဲဆိုတာ ကိစ္စမရှိ။ သူ့ဘက်ကတော့ တတ်နိုင်သ၍ သူမနှင့် အဆက်အသွယ်ရဖို့ ကြိုးစားချင်သည်။ အချိန်ကလေးက တကယ့် တိုတိုကလေး. . .။ သို့သော် သူ ခံစားလိုက်ရသော အရှိန်အဟုန် ပမာဏကတော့ ပြင်းထန်လွန်းပါသည် . . .။

"ဟော့ကောင် . . . ခံစားစရာရှိတာလည်း ခံစားပေါ့၊ ခံစားချက်ကိုလည်း အသုံးချ bro ...၊ မင်း သီချင်းတွေ ပိုပြီး အသက်ဝင်လာလိမ့်မယ်၊ ဟာ့တ်နဲ့ရေးပြီး ဟာ့တ်နဲ့ ဆိုစမ်းပါကွာ . . ."

"မင်းပြောတာတောင် နောက်ကျနေပြီ . . . ငါ Angel ဆိုပြီး သီချင်းရေးတော့မလို့၊ ခုပဲ ရေးမှာ . . . မင်းပါးစပ်ကို ကော်ဖီလေးနဲ့ ပိတ်ပေးထား၊ ပလိ(စ်) ငြိမ်ငြိမ်နေပါ"

သူ သီချင်းတစ်ပုဒ်ကို ခပ်သွက်သွက် ချရေးလိုက်သည်။ သူ့ရင်ထဲမှာ အရှိအတိုင်း၊ ခံစားလိုက်တဲ့အတိုင်း ရူးသွပ်လိုက်မိတဲ့ အတိုင်း ဘဝမှာ မိန်းကလေး တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ် ရှုံးသွပ်စွာ ခံစားမိခြင်း . . .။ သူကိုယ်တိုင် မြန်မာပြည်မှာ နာမည်ရစပြုနေတဲ့ အဆိုတော်တစ်ယောက် ဆိုသော အဖြစ်ကို လုံးဝ မေ့သွားလျက် . . . ဘာမှ မသိနားမလည်သေးသော ဆယ်ကျော်သက် အရိုင်းကလေးတစ်ယောက်လို အချစ်ကို အရှုံးအမှူး၊ လှိုက်မောတုန်ရီစွာ ခံစားခဲ့မိခြင်းဖြစ်သည်။

♥ ♥ ♥

BURMESE CLASSIC .com





မနေ့ညက မျှော်စင်ကျွန်းရှိ ဖျော်ဖြေပွဲတစ်ပွဲမှာ မီးကုန်ယမ်းကုန် အစွမ်းကုန် သီဆိုဖျော်ဖြေခဲ့ပြီးပြီမို့ . . . သူ တစ်ကိုယ်လုံးမှာ ရှိရှိသမျှ အားအင်တွေ ကုန်ခမ်းသွားသလို နုံးခွေလျက် ခြေပစ်လက်ပစ် အိပ်မောကျနေခဲ့တာ၊ ဘယ်နှနာရီရှိမှန်းပင် မသိရ။ အခန်းတစ်ခုလုံး ခန်းဆီးထူထူများဖြင့် အမှောင်ချထားကာ အဲ(ရ်)ကွန်းအအေးဓာတ် စိမ့်စိမ့်ကလေးထဲမှာ အားရပါးရ ဇိမ်ခံကွေးကောင်းဆဲ . . . သူ ဖုန်းမြည်လာသည်။ ပထမတော့ မကိုင်ဖို့တောင် စိတ်ကူးထားသည်။ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

ပင်ပန်းထားတဲ့လူတစ်ယောက် . . . ဒီအချိန် အိပ်လို့ကောင်းနေဆဲ ပဲဆိုတာ အလိုက်ကန်းဆိုး မသိကြဘူးလား မသိ။ သူ မကိုင်မချင်း ဖုန်းက စိတ်ရှည်လက်ရှည် အော်နေဆဲ။ တောက် . . . ဘယ်က အလိုက်မသိတတ်တဲ့ကောင်လဲ . . . ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ဖုန်းဖွင့်လိုက်မိတော့ . . . သုတ။ သူ အားရပါးရ ပယ်ပယ်နှယ်နှယ် ဆဲမည့်ဟန်ပြင်ဆဲ . . .

"ဟော့ကောင် . . . မင်း ငါ့ကို ဆဲမယ့်အလုံးတွေ ခဏ ပြန်မျိုထားလိုက်ဦး၊ ငါ အခု sedona က ဆက်နေတာ၊ မင်းရဲ့ Angel ဒီပြန်ရောက်နေတယ်၊ ကြော်ငြာလား၊ ကာဗာလား မသိဘူး၊ ဓာတ်ပုံအရိုက်ခံနေတယ်၊ မင်း တွေ့ချင်ရင် ခုချက်ချင်း ဒုန်းစိုင်းပြီးလာခဲ့၊ ကားကိုလည်း သေရောကြေရော စွတ်မောင်းမလာနဲ့၊ မတွေ့လိုက်ရပဲ လမ်းမှာတင် မာလကနေမယ်"

"ငါ အခုလာပြီ . . ."

သူ ဝုန်းခနဲ ခုန်ထကာ မျက်နှာကမန်းကတန်းသစ်၊ စွပ်ကျယ်ပေါ်က လည်သာဂျာကင်တစ်ထည် ကောက်စွပ်ကာ ဂျင်း(န်)ပဲန်တစ်ထည်စွပ်လျက် ကမူးရှူးထိုး ထွက်လာခဲ့သည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်ပေါက်ဆူညံလျက် . . .။ Sedona ဆီ





မောင်းရသည့် ဆယ်မိနစ်လောက်ခရီးကို တစ်ကမ္ဘာလောက် ကြာတယ်ထင်ရသည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်ပေါက်ဆူညံလျက်။ သုတ ထွက်ပြီး စောင့်နေသည်။

"ဟော့ကောင် . . . လာ၊ pool side ဘက်မှာကွ၊ ရေကူး ဝတ်စုံနဲ့ ရိုက်နေတာ၊ ရက်ရက်စက်စက် လှတယ်ကွာ၊ မင်း ရူးမယ်ဆိုလည်း ရူးလောက်တယ် . . . ပြစ်မျိုးမဲ့မထင်ပဲ"

pool side မှာ သူမကို အရှင်လတ်လတ် တွေ့လိုက်ရသောအခါ သူ အသက်ရှူဖို့ မေ့လျော့သွားသည်။ ရေစိုရွှဲနေသော ဆံပင်တွေ အားလုံး နောက်လှန်သပ်တင်ထားတော့ မဟာဆန်စွာ ဖူးကြွလှပလွန်းသော မျက်နှာကလေးက ထင်းနေအောင် ပေါ်လွင်လာသည်။ ကဲန်မရာကို လုံးဝ မကြည့်။ ဘေးဘီဝဲယာကလူတွေကို လုံးဝ မကြည့်။ သူ့အလုပ်သူ ဈာန်ဝင်စားစွာ ကျွမ်းကျင်ပါးနပ်စွာ လုပ်ပေးနေခဲ့တာ . . .။ သူ သူမကို မျက်တောင်မခတ်ငေးကြည့်နေရင်း ဒူးတွေ တကယ်ပဲ ခွေညွတ်ချင်လာသည်။

"အိုကေ . . . အရမ်းလန်းတယ် Angel . . . ပြီးပါပြီ၊ ကျေးဇူးပါ . . ."

photographer က နာမည်ကြီး။ သူနှင့်လည်း ရင်းနှီး


www.burmeseclassic.com

www.burmeseclassic.com

ပြီးသား။ သို့သော် ခုအချိန်မှာ သူ့ကို မမြင်စေလိုသည့် အတွက် သူ ပုန်းလျှိုးကွယ်လျှိုး လုပ်ထားရသည်။ သူမက သဘက်ကြီး တစ်ထည် ကိုယ်မှာပတ်လိုက်ပြီး အဝတ်လဲဖို့ ထွက်သွားပြီ။

"ငါ ဘာလုပ်ရမလဲ ဟင် . . . ငါ သူ့နောက်ကနေ တကောက်ကောက် လိုက်ကြည့်ချင်တယ်ကွာ၊ အခု ကိုဝဏ္ဏနဲ့ ဝင်ပြီး မိတ်ဆက်ပေးခိုင်းလို့ရတယ်၊ ဒါပေမယ့် ငါ အဲဒါမျိုး သမားရိုးကျနည်းနဲ့ မဝင်ချင်ဘူး၊ သူ့ကို ငါ့နည်း ငါ့ဟန်နဲ့ ငါ့ဘာသာ အရလိုက်ချင်တာ"

"အေးလေ . . . ဒါဆိုလည်း လိုက်ပေါ့ကွာ၊ သူ ထွက် လာတဲ့အထိ စောင့်ပေါ့"

မကြာပါ . . .။ သူမကို ကြိုးတစ်ချောင်း အင်္ကျီ ပါးပါးကလေးနှင့် မီနီစကပ်အတိုကလေးနှင့် ပခုံးမှာ သားရေ အိတ် ခပ်ကြီးကြီးတစ်အိတ်လွယ်ကာ ကားရပ်ထားရာဆီသို့ လျှောက် သွားနေတာကို တွေ့လိုက်ရသည်။ သူမတစ်ယောက်တည်း . . .။ အဖော်ကလေးတောင် မပါ။ ဘဲဥပုံသဏ္ဌာန် ယောက်ျားတွေတပ်လေ့ ရှိသော Armani မျက်မှန်ကို တပ်ထားသည်။ သူမပုံစံက လုံးဝ လွတ်လပ်ပေါ့ပါးစွာ။ သူမကိုယ်တိုင် မောင်းသော ကားက အပျံစား။ SUBARU ပြိုင်ကား အနီရဲရဲကလေးဖြစ်သည်။ ကားမောင်းတာက





လည်း ခပ်ကြမ်းကြမ်း။ သူမ ကားနောက်ကနေ သူ့ကားလေး ကပ်လိုက်လာခဲ့သည်။ နံဘေးကနေ ဖြတ်သွားသမျှ ကားတွေ အားလုံး သူမကားကိုရော၊ သူမကိုပါ လည်ပြန်မကြည့်ဘဲ မနေနိုင် ကြ။ သူမကား က Beauty Spa ခြံဝင်းတစ်ခုထဲ ဝင်သွားခဲ့သည်။

"ဟား . . . အဲဒါဆိုရင်တော့ မင်း အသာလေး စောင့် ပေတော့ပဲ၊ မျက်နှာပေါင်းတင်မှာလား၊ ကိုယ်ကို massage လုပ်မှာလား မသိဘူး"

"ကြာချင်သလောက် ကြာပါစေကွာ . . . ငါ စောင့်မယ်၊ လာ . . . လာ လိုက်ဝင်မယ် ဟော့ကောင်"

"ရှူး . . . မလွယ်ပါလား၊ မင်းတော့ ကုန်ပေါက်ပဲနော်"

ထင်သည့်အတိုင်း သူမက မျက်နှာပေါင်းတင် ကိုယ် လည်း massage လုပ်မှာဟု ပြောသံကြားရသည်။ သူမ လုပ်နေကျ ထင်ပါရဲ့။ Spa တစ်ခုလုံးရှိ မိန်းကလေးတွေ အားလုံးနှင့် သူမ တရင်းတနှီး။

"အိန်ဂျယ်လ်ကို တစ်ခါတွေ့ရင် တစ်ခါပိုမိုက်လာတယ်နော်၊ အရမ်းလှတာပဲ သိလား . . ."

"ဟုတ်လား၊ အဲဒါ ရှင်တို့ spa ကို မှန်မှန်လာလို့ဖြစ်မှာ ပါ"


www.burmeseclassic.com

www.burmeseclassic.com

သူမ အသံကလေးက အစ သာယာနာပျော်ဖွယ် အတိ။ သူ . . . ဟိုလိုလိုဒီလိုလိုလုပ်ကာ၊ မယောင်မလည်နှင့် နားထောင်နေခြင်းဖြစ်သည်။ သူမနှင့်ပဲ ပါလာသလိုနှင့် ဧည့်ခန်းထဲမှာ ကျကျနနထိုင်လျက် . . . မဂ္ဂဇင်းတစ်စောင် ကောက်ဖတ်နေရင်း၊ နားကို စွင့်ထားရသည်။

"ဘယ်တုန်းက ပြန်ရောက်လဲ အိန်ဂျယ်လ် . . ."

"တစ်ပတ်လောက်ရှိပြီ၊ မေမေ နေမကောင်းလို့ ပြန်လာတာ၊ ပြီးတော့ မြန်မာပြည်ပြန်ရောက်ရင် ဒီက အလုပ်ကလေးတွေလည်း လုပ်ပေးစရာရှိတာတွေ လုပ်ပေးနေရတာနဲ့ မရောက်ဖြစ်ဘူးကွယ်၊ ခုတောင် ကြော်ငြာ တစ်ခုရိုက်ပေးပြီး အပြန်ဝင်လာတာ၊ မျက်နှာရော၊ တစ်ကိုယ်လုံး ညောင်းညာလာလို့"

"ထုံးစံအတိုင်း တစ်လပဲနေမှာလား အိန်ဂျယ်လ်"

"ဒါပေါ့ တစ်နှစ်တစ်ခေါက် ပြန်လာဖို့ကို တော်တော် ကြိုးစားပြီး စီစဉ်ရတာ မနန်းရဲ့၊ ဟိုမှာလည်း အလုပ်တွေက ရှိနေတာမှလား၊ မိဘတွေ၊ အဘိုးအဘွားတွေ ရှိနေလို့သာ ဒီကို ပြန်ပြန်လာချင်နေတာ၊ တကယ်တမ်းကျတော့ ကိုယ့်မြန်မာပြည်မှာပဲ အမြဲ နေချင်တာပါကွယ်၊ ကိုယ့်မိသားစုနဲ့





အတူတူနေချင်တာပေါ့၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ ပျော်ရာမှာမှ နေလို့မရတာ၊ ဒီအလုပ်ကို လုပ်နေပြီးမှကိုး . . .၊ ဖြစ်အောင် ကြိုးစားထားပြီးမှတော့ ဆက်နေရုံပဲပေါ့၊ ဒီမှာ chanel ပစ္စည်းတွေ ပါတယ်နော် . . . အဲဒါတွေနဲ့ပဲ လုပ်ပေး . . ."

"စိတ်ချပါ အိန်ဂျယ်လ်ရယ် . . . လာ အခန်းထဲသွားရအောင်၊ အိန်ဂျယ်လ် ဘာသောက်မလဲ"

"Espresso ပြင်းပြင်းကလေး သောက်ချင်တယ်၊ ဒါပေမယ့် မဖြစ်ပါဘူး မနန်းရယ်၊ ကော်ဖီက မျက်ကွင်းညိုစေတယ်၊ အိန်ဂျယ်လ် ခရမ်းချဉ်သီးဖျော်ရည်ပဲ သောက်တော့မယ်"

အသံတွေအားလုံး သူမတို့အခန်းထဲ ဝင်သွားတော့မှ ပျောက်ကွယ်သွားတော့သည်။

"ဟယ် . . . မော်ပါလား၊ တိတ်တိတ်ဆိတ်ဆိတ်ပါလား၊ ဘယ်တုန်းက ရောက်နေမှန်းတောင် မသိလိုက်ဘူး၊ ကျွန်မတို့က အိန်ဂျယ်လ်နဲ့ ပါလာတာမှတ်လို့"

"ဟဲ ဟဲ . . . မဟုတ်ပါဘူးခင်ဗျ၊ ကျွန်တော်လည်း မျက်နှာပေါင်းချင်လို့ပါ"

"အို . . . သိပ်ရတာပေါ့၊ massage ပါ လုပ်ပေးမယ်လေ



www.burmeseclassic.com

www.burmeseclassic.com

Relaxation Therapy ပေါ့"

"သိပ်အကြာကြီး မလုပ်ချင်ဘူးနော်၊ ခဏပဲ . . . သူ ပြန်ရင် ကျွန်တော်လည်း ပြန်မှာ"

"သူဆိုတာ . . . ဩော် . . . သဘောပေါက်ပါပြီရှင်၊ စိတ်ချပါ . . . သူက ကြာဦးမှာ၊ အေးအေးဆေးဆေး စိမ်ပြေနပြေ လုပ်နေကျ"

ဘယ်လောက် စိမ်ပြေနပြေကျမှန်းတော့ မသိ။ သူတောင်အိပ်ပျော်သွားပြီး ဟောက်သံတွေထွက်နေသည်အထိပင် . . .။ ကောင်မလေးက နှိုးမှပဲ သူနိုးလာသည်။ ကောင်မလေးက ပြုံးစိစိ။

"မနေ့ညက မျှော်စင်ကျွန်းမှာ ဆိုထားရလို့ပါ၊ ကျွန်တော် အရမ်းပင်ပန်းနေတာ . . ."

ဟု . . . ရှက်ကိုးရှက်ကန်း ဖြေရှင်းရသေးသည်။ ပိုက်ဆံရှင်းပေးပြီး မကြာခင်မှာ သူမလည်း ထွက်လာသည်။ နုပျို ကြည်လင်တောက်ပသော အသားအရေကလေးက ပေါင်းတင်ပြီး စ,မို့ ပန်းသွေးရိပ်ကလေးတောင် သမ်းကာ ပို၍ စွဲမက်ဖွယ်ကောင်း လာပါသည်။ သူမက သူ့ကို သတိထားမိဟန်လည်း မရှိ။ သူမ အာရုံနှင့်သူမ။ Spa ကနေ ပြန်ထွက်ပြီး Restaurant တစ်ခုသို့





ဝင်ပြန်သည်။ သူမ သူ့ကို မရိပ်မိအောင် သူ လိုက်ရခြင်းဖြစ်သည်။ မှာစားတာကလည်း အသီးအရွက်သုပ် တစ်ပွဲနှင့် သံပုရာရည်ပါပဲဖြစ်သည်။ စားပြီးတော့ MK သို့ ဝင်သည်။ ဟိုဟိုဒီဒီ လျှောက်ကြည့်ကာ အဝတ်အစားတချို့၊ ဖိနပ်တချို့ ဝယ်သည်။ သူက စိတ်ကူးတစ်ခုရသွားသောကြောင့် သူမ၏ ဖိနပ် size ကို မှတ်ထားလိုက်သေးသည်။ MK ကနေ ပြန်ထွက်ပြီးတော့ သူမ အိမ်သို့ တန်းပြန်သည်။ သူမ အိမ်က အင်းလျားလမ်းထဲမှာ . . .။ သူမ ကားကလေး ဝင်သွားပြီး ခြံတံခါးပိတ်သွားတော့မှပင် သူ့ရဲ့ ရှဒိုးဇာတ်လမ်းလည်း ပြီးဆုံးတော့သည်။

"ကဲ . . . မင်း ဘာဆက်လုပ်မလဲ မော်၊ ဒီလိုပဲ သူ့နောက်ကနေတကောက်ကောက် လိုက်ကြည့်ရုံနဲ့ပဲ ပြီးပြီလား၊ မင်း သူနဲ့ စကားပြောခွင့်ရဖို့ မကြိုးစားတော့ဘူးလား"

"ငါ အချိန်ယူနေတာကွ၊ ငါ့ခေါင်းထဲမှာ plan တွေ စနစ်တကျ ဆွဲထားပြီးသား၊ မနက်ဖြန် သူ့အိမ်ထဲဝင်ပြီးတော့ဖြစ်ဖြစ်၊ သူ့ကို ဓာတ်ပုံရိုက်ခွင့်တောင်းမယ်၊ အဲဒီအတွက် ဂျာနယ်လစ်တစ်ယောက် ဟန်ဆောင်ရမယ်ကွ၊ ကဲန်မရာ ကောင်းကောင်းတစ်လုံး လိုတယ်၊ ကိုဝဏ္ဏဆီ ပြေးဆွဲမယ်"

သူမအိမ်ကအပြန် ကိုဝဏ္ဏဆီဝင်ပြီး သူ့ရဲ့ profes-



www.burmeseclassic.com

www.burmeseclassic.com

sional Nikon Digital ကင်မရာကြီးကို ဖွတ်အတင်း ငှားပြီး ပြန်လာခဲ့သည်။ နောက်တစ်နေ့ မနက်စောစောမှာ သူမအိမ်သို့ သူနှင့်သူတ ချီတက်ခဲ့ကြသည်။ ခြံတံခါးဝမှာ . . .

"ကျွန်တော်တို့ Glamour မဂ္ဂဇင်းကပါ၊ အိန်ဂျယ်လ်နဲ့ တွေ့ချင်လို့ပါ"

ဟု . . . ဆိုတော့ ခြံတံခါးဖွင့်ပေးသည်။ သူ့ရင်ထဲမှာ ဗုံတီးသံတွေလို အဆက်မပြတ် ကျယ်လောင်စွာ မြည်ဟည်းလျက် ရှိသည်။ အိမ်ရှေ့ ကျွန်းတံခါးကို တစ်ယောက်က လာဖွင့်ပေး ကာ. . .

"ဧည့်ခန်းထဲမှာ ခဏလေးထိုင်စောင့်ပါနော်၊ ကျွန်မ မလေးကို သွားပြောပေးပါ့မယ်"

ဆိုပြီး . . . ထွက်သွားသည်။ သို့သော် . . . ကောင်မလေးက သူ့ကို သိထားပြီးသားလို မျက်ဝန်းကလေးတွေမှာ ရင်းနှီးနှစ်လိုရိပ်ကလေးတွေနှင့်။ ခြံတံခါးလည်း သူ့ကို မှတ်မိနေသောကြောင့်ပဲ ဖွင့်ပေးခဲ့တာလား မသိ။

"မှော် . . . မင်းဟာက ကြည့်လည်းလုပ်နော်၊ အလိမ်ပေါ်ရင်အယောင်ဆောင်မှုနဲ့ ဂျေးလ်ထဲ ရောက်နေဦးမယ်"

သူတက စိတ်မလုံသလို ခပ်တိုးတိုး ကပ်ပြောသည်။





"မင်း မင်သေသေနဲ့သာ နေစမ်းပါ၊ ငါဇာတ်လမ်းကို ငါ နိုင်အောင် လုပ်ပါ့မယ်"

ခဏနေတော့ သူမက အိမ်နေရင်း ဂါဝန်ကလေးနှင့် ဆင်းလာသည်။ ဆံပင်ကလေးတွေက အခွေအလိပ် တွန့်တွန့်ကလေးတွေ ပခုံးပေါ်မှာ ဝဲကျပျံ့လွင့်နေသည်။

"ကျွန်တော် Glamour မဂ္ဂဇင်းက ပင်တိုင်ဓာတ်ပုံဆရာ ပါခင်ဗျာ၊ အိန်ဂျယ်လ်ကို မျက်နှာဖုံးရိုက်ခွင့် . . . ပြီးတော့ အင်တာဗျူးကလေး လုပ်ခွင့် ရချင်လို့ပါ"

သူ့အသံတွေက အနည်းငယ်တော့ တုန်ရင်နေသေးသည်။ ဒါတောင် Glamour မဂ္ဂဇင်းဆိုတာ သူနှင့် ဆွေမျိုးတွေလို ရင်းနှီးကျွမ်းဝင်ပြီးသား။ မနေ့ကပဲ အယ်ဒီတာချုပ် အန်တီနန်းခေါင်ဆီ သူ ဖုန်းဆက်ပြီး "အိန်ဂျယ်လ်မေရဲ့ မျက်နှာဖုံးဓာတ်ပုံ မလိုချင်ဘူးလား။ ကျွန်တော် ရိုက်ပေးပါရစေ" ဟု ခွင့်တောင်းထားပြီးသား။ အန်တီနန်းကလည်း လိုလိုလားလား သဘောတူပြီးသား။ အန်တီနန်းခေါင်ကိုယ်တိုင် အိန်ဂျယ်လ့်ဆီ ဖုန်းလှမ်းဆက်ပေးထားမယ် . . . ဟုပင် ဆိုခဲ့သေးသည်။

"ဘာလဲ . . . မှော်က အိန်ဂျယ်လ်ကို ဓာတ်ပုံသွားရိုက် မလို့ပေါ့လေ၊ ဘာလဲ . . . ဇာတ်လမ်းစ,ပြီလား၊ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်ရေးလိုက်မှာနော်"

ဟု . . . သဘောပေါက်နားလည်စွာ စ,နေခဲ့သေးသည်။ သူမက ပြုံးကာ . . .

"အင်း မနေ့ညက အန်တီနန်းခေါင် ဖုန်းဆက်ပြောထားတယ်၊ မျက်နှာဖုံးက Studio ထဲမှာ ရိုက်မှာလား၊ Outdoor ထွက်ရိုက်မှာလား၊ ကျွန်မ တစ်နာရီပဲ ပေးနိုင်မှာနော်"

ဟု . . . ပြောသည်။

"ရပါတယ်ဗျာ . . . ကျွန်တော် တစ်နာရီပဲ ရိုက်ပါ့မယ်၊ ကျွန်တော် Outdoor ပဲ ရိုက်ချင်ပါတယ်၊ Trader's ရဲ့ ခေါင်မိုးပေါ်မှာဆို ဖြစ်မလားဟင်"

"ဖြစ်ပါတယ် . . . တကယ်ဆို ကျွန်မကို တစ်ရက်ကြိုပြီး appointment တောင်းရမှာ ထုံးစံပဲ၊ ရှင်က မနေ့ညက အန်တီနန်း ဖုန်းဆက်ပြီး ဒီနေ့ ချက်ချင်း ကဲန်မရာနဲ့ ရောက်လာတယ်၊ ထားလိုက်ပါတော့လေ၊ ဒါ မြန်မာပြည်ဆိုတာ ကျွန်မ နားလည်ထားပြီးသားပါ၊ အန်တီနန်းနဲ့လည်း ခင်နေလို့ပေါ့၊ တခြားလူဆို ကျွန်မ ခွင့်မပြုဘူး"

"ဟုတ်ကဲ့ . . . ကျွန်တော့်ဘက်က စည်းကျော်သွားခဲ့ရင် တောင်းပန်ပါတယ်ဗျာ၊ အေးဆေး အချိန်ယူပါ၊ ကျွန်တော်





စောင့်နိုင်ပါတယ်"

"ကျွန်မ မိတ်ကပ်ပြင်တာ မကြာပါဘူး၊ အေးအေးဆေးဆေး စောင့်ပါ"

သူမ ပြန်ထွက်သွားပြီး စောစောက ကောင်မလေးက Sandwich ပန်းကန်နှင့် အအေးခွက်တွေ လာချပေးသွားသည်။ ပြီးတော့ . . . သူ့ကို ခန်းဆီးအကွယ်တစ်ခုကနေ ပြန်ချောင်းနေတာ သူသိပေမယ့် မသိချင်ဟန်ဆောင်နေရသည်။

"ကြည့်ရတာ သူ့ကိုယ်သူ International Model ဆိုပြီး ဘဝင်မြင့်တာ၊ ဖင်ခေါင်းကျယ်တာတော့ မရှိဘူးကွ၊ အေးဆေးပဲ ပွင့်လင်းတယ်၊ မင်းကလည်း လုပ်လိုက်ရင် အသည်းနဲ့အသန်၊ ချက်ချင်းလက်ငင်းကြီး၊ သူ မရိပ်မိလို့ တော်သေးတယ်"

"ငါ့အတွက် အချိန်က တန်ဖိုးရှိတယ်ကွ၊ သူ မနေ့က ပြောတာ မကြားဘူးလား၊ သူ ရောက်တာ တစ်ပတ် ရှိနေပြီ၊ တစ်လပဲ သူနေမှာ၊ သုံးပတ်ပဲ အချိန်ရတော့မှာ၊ ပြီးရင် တစ်နှစ်လုံးလုံး သူ ပျောက်သွားတော့မှာ၊ ဒုက္ခပါပဲကွာ . . .၊ ဒီရက်တွေမှာ သူ့ကို နေ့တိုင်းတွေ့အောင် ဘယ်လိုလုပ်ရပါ့မလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com





သူ အဖြစ်သည်းနေပုံကို သူတက အသံတိတ်ကောင်းချီးတွေပေးနေသည်။ နာရီဝက်လောက်အကြာမှာတော့ သူမက အဆင်သင့်ပြင်ဆင်ပြီး ဆင်းလာသည်။ မျက်နှာက မိတ်ကပ်ပြင်ထားတယ်လို့တောင် မထင်ရလောက်အောင် သဘာဝဆန်ဆန်ကလေး။ မျက်လုံးကိုလည်း ခပ်ဖျော့ဖျော့သာ ခြယ်ထားပေမယ့် နက်မှောင်ကော့ပျံနေသော မျက်တောင်များကတော့ ထင်းနက်နေသည်။ အင်္ကျီက တကယ့်ကို ပေါ့ပေါ့ပါးပါး စတိုင်လ်။ အပေါ်ပိုင်းက အဖြူရောင် လက်ပြတ်ကလေး ... အောက်ပိုင်းက ပန်းနုရောင် နှင်းဆီပွင့်ကလေးသဏ္ဌာန် ဖောင်းဖောင်းကလေး။ ဂါဝန်ကလေးက ဒူးအထက်ပဲ ရှိကာ ဟိုက်ဟီးလ် အမြင့်ကြီး စီးထားသည်။ လက်မှာ ဖန်စီလက်ကောက် လှလှလေး တစ်ကွင်းတည်း ရှင်းရှင်းကလေး။ ဆံပင်တွေက ပုံသွင်းထားပြီးသားလို အခွေအလိပ်ကလေးတွေ ပခုံးပေါ်မှာ ဝဲဖြာလိပ်ခွေနေသည်။ လက်မှာ Dior လက်ကိုင်အိတ် ပန်းနုရောင်ကလေးကိုင်လို့ ...။ သူမကို သူ ဘယ်လောက်ကြာအောင် ငေးကြည့်နေမိသွားမှန်း မသိ။ သူမက မျက်ခုံးကလေးပင့်ပြလိုက်ကာ ...

"သွားစို့လေ .. ဘာတွေ ဒီလောက်ငေးနေတာလဲ ရှင်ရဲ့"

ဟု ... ဆိုလိုက်တော့မှ သူ ပြန်လည် အသက်ဝင်လာကာ ရှက်ကိုးရှက်ကန်းပြုံးမိသည်။

"ရှင်တို့ကား ရှေ့ကသွားနော်၊ ကျွန်မ နောက်ကနေ လိုက်ခဲ့မယ်"

ဟု ... ဆိုပြီး သူမက သူမကားနှင့်သာ လိုက်လာသည်။ ဓာတ်ပုံရိုက်ခွင့် ရဖို့အတွက် မနေ့ ညနေကတည်းက ကြိုတင်ခွင့်တောင်းစီစဉ်ထားပြီးသားမို့ ခေါင်းမိုးပေါ်အထိ တန်းတက်လာခဲ့ကြသည်။ သူ့ရင်တွေလည်း အရမ်းခုန်နေသည်။ သူမက ပါးနပ်ကျွမ်းကျင်ပြီးသား မော်ဒယ်လ်တစ်ယောက် ပီသစွာပင် ပို့(စ်)တွေ သိပ်အများကြီးမပေးဘဲ မျက်လုံးနှင့် နှုတ်ခမ်းဆီမှာသာ ညို့အားကိုထည့်ကာ မု(ဒ်)သွင်းလျက် ဓာတ်ပုံအရိုက်ခံသည်။ သူက Nikon professional Camera ကြီးကို ဟန်ပါပါကိုင်လျက် သူမပုံတွေကို ရနိုင်သမျှ အမိအရ၊ တဖျပ်ဖျပ် ရိုက်ယူနေမိသည်မှာ သူမပေးထားသော အချိန်တစ်နာရီ ဘယ်လိုကုန်သွားမှန်းပင် မသိလိုက်။

"ကဲ ... တစ်နာရီ ပြည့်သွားပြီရှင့်၊ ရှင်လည်း ပုံတွေ အများကြီးပဲရလိုက်မှာပါ၊ မနားတမ်းကို နှိပ်နေတာနော်၊ အဲဒီလို ဓာတ်ပုံဆရာမျိုး ကျွန်မတစ်ခါမှ မကြုံဖူးသေးဘူး၊ သိလား ...၊ တစ်စက္ကန့်ကို တစ်ကြိမ်နှုန်းနဲ့ နှိပ်ရင်





www.burmeseclassic.com

www.burmeseclassic.com

"တစ်နာရီဆိုတော့ ပုံပေါင်း 3600 တောင် ရှင် ရသွားမှာ၊ ကျေနပ်တယ်မဟုတ်လား"

သူမက ရယ်ချင်ဟန်ကလေးဖြင့်ပြောတော့မှ သူ ဘယ်လောက်တောင် လောဘဇောတွေကပ်နေမှန်း၊ ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်မိတော့ကာ ဘာ ပြန်ပြောရမှန်းပင် မသိတော့။

"ဆောရီးပဲဗျာ၊ အိန်ဂျယ်လ် ပို့(စ်)တိုင်းက အရမ်းလှနေတော့ လက်မလွှတ်ချင်တာနဲ့"

"ထားပါ . . . ၊ ရှိပါစေတော့၊ ကဲ . . . အလုပ်ပြီးရင် ကျွန်မ ပြန်တော့မယ်၊ မဂ္ဂဇင်းထွက်ရင်သာ ကျွန်မဆီ ပို့ပေးဖို့တော့ မမေ့ပါနဲ့နော်"

"ဟို . . . အင်တာဗျူးအတွက် အချိန်သတ်သတ် ထပ်ခိုင်းရမလား အိန်ဂျယ်လ်"

"အင်း . . . နောက်တစ်ရက်ပေးရမှာပေါ့လေ၊ အဲဒီအတွက်လည်း ကျွန်မ တစ်နာရီပဲ အချိန်ပေးနိုင်မယ်၊ တစ်နာရီစာလုံလောက်မယ့်မေးခွန်းမျိုး ရှင် ပြင်ဆင်လာခဲ့ပေါ့"

"OK . . . ၊ အိန်ဂျယ်လ်၊ ကျွန်တော်ဘယ်တော့လာခဲ့ရမလဲ"





"ကျွန်မအိမ်ကိုပဲ လာခဲ့ပါ၊ မနက်ဖြန် ညနေခင်းလေး ဖြစ်ဖြစ်ပေါ့၊ လေးနာရီလောက် ခြံထဲမှာပဲ ဆုံကြတာပေါ့"

"ကျေးဇူးတင်ပါတယ် အိန်ဂျယ်လ်၊ ကျွန်တော်က အိန်ဂျယ်လ့်ကို International Model ဆိုတော့ ကိန်းကြီးခမ်းကြီးနိုင်မယ်ထင်နေတာ၊ အလိုလိုရှိန်နေတာ၊ အခုကျတော့ ကျွန်တော်ထင်တာနဲ့ တခြားစီပဲနော်"

"ဟုတ်လား၊ ကျွန်မကို ချီးမွမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက ဘာဖြစ်လို့ ကိန်းခမ်းကြီးရမှာလဲရှင်ရယ်၊ ခုခေတ်မှာ အားလုံးအပြိုင်အဆိုင်ကြိုးစားနေရတဲ့ခေတ်လေ၊ ဆက်ဆံရေးမတတ်ရင် ခံသွားရမှာပေါ့၊ ဟိုမှာဆို ပိုတောင် အပိုးကျိုးရသေးတယ်၊ ဘဝင်မြင့်လို့မရဘူးရှင့်၊ Model တစ်ယောက်ရဲ့ Up and Down က သိပ်မြန်တာ၊ ကိုယ့်ထက် ပိုငယ်တဲ့ . . . သွက်တဲ့ . . . နုပ်တဲ့ကလေးတွေက အပြေးအလွှားကျော်တက်ဖို့ပြင်နေကြတာ၊ ဒီအလုပ်မှာ အရွယ်ကလည်း အရမ်းစကားပြောတယ်၊ ဆယ်ကျော်သက်နုနုအရွယ်ကလေးတွေနဲ့ အပြိုင်အဆိုင်ကြဲနေရတာ၊ နှစ်ဆယ်တော်တော်စွန်းသွားရင် ဒီအလုပ်ဆက်မလုပ်နဲ့တော့၊ အဲဒီလောက်မြန်တယ်၊ ရှင် ကျွန်မရဲ့


www.burmeseclassic.com

www.burmeseclassic.com

အသက်ကို မမေးနဲ့နော်၊ ကျွန်မဖြေမှာ မဟုတ်ဘူး”

ပြောပြီး . . . သူမက သဘောကျသလို ရယ်မောနေတော့သည်။ သူကတော့ သူမ၏ အပြုအမူ လှုပ်ရှားမှုတိုင်း ကို မျက်တောင်မခတ် ငေးမော၍သာ နေမိသည်။

“နှစ်ဆယ်တောင် မပြည့်သေးဘူးထင်ပါတယ်ဗျာ၊ အိန္ဒိယ ဂျယ့်လ်မျက်နှာကလေးက ဒီလောက် နုနုဖူးဖူးကလေးဖြစ်နေတာ”

“ဟား ဟား . . . ရှင် တော်တော် အပြောကောင်းပါလား၊ သူတစ်ပါး စိတ်ချမ်းသာအောင် ပြောတတ်တယ်၊ ကဲ . . . သွားပြီနော်၊ မနက်ဖြန် ဆုံကြတာပေါ့”

သူမက နှုတ်ဆက်ပြီး ပြန်သွားတော့ သူလည်း သူမနောက်ကနေ သူမ မရိပ်မိစေရအောင် ရှဲဒိုးလိုက်ကြည့်ရသေးသည်။

“ဟော့ကောင် . . . သိပ်လည်း ဖွန်မနေနဲ့ဦး၊ ကဲန်မရာလည်း ကိုဝဏ္ဏကို သွားပြန်ပေးရဦးမယ်၊ သူ့ဓာတ်ပုံတွေလည်း မင်း ကွန်ပျူတာထဲ ထည့်ဦးမှာမှလား၊ မနက်ဖြန်အတွက် အင်တာဗျူးမေးခွန်းတွေလည်း မင်း ပြင်ဆင်ရဦးမယ်၊ မင်း သူ့နောက်ကနေ အရိပ်လို လိုက်ကြည့်နေ





တာ သူ ပြန်ရိပ်မိသွားရင် မကောင်းဘူးကွ၊ မင်းကိုယ်တိုင်လည်း celebrity တစ်ယောက်ဆိုတာ မမေ့နဲ့ဦး၊ ပရိသတ်တွေက မင်းကိုသိတယ်ကွ”

သုတက သတိပေးယူရတဲ့အထိ။

“အေးပါကွာ . . . ငါလည်း သိပါတယ်၊ ဒါပေမယ့် ငါဘာဖြစ်လို့ ဒီလောက်တောင် အရူးအမူး ဖြစ်သွားသလဲဆိုတာ ငါ့ကိုယ်ငါတောင် နားမလည်နိုင်ဘူး၊ သူ့ကိုပဲ လိုက်ကြည့်ချင်နေတာ၊ သူ့ဆီက အပြုံးကလေးတစ်ချက်ရရင် ငါ အရမ်းကျေနပ်နေပြီ၊ မိန်းကလေး ချောချောလှလှတွေ အများကြီးနဲ့ ငါ ဆုံဖူးပါတယ်၊ သူ့ကို ကြွေတဲ့ဖီလင်ချင်းကို မတူတာ၊ သူ့ကို crazy ကို ဖြစ်နေတာ”

သူ ဝန်ခံဖို့လည်း မရှက်မိတော့။

“ဩော် . . . ငါ့သယ်ရင်း မှော်တစ်ယောက်တော့ အိန္ဒိယဂျယ်လ်မေနဲ့မှပဲ တကယ်ရူးတော့တာပါလား၊ ကဲ ချကွာ၊ မင်းကြိုက်ရင် ရအောင်လိုက်ကွာ၊ ဒီလောကမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှ မရှိဘူး၊ မင်းလည်း သာမညောင်ညမှ မဟုတ်တာ၊ အဆင့်တစ်ခုတော့ ရှိတာပဲ၊ တစ်ခုပဲ မင်းဆုတောင်းရမှာ၊ သူ့ဆီမှာ ပိုင်ဆိုင်သူ မရှိပါစေနဲ့ဦးဆိုတာပဲ၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

လှတဲ့ မိန်းကလေးတစ်ယောက်ကွာ၊ ကျော်ကြားမှုတွေလည်း ရှိတယ်၊ နေတာကလည်း စင်္ကာပူမှာ၊ မင်းလိုပဲ သူ့ကို မရရင် ရူးနိုင်တဲ့ သကောင့်သားတွေ ဘယ်နှယောက်တောင် ရှိနိုင်မလဲ”

“ဟေ့ကောင် . . . တော်ပြီ . . . ဆက်မပြောနဲ့တော့၊ ဘာပဲဖြစ်ဖြစ် ငါ ရင်ဆိုင်မှာပဲ၊ သူ့ကို မရ ရအောင် လိုက်ဖို့ ငါ ဆုံးဖြတ်ပြီးသား”

“အဲဒါဆိုလည်း ရအောင်လိုက်ပေါ့ မော်ရာ၊ မင်းအတွက် မရနိုင်တာ ဘာရှိလို့လဲ”

သူတရဲ့စကားက သူ့ဆုံးဖြတ်ချက်ကို ပို၍ ခိုင်မာ ပြတ်သားသွားစေသည်။ အချိန်တိုင်း အချိန်တိုင်းမှာ သူ သူမကို အရူးအမူး စွဲလမ်းတွယ်ငြိခဲ့ပြီမှန်း သေချာသထက်သာ သေချာလာခဲ့သည်။ တစ်ညလုံး သူမကို ဗျူးဖို့ မေးခွန်းတွေ စဉ်းစားရင်း သူမပုံကလေးတွေအားလုံး ကွန်ပျူတာထဲ ထည့်သိမ်းရင်း ကြည့်မဝ ရှုမငြီးနိုင်အောင် ဖြစ်ရရင်း နောက်တစ်နေ့ သူမနှင့် ဆုံဖို့ကို သူ ရင်ခုန်စိတ်လှုပ်ရှားလွန်းစွာ မျှော်လင့်စောင့်စားရပြန်လေသည်။

♥ ♥ ♥



# အခန်း ၂


www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၂

သူမတို့ ခြံထဲရှိ နှင်းဆီရုံနံဘေးမှာ ဒန်းကလေးရှိသည်။ ထိုဒန်းကလေးက သစ်သားဒန်းမျိုး မဟုတ်။ ကြိမ်သားတွေနှင့် ရက်ထားသော ပုခက်ပုံစံကလေး ဖြစ်သည်။ သူမက ထိုဒန်းကလေးထဲမှာ ထိုင်ရင်း သူမေးသမျှကို ဖြေပေးခဲ့သည်။ ဘယ်လောက် စိတ်လှုပ်ရှားဖို့ ကောင်းသလဲဆိုတော့ ဒီနေ့ သူတစ်ယောက်တည်း၊ တမင်သက်သက် လာခဲ့ခြင်းဖြစ်သည်။ သူတကလည်း တမင် အဖော်လိုက်မလာခဲ့။ သူနှင့်သူမ လွတ်လပ်အေးဆေးစွာ စကားလက်ဆုံကျခွင့်ရအောင် ဖြစ်သည်။ သူက



www.burmeseclassic.com

www.burmeseclassic.com

စွပ်ကျယ်ပခုံးပြတ်အကျႌကလေးနှင့် လီနင်သားဘောင်းဘီကလေး ဝတ်ထားခဲ့သည်။

"နိုင်ငံခြားမှာ မော်ဒယ်လ်ဖြစ်ဖို့ ဘယ်အရာတွေက တွန်းပို့ပေးခဲ့တာလဲ အိန်ဂျယ်လ်"

"ကျွန်မရဲ့ကံလို့ပဲ ပြောရမှာပေါ့လေ၊ ကျွန်မ ဖေဖေက စက်ရုံမှာ အလုပ်လုပ်နေတဲ့ အချိန်၊ ကျွန်မနဲ့ မေမေက ဖေဖေ့နောက်ကို လိုက်နေရတယ်၊ အဲဒီမှာပဲ ကျွန်မ ကျောင်းတက်ဖြစ်တယ်၊ Modelling ကို ကျွန်မ ရှစ်နှစ် ကိုးနှစ်လောက် အရွယ်ကတည်းက ရောဂါသည်းခဲ့တာ၊ Model School လည်း တက်ခဲ့တယ်၊ ကျွန်မရဲ့ ဘဝကို အဲဒါနဲ့ ပတ်သက်သမျှအတွက်ပဲ ကြိုးစားခဲ့တာ၊ ဒါကို ဖြစ်အောင်လုပ်မယ်ဆိုပြီးတော့ လုပ်ခဲ့တာ ဆိုပါတော့၊ နောက်တော့ Modelling Agency တစ်ခုနဲ့ အဆက်အသွယ်ရပြီး စာချုပ်ချုပ်ဖြစ်သွားတယ်၊ အဲဒီက စခဲ့တယ်လို့ ပြောရမှာပေါ့"

"အခု အိန်ဂျယ်လ်ရနေတဲ့ အောင်မြင်မှုမျိုးကို အလွယ်တကူနဲ့ ရနိုင်တာမျိုး မဟုတ်ဘူးဆိုတာ အားလုံးသိကြပါတယ်၊ အိန်ဂျယ်လ် ဘယ်လောက်ကြိုးစားအားထုတ်ခဲ့ရတယ်၊ ဘာတွေ ပေးဆပ်ရင်းနှီးမြှုပ်နှံခဲ့ရတယ်၊ ဘယ်လိုသင်ခန်းစာတွေ ဘယ်သူတွေဆီကနေ ယူခဲ့ရတယ်ဆိုတာကို





အတိုချုပ်ကလေး ပြောပြပါလား"

"အတိုဆုံး ပြောရရင် ကျွန်မ စိတ်တစ်ခုပဲ ထားခဲ့တယ်၊ ဒီအလုပ်ကို ဖြစ်အောင်လုပ်မယ်၊ အကောင်းဆုံး လုပ်မယ်ဆိုတာကိုပဲ တစ်နေ့စာတွေးတယ်၊ အပိုတွေ လျှောက်မတွေးတော့ဘူး၊ စိုးရိမ်ပူပန်သောကတွေ အပြိုင်အဆိုင်တွေ၊ မနာလိုတာတွေ၊ မကျေနပ်တာတွေ ဘာမှ တွေးမနေဘူး၊ ကိုယ့်အလုပ်ကိုပဲ အကောင်းဆုံး တစ်နေ့စီ လုပ်တယ်၊ တစ်ခါတစ်လေတော့ ကတိ ချိုးဖျက်ခံရတာတွေ၊ လုပ်ကြံခံရတာတွေ၊ သစ္စာဖောက် ခံရတာတွေ ရင်ဆိုင်ရတဲ့အခါလည်း ရှိတာပေါ့လေ၊ လောကမှာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း မဖြစ်ဘူး၊ ဖြစ်မလာတဲ့အခါ ဘယ်လိုပြင်ဆင် ရင်ဆိုင်တတ်ရမယ်ဆိုတဲ့ သင်ခန်းစာကို ကိုယ့်ရဲ့ ရန်သူတွေနဲ့ ပြိုင်ဘက်တွေကပဲ သင်ကြားလေ့ကျင့်ပေးခဲ့တာလေ၊ အမှားတွေဆီကနေ သင်ခန်းစာ ပြန်ယူတယ်၊ ကိုယ့်ရဲ့ အမှားဆီကနေရော၊ သူတစ်ပါးရဲ့ အမှားဆီကရောပေါ့ . . ."

"သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အချစ်ဆိုတဲ့ အရာက ဘယ်နှရာခိုင်နှုန်းလောက် အရေးပါသလဲ အိန်ဂျယ်လ်"

"ရှင်က ကျွန်မမှာ ချစ်သူရှိသလားလို့ သွယ်ဝိုက်ပြီး မေးနေ



www.burmeseclassic.com

www.burmeseclassic.com

တာ ဆိုပါတော့လေ၊ အချစ်ဆိုတဲ့အရာဟာ လူတိုင်းကြိုက်တဲ့ လိုချင်မက်မောကြတဲ့ ရတနာတစ်ခုပါ၊ ကျွန်မအတွက်တော့ ၅၀%လောက် အရေးပါတယ်လို့ ပြောရမှာပေါ့"

"အချစ်နဲ့ တွေ့ပြီလား အိန်ဂျယ်လ် . . ."

ထိုမေးခွန်းကို သူ စိတ်လှုပ်ရှားစွာဖြင့် မေးဖြစ်ပါသည်။ အင်တာဗျူးဆိုပေမယ့် သူသိချင်တာတွေချည်းပဲ မေးဖို့ သူ ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

"အမှန်အတိုင်း ပြောရရင် အချစ်တွေ အများကြီးနဲ့ တွေ့ဖူးတယ်၊ သူတို့က လာချစ်ကြတာနော်၊ ကျွန်မက သွားချစ်တာ မဟုတ်ဘူး၊ ဟား ဟား . . . ဒါပေမယ့် ကျွန်မအတွက် သိပ်လှတဲ့ အချစ်တစ်ခုတော့ လိုချင်တယ်"

ထိုအဖြေကို ဖြေပြီးနောက် သူမက အားပါးတရ ပြုံးပါသည်။ သူ့ရင်ထဲ တထိတ်ထိတ် ဖြစ်လာသည်။ သူမ ဖြေပုံက သိပ်ပါးနပ်သည်။ သူမမှာ တရားဝင် ချစ်သူရယ်လို့ မရှိသေးပါဘူးဆိုတာကို မသိမသာ ဖြေပြသွားတာပါ။

"အိန်ဂျယ်လ် အခု မိသားစုနဲ့ အတူ မနေရဘူးနော်၊ နိုင်ငံခြားမှာ မော်ဒယ်လ်လုပ်နေတာဆိုတော့ မြန်မာပြည်ကို တစ်နှစ် ဘယ်နှကြိမ် ပြန်လာဖြစ်သလဲ"

တကယ်တော့ အဲဒီအဖြေကို သူ သိထားပြီးသား၊





ပို့သေချာအောင် ထပ်မေးခဲ့ခြင်း ဖြစ်သည်။

"ကျွန်မ တစ်နှစ်တစ်ခေါက်တော့ ပြန်လာပါတယ်၊ လာရင် တစ်လလောက်တော့ အေးဆေးနေတယ်၊ ဖေဖေလည်း စက်ရုံမှာ အလုပ် မလုပ်တော့ဘူး၊ မြန်မာပြည်မှာပဲ သူ့ကိုယ်ပိုင် စီးပွားတစ်ခု လုပ်နေတယ်ဆိုတော့ မေမေလည်း ဖေဖေနဲ့ လာနေလိုက်၊ ကျွန်မဆီ လာလိုက်နဲ့ပေါ့၊ ပြီးတော့ . . . အဘိုး အဘွားတွေလည်း ရှိသေးတယ်လေ"

"ဘယ်အချိန်လောက် ပုံမှန် ပြန်လာတတ်လဲဟင် . . ."

"ကျွန်မလား . . ဒီဇင်ဘာ ဇန်နဝါရီဆို ပြန်လာနေကျ"

"မြန်မာပြည်မှာရော အနုပညာအလုပ်တွေ မလုပ်တော့ဘူးလား အိန်ဂျယ်လ်"

"ကျွန်မ ပြန်လာတဲ့အချိန်တိုင်း ဒီမှာ ရသလောက် လုပ်ပါတယ်ရှင်၊ ကဲ . . . ရှင့်မေးခွန်းတွေက မကုန်သေးဘူးလား၊ တစ်နာရီ ပြည့်ပြီရှင့် . . ."

သူမက ကလေးတစ်ယောက် ဂျစ်တိုက်သလို ပုံစံမျိုးဖြင့် ပြောလိုက်သောအခါ သူ ချက်ချင်းပဲ တိခနဲ ရပ်ပေးလိုက်ပါသည်။ နောက်ထပ် မေးစရာတွေတော့ အများကြီးပဲ ရှိသေးတာပေါ့။ သို့ပေမယ့်လည်း သူ ကျေနပ်ပါသည်။ သူမမှာ ချစ်သူရယ်လို့ တရားဝင်မရှိသေးဘူးဆိုတာကပင် သူ့အတွက် အနိုင်းမဲ့ အဖိုးတန်

www.burmeseclassic.com

နေပြီ။ နောက်တစ်ကြိမ် ဆုံခွင့်ရဖို့ သူ ဘယ်လို ကြိုးစားရမလဲ။ ဒီတစ်ခါတော့ သူ ရိုးသားပွင့်လင်းစွာပဲ ခွင့်တောင်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"ရှင်ပြန်လို့ရပြီနော် . . ."

"ကျွန်တော် အိန်ဂျယ်လ့်ဆီက တစ်ခု တောင်းချင်လို့"

"ဘာလဲ . . . အကြွေးလား"

သူမက ရွှတ်နောက်နောက်ပြောနေဆဲ။

"မဟုတ်ပါဘူးဗျာ . . . အိန်ဂျယ်လ်နဲ့ ကော်ဖီအတူတူ သောက်ခွင့်ပါ"

"မပေးနိုင်ဘူးဆိုရင်ကော . . ."

သူမက ပြုံးပြုံးကလေး ပြောနေခြင်း ဖြစ်ပေမယ့် သူမကို ဘယ်လိုမှ ခန့်မှန်းလို့မရတာမို့ သူ ထိတ်ခနဲ ဖြစ်သွားမိသည်။

"ပေးတဲ့အထိ ကျွန်တော် ကြိုးစားရမှာပေ့ါ"

"အမလေး . . . အဲဒါကို စိတ်ပျက်တာပါ။ ကျွန်မရဲ့ နောက်ကနေ psycho တစ်ယောက်လို တကောက်ကောက် လျှောက်လိုက်နေတာကိုပဲ ရှင် စွန့်လွှတ်လိုက်ပါ။ ကျွန်မ ရှင်နဲ့အတူ ကော်ဖီဆိုင်မှာ ကော်ဖီလိုက်သောက်မယ်၊ ဘယ်လိုလဲ . . ."





သူ့မျက်နှာ ရှိန်းခနဲ ပူသွားခဲ့သည်။

"ကျွန်တော် အိန်ဂျယ်လ့်နောက်ကနေ တကောက်ကောက် လိုက်ကြည့်နေတာ၊ အိန်ဂျယ် သိတယ်ပေ့ါ၊ ဟုတ်လား . . ."

"မသိဘဲ နေပါ့မလားရှင် . . . ကျွန်မ အဲဒီလောက် မတုံး သေးပါဘူး"

"အိုကေ . . . ကျွန်တော် ကတိပေးတယ်၊ နောက်ကနေ တကောက်ကောက် မလိုက်တော့ဘူးလေ၊ ကော်ဖီဆိုင်မှာ အတူတူထိုင်ပြီး စကားပြောချင်တယ်"

"အင်း . . . မနက်ဖြန်ပေ့ါ၊ ကျွန်မက နေ့လည် နှစ်နာရီလောက်ဆို ကော်ဖီသောက်တတ်တယ်၊ အဲဒီအချိန် ချိန်းတာပေ့ါ၊ ဆိုင်ကို ရှင်ပဲ ရွေးပါ"

"Fuji Coffee House မှာ ကော်ဖီကောင်းတယ်ဗျ"

"OK . . . အဲဒီမှာ ဆုံကြတာပေ့ါရှင်"

သူ အရမ်း ပျော်သွားပါသည်။ သူ့အတွက် ခက်ခဲလိမ့်မည်ဟု ထင်ထားသော အခွင့်အရေးတစ်ခုကို သူမဆီကနေ လွယ်လွယ်ကူကူနှင့် ရလိုက်သောကြောင့် ဖြစ်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# ငါ့ရဲ့ လမင်း ဘယ်သူ ဝှက်ထား သလဲ

ချိန်းထားသည့် အချိန်အတိုင်း ကွက်တိပင် သူမ ရောက်လာခဲ့ပါသည်။ လီနင်သား ကာကီရောင် လက်ပြတ် ခါးတိုအကျီကလေးနှင့် လီနင်သား ဘောင်းဘီအဖြူ ပွပွရရ ကလေးကို တွဲဖက်ဝတ်ထားပုံက လွတ်လပ်ပေါ့ပါးစွာ။ မျက်မှန် က ထုံးစံအတိုင်း ယောကျ်ားတွေ တပ်သော ဘဲဥပုံစံ အကြီးစား။ ရွှေရောင်ကိုင်းနှင့် အညိုဖျော့ဖျော့မှန်သား . . .။ သူမ ပုံစံ အတိုင်း တွေ့လိုက်လျှင် အဲဒါ Somebody ပဲ ဟု သိသာစေလောက်အောင် ထူးခြားထင်းလင်းသည့် အရှိန်အဝါတစ်မျိုးဖြင့် လင်းဖြာနေသည်။ မျက်နှာကလေး တစ်ခုလုံး ကြည်လင်ရွှန်းစိုလျက် တစ်နေကုန် ထိုင်ငေးကြည့်နေချင်စရာ အလှ နတ်ဖုရားမ,ကလေးသဖွယ်။









သူမနှင့် ဆုံခွင့်ရတိုင်း သူ့ရင်တစ်ခုလုံး နွေးအုံ့လိုက်ဖို့ကာ အာရုံတွေလည်း ရီဝေလှိုက်မောလာတတ်တာ ထူးဆန်းပါသည်။

"အိန်ဂျယ်လ် . . . ဘာသောက်မလဲဟင်"

"ကျွန်မလား . . . ကော်ဖီတော့ သောက်ချင်တယ်၊ ဒါပေမယ့် ဘယ်တော့မှ မသောက်ဖြစ်ပါဘူး၊ ခရမ်းချဉ်သီးဖျော်ရည်ပဲ သောက်တော့မယ်"

အဲဒီ စကားမျိုးကိုလည်း သူ ကြားထားဖူးသား။ သောက်ချင်တာကို ထိန်းချုပ်နိုင်ပြီး၊ သောက်သင့်တာကို သောက်တတ်တာလည်း သူမရဲ့ အကျင့်ပဲလား မသိ။ သူမအတွက် ခရမ်းချဉ်သီးဖျော်ရည်၊ သူ့အတွက် ကော်ဖီမှာပြီး သူ စကားစ,ဖို့ စဉ်းစားသည်။ ဘယ်က စ,ရမှန်း မသိ။ သူမကိုပဲ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုးဖြင့် အရိပ်ကြည့်နေမိသည်။ သူ ပြောဖို့ပြင်လိုက်စဉ်မှာ သူမကလည်း တစ်ခုခုပြောဖို့ နှုတ်ခမ်းကလေး ဟ,လာပြီးမှ နှစ်ယောက်စလုံး ရယ်မောလိုက်မိကာ . . .

"အိန်ဂျယ်လ် အရင်ပြောပါ . . ."

"ပြောပါ . . . ရှင်အရင်ပြော"

"ကျွန်တော် ရင်တွေခုန်နေလို့ ဘာပြောရမှန်းမသိသေးဘူး အိန်ဂျယ်လ်၊ အိန်ဂျယ်လ် ဘာပြောမလို့လဲ . . ပြောလေ"

"သြော် . . . ရှင့်နာမည်ရင်းကလည်း မှော်ပဲလား၊ . . .





www.burmeseclassic.com

www.burmeseclassic.com

မေးမလို့ပါ"

"ဗျာ . . ."

သူ အံ့လည်း အံ့ဩကာ ကြောင်သွားသည်။ မှတ်မှတ်ရရ သူ့ကိုယ်သူ မေ့ဒ်ပါ . . . ဟု နာမည်ပြောပြီး မိတ်မဆက်ရသေးတာ သေချာပါသည်။

"ကျွန်တော့်နာမည် မေ့ဒ်ပါ အိန်ဂျယ်လ်၊ ကျွန်တော် မပြောရသေးဘူး ထင်ပါတယ်၊ အိန်ဂျယ်လ် ဘယ်လိုလုပ် သိလဲဟင်"

"ဩော် . . . ရှင့်ကို မြန်မာပြည်မှာ အောင်မြင်နေတဲ့ အဆိုတော် မော်မှန်း ကျွန်မ မသိဘဲ နေပါ့မလား၊ ရှင့်ကို မသိရင် ကျွန်မ ညံ့ရာကျသွားမှာပေါ့။ ဟိုမှာ နေပေမယ့် မြန်မာပြည်က သတင်းတွေအကုန် အင်တာနက်ကနေ ကြည့်နေကျပါ။ ရှင် ကျွန်မနောက်ကနေ ရှဲဒိုးလို တကောက်ကောက် လိုက်ကြည့်နေကတည်းက ရှင်မှန်း သိပြီးသားရှင့်၊ ရှင့်ကိုယ်ရှင် လုံခြုံလှပြီ ထင်နေတယ် ပေါ့လေ . . . ဟုတ်လား . . ."

သူမ ပြောပုံဟန်ကလေးက တရင်းတနှီး၊ ပြီးတော့ ချစ်စနိုး ကျီစယ်ဟန်ကလေး စွက်လို့။ သူ ရှက်ရှက်နှင့် ရယ်မိကာ နဖူးကို လက်သီးနှင့် ပြန်ထိုးလိုက်မိသည်။





"သွားပါပြီဗျာ . . . ကျွန်တော် ရှက်လိုက်တာ၊ ဒါဆို Glamour မဂ္ဂဇင်းက ဓာတ်ပုံဆရာဆိုပြီး ဓာတ်ပုံလာရိုက်မိတာ၊ အင်တာဗျူးတွေရော"

"ဟား ဟား . . . အဲဒါကိုလည်း လာညာနေမှန်း သိသိကြီးနဲ့ သနားလို့ ပေးစားလိုက်တာလေ၊ ရှင့်ကိုယ်ရှင် ပိရိလှပြီထင်ပေမယ့် မပိရိဘူးရှင့်၊ ကျွန်မက နပ်ပြီးသား၊ ထားလိုက်ပါတော့လေ၊ ဒါပေမယ့် . . . ရှင် ချဉ်းကပ်လာတဲ့ ပုံစံကလေးက အဆိပ်မဲ့ပြီးသားပါ၊ ရှင့် မျက်နှာမှာ ရိုးသားစွာ ပေါ်နေခဲ့တာပဲ၊ ရှင့်မှာ ကောက်ကျစ်လှည့်ဖျားချင်တဲ့ အကြံညာဏ်မျိုး မပါဘူး၊ ကျွန်မနဲ့ ခင်မင်ရင်းနှီးချင်လို့ ချဉ်းကပ်လာတယ်ဆိုတာ ကျွန်မ ရိပ်မိနေတာပဲ၊ အဲဒီတော့ ကျွန်မ အပြစ်မမြင်ဘူးလေ၊ နိုင်ငံခြားက ပါပါရာဇီတွေကမှ အရမ်း ကြောက်ဖို့ကောင်းတာ၊ celebrity တစ်ယောက်ရဲ့ သတင်းကို ရဖို့အတွက် သူတပါးရဲ့ လွတ်လပ်ခွင့်၊ ပျော်ရွှင်မှုဘဝ၊ နာမည်၊ ဂုဏ်သိက္ခာ . . . အဲဒါတွေကို ခြေမွဖျက်ဆီးပစ်လိုက်ဖို့လည်း ဝန်မလေးဘူး၊ အဆိပ်ပြင်းတယ် ခေါ်မှာပေါ့"

"ကျွန်တော် အဆိပ်မဲ့ကြောင်း ဝန်ခံပါတယ်ဗျာ၊ လိုအပ်သလို အသုံးပြုနိုင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို အသုံးပြုရမှာလဲ"

"သူငယ်ချင်းတစ်ယောက်လိုပဲ ဖြစ်ဖြစ်၊ ရင်ဖွင့်ဖော်၊ တိုင်ပင်ဖော်၊ မျှဝေခံစားဖော် ပန်းတစ်ဘက်လိုပဲ ဖြစ်ဖြစ်၊ ပျင်းတဲ့အခါ သီချင်းနားထောင်ချင်ရင် i pod ကလေးလိုပဲ ဖြစ်ဖြစ်"

"ကြားရတာ စိတ်ဝင်စားစရာပဲနော် ... ဒီလောက် services တွေများတဲ့ ဝန်ဆောင်မှုမျိုး တစ်ခါမှ မကြုံဖူးသေးပေါင်၊ ဝန်ဆောင်ခက ဈေးကြီးမှာပေါ့နော်၊ ကဲ ... ပြောပါဦး၊ ဘယ်လောက် သတ်မှတ်ထားသလဲ"

"ဈေးမကြီးပါဘူးဗျာ၊ တစ်နေ့ကို အပြုံးကလေး တစ်ပွင့် ဆိုရပါပြီ"

"အို ... အပြုံးကလေး တစ်ပွင့်တဲ့လား၊ လောဘနည်းလိုက်တာနော်"

"ကျွန်တော့်ကို တစ်ခုပဲ ပြောပြပါလား အိန်ဂျယ်လ်"

"ဘာများလဲရှင် ..."

"အိန်ဂျယ်လ်ဝတ်တဲ့ ဖိနပ်ကလေးတွေရဲ့ size"

"ဟောတော့ ... ရှင် သိချင်တာကလည်း အဆန်းပါလား၊ European 38"

"အိန်ဂျယ်လ် ဘယ်တော့လောက် စင်္ကာပူပြန်မှာလဲဟင်"

"အင်း ... နောက်နှစ်ပတ်ကျော်လောက်တော့ နေဦးမှာပါ၊ မော့်က ဘာဖြစ်လို့ မေးတာလဲ"

"ဪ ... ဒီလိုပါပဲ၊ ကျွန်တော်ရဲ့ အိပ်မက်ကလေးကို ဘယ်လောက်ကြာကြာ မက်ခွင့်ရှိမလဲလို့ တွက်ကြည့်နေတာပါ"

"အိပ်မက်ကို ကိုယ်မက်ချင်တဲ့ အတိုင်းရော မက်လို့ ရရဲ့လားရှင်"

သူမက တစ်ခါတစ်ရံမှာ စကားဆုံးတိုင်း 'ရှင်' ဆိုတာလေးနှင့် အဆုံးသတ်တတ်တာကို သူ ဘယ်လို သဘောကျမှန်း မသိပါ။

"မက်ချင်တဲ့အတိုင်းတော့ မက်ခွင့်မရဘူးပေါ့ အိန်ဂျယ်၊ ဒါပေမယ့် တစ်ခါမက်ဖူးတဲ့ အိပ်မက်ကိုတော့ အကြိမ်ကြိမ် ပြန်မှတ်မိ တမ်းတနေခွင့်တော့ ရှိပါတယ်"

သူမက သဘောကျစွာ ရယ်မောပါလေသည်။

"ရှင်ဟာလေ စကားကိုတတ်တယ် ..."

"အိန်ဂျယ်လ် g-mail ပဲ သုံးတာလားဟင်၊ ကျွန်တော်တို့ on line မှာ တွေ့လို့ရတယ်လေ"

"အင်း ... angelmay @gmail.com ဆို ရပါတယ် ... ကဲ ... ရှင် ဘာသိချင်သေးလဲ"

"ကျွန်တော်စင်္ကာပူကိုလာလည်လို့ရမလား အိန်ဂျယ်လ်"



www.burmeseclassic.com

www.burmeseclassic.com


"ရတာပေါ့ရှင် . . . ကျွန်မ,က မလာနဲ့လို့ တားလို့ရော ရှင်က နေမှာမို့လို့လား၊ ကျွန်မရဲ့ စက်ဘ်ပူလိပ်စာ ပေးထားပါ့မယ်၊ အချိန်မရွေး လာလည်လို့ ရပါတယ်"

သူ ကလေးတစ်ယောက်လို ကျေနပ်စွာ ပြုံးမိသည်။

"ကဲ . . . ဒီတစ်ခါ ရှင့်အကြောင်း ပြောပြ . . ."

"အိန်ဂျယ်လ် ဘာအကြောင်း သိချင်တာလဲ၊ ကျွန်တော့် အကြောင်းက ဘာမှ သိပ်မထူးဆန်းပါဘူး၊ E-major နဲ့ ကျောင်းပြီးတယ်၊ သီချင်းတွေ ရေးတယ်၊ သီချင်းတွေ ဆိုတယ်၊ ကောင်မလေးတွေ ခိုက်ကြတယ်၊ ဟား ဟား အလကား နောက်တာပါဗျာ၊ ကျွန်တော်ရဲ့ မိန်းကလေး မူပိုင် မရှိသေးပါဘူး"

"အဲဒီလို ပေါ်တင်ကြီး ကြော်ငြာမဝင်နဲ့လေ၊ ရှင် နာမည်ကြီးတာ ကျွန်မ သိသားပဲ"

သူနှင့် သူမကြားမှာ နွေးထွေးသော ဆက်ဆံမှု တစ်မျိုး ဆက်သွယ်စီးဆင်းလာသလို သူ ခံစားရပါသည်။

"ကဲ . . . ကျွန်မ ပြန်တော့မယ်"

သူမက ခရမ်းချဉ်သီးဖျော်ရည်ကို လက်စသတ်လိုက်ပြီး ပြန်ဖို့ပြင်တော့ သူပါ ပျာပျာသလဲ ထရပ်မိကာ . . .

"မနက်ဖြန် ကျွန်တော့်ရှိုးတစ်ပွဲ မြရိပ်ညိုမှာ ရှိတယ်၊ အိန်ဂျယ်လ် လာကြည့်မလားဟင်"

"အို . . . သိပ်ကြည့်တာပေါ့၊ ကျွန်မက စတေ့ရှိုးတွေဆို သိပ်ကြိုက်"

သူက သူမ ငြင်းမယ်ထင်ထားခဲ့တာ။ ချက်ချင်း သဘောတူလိုက်သဖြင့် အဆင်သင့် လိုလိုမယ်မယ် အိတ်ထဲ ထည့်ဆောင်လာခဲ့မိသော VIP လက်မှတ်နှစ်စောင်ကို ဝမ်းသာအားရ ပေးလိုက်သည်။

"VIP ဆိုတော့ ရှေ့ဆုံးက ကြည့်ရမှာပေါ့လေ၊ ဝမ်းသာပါတယ်ရှင်၊ ကဲ . . . မနက်ဖြန် တွေ့ကြတာပေါ့နော်၊ ရှင် မဆိုးဘူး၊ ကျွန်မကို ဘာနဲ့ ဆွဲဆောင်ရမယ်ဆိုတာကို သိတယ်"

သူမက ပြုံး၍ ပြောလည်းပြော၊ လက်လည်းပြ နှုတ်ဆက်ကာ ဆိုင်ထဲကနေ ပြန်ထွက်သွားခဲ့သည်။ ပထမတော့ သူမ နောက်ကနေ သူ လိုက်မလို့ပါပဲ။ နောက်တော့ သူမက အဲဒါကို စိတ်ပျက်မှန်း သူ သိခဲ့ပြီးကတည်းက သူမ နောက် လျှောက်လိုက်ခြင်း အစီအစဉ်ကို သူ ဖျက်သိမ်းခဲ့ပြီးသား ဖြစ်သည်။ သူ့ကြောင့် သူမဆီမှာ ဆံချည်တမျှင်စာမျှ စိတ်အနှောင့်အယှက် ဖြစ်ရခြင်းမျိုး မရှိစေချင်ပါ။

❤ ❤ ❤


www.burmeseclassic.com

www.burmeseclassic.com

# ငါ့ရဲ့ လမင်း ဘယ်သူ ဝှက်ထား သလဲ

လူတွေအားလုံး အကဲခတ်စောင့်ကြည့်နေမှန်း သိသိကြီးနှင့်ပင် သူ စွန့်စားခဲ့သည်။ သူ ဆိုဖို့ အလှည့်မရောက်သေးခင်မှာ ရှေ့ဆုံးမှာ ရောက်နေပြီဖြစ်သော သူမရှိရာဆီသို့ လှစ်ခနဲ ရောက်လာခဲ့ခြင်းဖြစ်သည်။ သူမက အနက်ရောင် လည်သာဂျာကင် ခါးတိုကလေးနှင့် ဂျင်း(န်)ပဲန်နက်စိုစို တွဲဝတ်ထားသည်။ သူ့လက်ထဲမှာ သူမအတွက် ဝယ်ထားခဲ့သော ဖိနပ်လှလှ ဆန်းဆန်းကလေးတစ်ရန်ကို ဒီအတိုင်း ဖဲကြိုးကလေးစည်းထားကာ ကိုင်လာခဲ့သည်။ လည်သာ tan ရောင် ဒေါက်မြင့်မြင့် ကြိုးသိုင်းကလေး။ ခြေဖမိုးမှာ ကြိုးတွေ ယှက်သိုင်းထားပုံက ပင့်ကူအိမ်ကလေးသဖွယ်။





"ကျွန်တော့်ကို ဖိနပ်ကလေးတစ်ရန်လို စီးသွားမယ်ဆိုရင်တောင် ကျွန်တော် ကျေနပ်တယ်ဆိုတဲ့ သဘောပါ။ ကျွန်တော် ဒီနေ့ကစပြီး အိန်ဂျယ်လ်နဲ့တွေ့တိုင်း ဖိနပ်ကလေးတစ်ရန် လက်ဆောင်ပေးသွားဖို့ စိတ်ကူးထားတယ်၊ ကျွန်တော်တို့ တွေ့ဖြစ်ကြတဲ့ ရက်တွေကို ရေချင်ရင် ဖိနပ်ကလေးတွေနဲ့ ရေလို့ရအောင်လေ"

သူက နူးနူးညံ့ညံ့ကလေး ပြောလိုက်သည်။ သူမက ပြုံးနေပါသည်။ ပြီးတော့ ချက်ချင်းပဲ သူမ စီးလာသော လည်သာရှူးအနက် ဒေါက်ချွန်ကလေးကို ချွတ်လိုက်ကာ သူ့ဖိနပ်ကလေးကို ချက်ချင်း ပြောင်းစီးလိုက်သည်။

"ကျွန်မက ဖိနပ်တွေကို ချစ်တယ်၊ ဖိနပ်တွေကို ဘီရိုတွေနဲ့ စုထားရတာ၊ ကောင်းပြီ . . . ၊ ဒီနေ့ကစပြီး ရှင့်ဖိနပ်တွေကို ကျွန်မစ,စုတာပေါ့ရှင်"

တဲ့။ သူမ၏ ပြောပုံကလေးက လိုက်လိုက်လျောလျော။ သူ့ကို ငေးကြည့်နေသော သူမ၏ မျက်ဝန်းတွေက ညို့ရီလျက်။ သူမကိုလည်း လူတွေက သိထားပြီးသား။ သူမကို သူ အသည်းအသန် ကြွေနေမှန်း . . . ထိုပွဲကနေစတင်ပြီး လူသိရှင်ကြားဖြစ်သွားရခြင်း ဖြစ်သည်။ သူကိုယ်တိုင် သူမအတွက် စပ်ဆိုထားသော "ငါ့ရဲ့လမင်း" ဆိုသောသီချင်းကလေးကို သူ စတင်၍ မိတ်ဆက်ဆိုပေးခဲ့သည်။ သူ့အသံက ဩရှရှ ချိုချိုနှင့် အဆွဲအငင်



www.burmeseclassic.com

www.burmeseclassic.com

တွေကောင်းသည်။ ငါ့ရဲ့လမင်းသီချင်းကို အသံအား ကောင်းကောင်းနှင့် ညို့မြူသလို သူဆိုသွားခဲ့ကာ . . . ပရိသတ်၏ နှလုံးသားကို သိမ်းကျုံးဆွဲငင်နိုင်ခဲ့သည်။ သူမကို မျက်နှာကလေးကြည့်ပြီး ဆိုခွင့်ရသည့်အတွက် သူ ပို၍ ဈာန်ဝင်ကာ မုဒိတာအပြည့်ခံစားလို့ရသည်။ သူမ ကိုယ်တိုင်ရော၊ ပရိသတ်တွေကပါ ချက်ဆို နားခွက်ကနေ မီးတောက်ကြသည်။

"ကောင်းကင်မှာ လမင်းအမြဲမသာနိုင်ဘူး ဆိုပေမယ့် လမင်းရှိရာဆီ ငါ မော်ဖူးဖို့ အပြေးလိုက်ခဲ့မှာ၊ ငါ့ကို ရှူးပြီလို့ စွပ်စွဲစမ်းပါ၊ ငါ ရိုးသားစွာပဲ ရူးလိုက်တော့မယ် လမင်းရယ်၊ ငါ့ရင်ခွင်ထဲ အမြဲသာနေပေးပါ . . . လမိုက်ညတွေ ငါမလိုချင်၊ အတွေးနဲ့တောင် ငါ ရင်နင့်ချင်"

ဟု လိုက်မောစွာသီဆိုရင်း သူမထံမှာ သူ ဘယ် လောက်တောင်ပျော်ဝင်ကျဆုံးသွားခဲ့မိမှန်း သူ ကျေကျေနပ် နပ်ပင် သိခွင့်ရလိုက်သည်။ ချစ်ခြင်းဆိုသောဝေဒနာကို သူ့ရင် တစ်ခုလုံး ပြည့်မောက်လျှံကျတဲ့အထိ အစွမ်းကုန် သူ ခံစားဖူး ကြည့်ချင်သည်။ သူ့နှလုံးသားက ချစ်နိုင်သ၍ စွမ်းအင်အကုန် သုံးပြီး သူမကို အစွမ်းကုန် ချစ်ပစ်လိုက်ချင်သည်။ အရမ်းချစ်မိရင် . . . ရူးတတ်တယ်ဆိုရင်တောင် သူ ကျေနပ်စွာပဲ ရူး ချင်ပါသည်။

❤❤❤





သူမတို့ခြံထဲမှာ ကံ့ကော်ပင်ကြီးတစ်ပင်ရှိသည်။ အဲဒီအပင်ကြီးက သူမ၏ အခန်းလသာဆောင်နားမှာ အကိုင်းအခက်တွေဖြာဝေစွာရှိသည်။ သူက ခြံစောင့်နှင့် ပေါင်းထားပြီးသားမို့ ကြည်စေအေးစေပဲဖြစ်သည်။ ကားကို ခြံဝမှာ ရပ်ထားခဲ့ကာ သူ ကံ့ကော်ပင်ပေါ်သို့တက်သည်။ လက်ထဲမှာ mobile တစ်လုံးနှင့်။ မြရိပ်ညိုပွဲပြီး နောက်တစ်ရက်မှာ သူမနှင့်မဆုံဖြစ်။ မနက်ပိုင်း သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားခဲ့တာကြောင့်လည်း ဖြစ်သည်။ အိပ်ရာကနိုးတော့ သူ အကြံပေါ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com


သူမဆီ e-mail လှမ်းရိုက်ပြီး သူမ၏ mobile နံပါတ် လှမ်းတောင်းလိုက်သည်။ သူကလည်း အနုပညာသမားပီပီ သူမကို အသစ်အဆန်းကလေးတွေပဲ ကျွေးချင်စိတ်ရှိတာကြောင့် ဒီစိတ်ကူးကို အကောင်အထည်ဖော်ခဲ့ခြင်းလည်းဖြစ်သည်။ ပထမ အစီအစဉ်ကတော့ ကားပေါ်ကနေပဲ ဖုန်းပြောဖို့ပါ။ ဒါပေမယ့် သူမ အခန်းရှေ့မှာ ကံ့ကော်ပင်ကြီးတစ်ပင် ရှိတာကို အင်တာဗျူးလုပ်တဲ့နေ့ကတည်းက သူ သတိထားမိခဲ့ခြင်းဖြစ်သည်။

သူက သစ်ပင်တက်တာ ကျွမ်းပြီးသား။ ကံ့ကော်ကိုင်းတစ်ခုပေါ်မှာ အကျအနထိုင်လို့ရပြီဆိုမှ သူမဆီ ဖုန်းခေါ်လိုက်သည်။ သူမ အခန်းကို တည့်တည့် သူ မြင်နေရပြီ။ သူမကိုသာ မတွေ့သေးတာ။

"ဟယ်လို . . ."

"အိန်ဂျယ်လ် . . . ကျွန်တော်ပါ၊ အိန်ဂျယ်လ် ဘာလုပ်နေလဲ"

"ကျွန်မ အိပ်တော့မလို့လေ၊ မနေ့ညက ရှင့်ပွဲကို အားပေးထားရတာ အိပ်ရေးပျက်ထားလို့ ဒီည စောစော အိပ်မလို့"

"မအိပ်ပါနဲ့ဦး အိန်ဂျယ်လ်ရယ်၊ ကျွန်တော်နဲ့ စကား နည်းနည်းပြောပေးပါ၊ အိန်ဂျယ်လ် . . . လသာဆောင်ကလေးဆီ ထွက်ခဲ့ပေးပါလား"

"ဩော် . . . ရှင်က ကျွန်မကို မြင်ရတာကိုး၊ ကောင်းပါပြီရှင် . . . ကဲ . . . ထွက်ခဲ့ပြီ ကျွန်မ လသာဆောင်မှာ ရောက်နေပြီ၊ ဟော . . . ရှင့်ကားမှလား ခြံရှေ့မှာ ရပ်ထားတာ၊ ရှင် ခြံရှေ့ရောက်နေတာကိုး၊ မြင်ရလား ကျွန်မကို"

"မြင်ရတာပေါ့ အိန်ဂျယ်လ် . . . လှလိုက်တာ အိန်ဂျယ်လ်ရယ်၊ ကျွန်တော်တော့ ရင်တွေခုန်ပြီး ပြုတ်ကျတော့မယ်"

"ပြုတ်ကျတော့လည်း ပြန်ကောက်လိုက်ပေါ့ရှင် . . . ဟယ်တော့ . . . ကြည့်စမ်း ရှင်က ကံ့ကော်ပင်ပေါ်မှာ ကိုး၊ အိုး . . . ရှင် တော်တော် အတင့်ရဲပါလားဟင်၊ ခြံစောင့် မသိဘူးလား"

သူမက သူ့ကို မြင်သွားကာ အံ့ဩသွားဟန်ကလေးဖြင့် ရယ်ရွှင်သွားလေသည်။ သူ တကယ်ပဲ ရင်တွေ ခုန်လာသည်။ သူမ၏ အလှက တကယ့် ကပိုကရိုကလေး။ ဆံနွယ်တွေက ကျောလည်မှာ လွတ်လပ်စွာ လွင့်မျောလို့။ ညအိပ်ဝတ်ဂါဝန်ကလေးက ကြိုးတစ်ချောင်း ပိုးဂါဝန်ပျော့ပျော့အိအိကလေး။ မျက်နှာကလေးက လမင်းတစ်စင်းလို ဝင်းပဖူးအိနေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်နဲ့ အပေးအယူလုပ်ထားတာပေါ့ အိန်ဂျယ်လ်ရယ်၊ အဲဒါက အရေးမကြီးပါဘူး၊ ကျွန်တော်က လမင်းရှိရာဆီ မော်ဖူးဖို့ အပြေးလိုက်ခဲ့မယ့်သူပါ . . ."

"ပြောတော့ ပြောတော့ . . . ရှင်က သီချင်းတောင် ရေးနေမှတော့ စကားတတ်တာလည်း မထူးဆန်းတော့ပါဘူး၊ ထူးထူးဆန်းဆန်းရှင် . . . ဖုန်းဆက်တာများ သူများအိမ်ရှေ့က ကံကော်ပင်ထိ လာတက်ပြီး ပြောရသတဲ့၊ ရှင့်ကိုယ်ရှင် ရိုမီယိုများ မှတ်နေသလားဟင်"

"အာ . . . ကျွန်တော် ရိုမီယို မဖြစ်ချင်ပါဘူး၊ ကျွန်တော် ချစ်တဲ့သူနဲ့ ပေါင်းပဲ ပေါင်းချင်တာ၊ သေကွဲ မကွဲချင်ဘူး၊ အဲဒီ ရိုမီယိုက တကယ်တုံးတာ၊ ခဏလေးသာ စောင့်လိုက်ရင် ဂျူးလိယက်နိုးလာမယ့်ဥစ္စာကို၊ ကျွန်တော်သာဆိုရင်တော့ စောင့်မှာ"

"အို . . . ရှင်က ဘာဖြစ်မယ်ဆိုတာကို ကြိုသိထားတာကိုး ရှင့်၊ တကယ့်ဘဝထဲမှာ ကြိုမမြင်နိုင်တဲ့ အပြောင်းအလဲတွေ လှည့်ကွက်ကလေးတွေ ရှိတယ် ထင်တယ်လေ၊ ရှင်က စောင့်တိုင်း ဆုံရလိမ့်မယ်လို့ တရားသေတွက်ထားမလို့လား"





သူမက လသာဆောင် လက်ရန်းပေါ်မှာ တံတောင်ဆစ်ကလေး ထောက်ထားရင်း သူ့ဆီ လှမ်းကြည့်ကာ ညှို့ပြုံးကလေးနှင့် ပြောနေခြင်းဖြစ်သည်။

"ကျွန်တော်က မစောင့်ပါဘူး၊ ကျွန်တော်က လိုချင်တာကို ရအောင်ယူမှာပေါ့ . . ."

"မရနိုင်ဘူးဆိုရင်ကော . . ."

"ဘာဖြစ်လို့ မရနိုင်ရမှာလဲ . . . ညှိယူမှာပေါ့၊ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေ ဖြစ်နိုင်လာအောင် ကျွန်တော် ကြိုးစားပြီး ညှိမှာပေါ့"

"ထားလိုက်ပါတော့လေ . . . အဲ . . . ရှင် သတိလည်း ထားဦးနော်၊ ပြုတ်ကျနေဦးမယ်၊ ကဲ . . . ရှင်ပြန်တော့လေ၊ ကျွန်မ အိပ်တော့မယ်"

"မနက်ဖြန် ကျွန်တော် အိန်ဂျယ်လ့်ကို တွေ့ချင်တယ်ဗျာ၊ ဘယ်မှာ လာတွေ့ရမလဲဟင်"

"ဘာလုပ်ဖို့ တွေ့ချင်ရတာလဲ . . ."

"နှစ်ပတ်ဆိုတဲ့အချိန်တွေက တစ်ရက်ပြီးတစ်ရက် လျော့လျော့သွားတာလေ အိန်ဂျယ်လ်၊ အိန်ဂျယ်လ် ပြန်သွားပြီးရင် တစ်နှစ်လုံးလုံး ကျွန်တော် စောင့်ရတော့မှာ၊ တွေ့ချင့်


www.burmeseclassic.com

www.burmeseclassic.com



ရသမျှ အချိန်ကလေးတွေကို ကျွန်တော် အရမ်း မက်မောပါကယ်၊ တန်ဖိုးထားပါတယ်၊ ကျွန်တော့်အတွက် ပျော်စရာကောင်းတဲ့ moments ကလေးတွေကို ရနိုင်သ၍ ကျွန်တော်စုစုထားချင်တယ်၊ ခံစားခွင့်ရသ၍ ကျွန်တော် ခံစားချင်လို့ပါ၊ တစ်ချိန်ကျတော့ ဒီ moments ကလေးတွေက အလွမ်းတွေအဖြစ် ပြောင်းသွားတော့မှာလေ"

သူ့ရင်ထဲကခံစားရတဲ့အတိုင်း ရိုးသားနက်နဲစွာ ပြောလိုက်မိသော ထိုစကားတွေက သူမ၏ ရင်ကိုလည်း အတိုင်းအတာတစ်ခုအထိတော့ ထိမှန်စေပုံရပါသည်။ သူမ ဖျတ်ခနဲ ငြိမ်သက်သွားသည်။

"ကျွန်မက အလွမ်းဇာတ်မကြိုက်ဘူးနော်၊ ကြိုပြောထား တာ၊ ကျွန်မ မခံစားချင်ဘူး၊ လူ့ဘဝဆိုတာ တိုတိုလေး၊ လူဖြစ်ခွင့်ရတဲ့ ခဏကလေးမှာ စိတ်ချမ်းသာတာကိုပဲ လိုချင်တယ်၊ သံယောဇဉ်တွေနဲ့ အစွဲအလမ်းတွေလည်း မကြီးချင်ဘူး သိလား၊ ဒါကြောင့် ကျွန်မပြောခဲ့ဖူးတာ လှပတဲ့အချစ်တစ်ခုတော့ လိုချင်တယ်လို့၊ ထားပါတော့လေ၊ လူတစ်ယောက်နဲ့တစ်ယောက်ဟာ ရေစက်ပါမှ ဆုံခွင့်ရှိတာပါ၊ ခင်မင်မှုဆိုတာကလည်း ဒီလိုပဲ တည်ဆောက်ယူရတာ၊





ဘယ်လောက်ထိခိုင်မာရှင်သန်လာမလဲဆိုတာ ကျွန်မတို့ ကြိုမသိနိုင်ဘူးလေ၊ ဘဝဆိုတာ ကြိုဖတ်ခွင့်မရတဲ့ စာမျက်နှာတွေနဲ့ ဖွဲ့စည်းထားတာ၊ တစ်နေ့မှာ ရှင်ဟာ ကျွန်မဘဝရဲ့ သိပ်ခင်ရတဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်လာရင်လည်း ဖြစ်လာမယ်၊ ဒါမှမဟုတ် ကိုယ့်လမ်းကိုယ်ဆက်လျှောက်နေကြမယ့် သာမန်မိတ်ဆွေတွေလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ"

"ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး အိန်ဂျယ်လ်၊ တစ်နေ့နေ့မှာ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်မရှိရင်မဖြစ်လောက်အောင် လိုအပ်ကြတဲ့ တစ်ယောက်ဘဝအတွက် အရေးပါတဲ့ တစ်ယောက်လည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ"

"အဲဒါတော့ ရှင့် ရှင့်ဘက်ရှင်ယက်ပြီးတော့ ပြောတာလေ၊ တော်ပြီ . . . တော်ပြီ . . . ရှင် ဆင်းတော့၊ ပြုတ်ကျတော့မယ်၊ ဒီထက်ဒိုင်တွေ ပြင်းထန်လာရင်၊ မနက်ဖြန် နေ့လည်စာ အတူတူစားကြတာပေါ့၊ ကျွန်မ Tokyo Bar မှာ ဆုရှိသွားစားမလားလို့၊ နေ့လည် ၁၂ နာရီလောက်လေ"

"စိတ်ချ . . . ကျွန်တော် လာခဲ့မယ်၊ ဂွတ်(ဒ်)နိုက်(တ်)



www.burmeseclassic.com

www.burmeseclassic.com

အိန်ဂျယ်"

"ဂွတ်(ဒ်)နိုက်(ထ်)ပါရှင် . . ."

သူမက သူ ဆင်းတာကို စောင့်ကြည့်ပြီးတော့မှ အခန်းထဲ ပြန်ဝင်သွားခဲ့သည်။ သူ့မှာတော့ စက္ကန့်နဲ့အမျှ ရောဂါတွေ တိုးပြီးရင်း တိုးလာခဲ့သည်။

♥♥♥



# အခန်း ၇


www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၃

ဂျပန်ဆိုင်ကလေးထဲမှာ ထူးထူးခြားခြား သူနှင့်သူမ နှစ်ယောက်
တည်းသာရှိသည်။ ဂျပန်သီချင်းသံတိုးတိုးကလေး ဖွင့်ထားရုံမှအပ
ငြိမ်သက်ငြိမ်းချမ်းလှသည်။ သူက သူ့လက်ဆောင် ဖိနပ်လှလှ
ကလေးတစ်ရန်ကို သူမ ခြေထောက်ရှေ့သို့ ချပေးလိုက်တော့
သူမက လှပစွာပြုံးကာ ဖိနပ်ကလေးကို ချက်ချင်းလဲစီးပါသည်။
ခြေ ဖမိုးကျောက်တန်းကလေးတွေ စီထားသော ဒေါက်ချွန်ချွန်
ဖိနပ်ကလေးက သူမစီးလိုက်တော့မှ ပိုပြီး လှပပြည့်စုံသွားသလို
. . . ။



www.burmeseclassic.com

www.burmeseclassic.com


"ရှင် ဝယ်လာတဲ့ ဖိနပ်ကလေးတွေက အရမ်းဆန်းတာပဲ မှော်၊ ရှင်က ဖက်ရှင်မျက်စိကို ရှိတာ၊ နောက်ဆို ရှင့်ကို ကျွန်မရဲ့ ဒီဇိုင်နာ ခန့်ရမယ်"

"ခန့်ပါဗျာ . . . မှော်လင့်လျက်ပါ၊ ကျွန်တော် အိန်ဂျယ့် အတွက် ဆံစ,ကနေ ခြေဖျားအထိ အကုန် တာဝန်ယူပေးမယ်"

"တကယ် . . ."

"တကယ်ပြောတာပါ . . . ကျွန်တော်က ယောကျ်ားလေး ဆိုပေမယ့် မိန်းကလေးတစ်ယောက်ကို ဘယ်လို ဒီဇိုင်းဆင်ပေးလိုက်ရင် မြောက်သွားမလဲဆိုတာ သိတယ်၊ အိန်ဂျယ်လ် ကြော်ငြာနေတဲ့ ဒီဇိုင်နာကုမ္ပဏီတွေ သေသင့်တယ် ဖြစ်သွားလိမ့်မယ်"

သူမက သဘောကျစွာ ရယ်မောရှုမဆုံး။

"ဒီကပြန်ရင် ကျွန်မ ဂျင်း(န်)ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ရမယ်၊ ကဲ . . . ပြောပါဦး၊ ကျွန်မ ဘယ်လို ဒီဇိုင်းမျိုးထွင်ရမလဲ"

"ဆံပင်တွေကို အညိုဖျော့ဖျော့တွေ ပြောင်းပစ်လိုက်ပေါ့ အိန်ဂျယ်လ်၊ ဒီအတိုင်း ပခုံးပေါ်လွင့်ပြီး ဝဲကျနေတဲ့ ဆံနွယ် အခွေ ခပ်ကြဲကြဲကလေးတွေက အိန်ဂျယ့်လ်ကို ပိုပြီး sexy ဖြစ်စေတယ်၊ ပြီးတော့ အိန်ဂျယ့်လ် ဘော်ဒီက ဂျင်းန် ပဲန် Slim fit အကြပ်ကလေးတွေနဲ့ ပိုမိုက်တယ်၊ ဂျင်း(န်)ကို ဒေါက်ချွန်ချွန်မြင့်မြင့်ကလေးနဲ့ စီးရင် တစ်မျိုးဆန်းတယ်၊ အပေါ်က ရှပ်အကျႌ ကိုယ်ကြပ်ခါးအတိုမျိုး အဖြူရောင် တောက်တောက် ချည်သားလိုပါးပြီး ဖျော့တာမျိုးပေါ့၊ မျက်လုံးနဲ့ နှုတ်ခမ်းတွေက အိန်ဂျယ်လ်ကောင်းကောင်း လုပ်တတ်ပါတယ်"

သူ စိတ်ပါဝင်စားစွာ မှန်းဆကြည့်ပြီး ပြောတာကို သူမက ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။

"မဆိုးပါဘူး၊ ရှင့်မှာ Idea လေးတွေရှိသားပဲ၊ ဟိုမှာက ကြော်ငြာအတွက်ရိုက်ရင် studio ထဲမှာ ဖြစ်ဖြစ် outdoor ဖြစ်ဖြစ်ပေါ့၊ ရိုက်ရင် သူတို့က လှုပ်ရှားနေတဲ့ Action ကို ယူတာ၊ Studio ထဲမှာဆိုရင်လည်း ရိုက်ရင် သီချင်း ခပ်မြူးမြူးတွေ ဖွင့်ပေးထားတယ်၊ ကျွန်မကို က,ခိုင်းတာမျိုး၊ နေချင်သလို pose မျိုးစုံ လျှောက်လုပ်ခိုင်းတယ်၊ အဲဒါတွေကိုပဲ သူတို့က တဖျပ်ဖျပ်နဲ့ အမိအရ ရိုက်သွားတာ၊ သီချင်းရဲ့ mood က မျက်နှာမှာ လာဟပ်တတ်တယ်လေ၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com

အရှင်ဖြစ်တာကို ပိုကြိုက်တယ်၊ သဘာဝကျတဲ့ဟာမျိုးပေါ့၊ အက်တင်လုပ်နေတာမျိုး မဟုတ်ဘူး”

ဆူရှီစားရင်း သူမကအတွေ့အကြုံကလေးတွေ ပြောပြသည်။ သူကလည်း အဆိုတော်ဘ၀ အတွေ့အကြုံကလေးတွေ၊ ရယ်စရာအဖြစ်အပျက်ကလေးတွေ လျှောက်ပြောပြသည်။ အတူတူရယ်မောမိကြသောအခါ နှစ်ယောက်သားပို၍ ရင်းနှီးလာသလိုခံစားရပါသည်။ အချိန်တွေ အကုန်မြန်သွားတက်တာကိုပဲ သူ စိတ်တိုသည်။ သူမက ဘယ်လောက်ပဲ စကားကောင်းနေနေ သူမ ပြန်ချင်လျှင် ချက်ချင်းစကားဖြတ်ပြီး နှုတ်ဆက်ထ,ပြန်တတ်သောအကျင့်ရှိသည်။ သူ သတိထားမိသလောက် တစ်နာရီထက်ပိုပြီး ဘယ်တော့မှ မနေတတ်။

“စားရင်းသောက်ရင်း စကားပြောတာကို တစ်နာရီထက် ပိုပြီး ဘယ်တော့မှ ပိုမသုံးဘူး မော်၊ အချိန်တွေက တန်ဖိုးသိပ်ရှိတယ်၊ ကုန်သွားပြီးမှ ပြန်လိုချင်လို့ မရဘူးလေ၊ ကျွန်မမှာ လုပ်စရာတွေက အများကြီးရှင့်”

ဟု . . . သူမက ပြောခဲ့သည်။ အရာရာကို စည်းစနစ်တကျ၊ အချိန်အတိအကျဖြင့် လိုက်နာကျင့်သုံးတတ်သော အကျင့်ကလေးကိုတော့ သူ သဘောကျပါသည်။ သူကတော့ သူမ





အတွက်ဆို အချိန်တွေ ဘယ်လောက်ပဲ ပေးထားရ ပေးထားရ ရက်ရက်ရောရောပင် ပေးထားချင်သူဖြစ်သည်။ ဒါပေမယ့် သူမက သူနှင့်အတူ ရှိနေချိန်မှာတော့ အပြည့်အ၀ ပျော်ရွှင်ရယ်မောတတ်ပါသည်။ နှုတ်ဆက်ပြီး လမ်းခွဲသွားခဲ့လျှင်လည်း ပြန်ပြီး လှည့်မကြည့်တော့။ သူမနောက်က တကောက်ကောက် လိုက်တာကိုလည်း မကြိုက်ကြောင်း ပြောပြထားခဲ့ပြီးသားမို့ တသသဖြင့် ခံစားခဲ့ရသော ဖီလင်ကလေးတွေကို သူတဆီမှာ မျှဝေစားမြုံ့ပြန်ရင်း သူ ကျေနပ်ရောင့်ရဲရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ပြီးတစ်ရက် သူ့အတွက်တော့ မယုံနိုင်လောက်အောင် တိုတောင်းလျှင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။ သူ ရင်မဆိုင်ချင်ဆုံးအချိန်သည် ခရာလေးနှင့် ရောက်လာခဲ့သည်။ နှစ်ပတ်ဆိုသော အချိန်သည် သူနှင့် သူမအကြား ခင်မင်မှု တံတားကလေးတစ်ခုတော့ တည်ဆောက်နိုင်ခွင့် ရှိခဲ့သည်။ သို့ပေမယ့် သူ့နှလုံးသားတစ်ခုလုံးကို သိမ်းကျုံးဆွဲငင်လွှမ်းမိုးထားနိုင်စွမ်းရှိသော ထိုမိန်းကလေးကို သူ ဘယ်လောက် အရူးအမူး ဖြစ်နေမိကြောင်း ပြောပြခွင့်တော့ မသာခဲ့။ သူမက ပါးနပ်ကျွမ်းကျင်သူတစ်ယောက်မို့ သူ့ရဲ့ တွယ်တာရူးသွပ်မှုကို ရိပ်မိမှာပါ။





မနက်ဖြန် သူမ ပြန်တော့မည်ဆိုလျှင် ဒီညကလေးကို သူတစ်ယောက်တည်း မကုန်ဆုံးချင်တော့သည့်အတူ သူမ ခြံရှေ့မှာ ကားထိုးရပ်ပြီး ကားခေါင်မိုးပေါ် တက်ထိုင်ကာ သူ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုရင်း သူမကို ရွှေနားတော် သွင်းနေခဲ့မိသည်။ သူမက သူ့ mobile ကို လှမ်းခေါ်ကာ . . .

"ရှင့်သီချင်းလေးတွေက အရမ်းနားထောင်လို့ကောင်းတယ် မော်၊ ရှင့်ကို ကျွန်မ သတိရနေမှာပါ။ on line မှာ တွေ့တာပေါ့၊ ရှင် အိမ်ပြန်တော့နော်၊ ကျွန်မ အိပ်တော့မလို့"

"အိန်ဂျယ်လ် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ကျွန်တော် ဒီတစ်ညလုံး နေချင်ပါတယ်"

"ဘာအတွက်လဲ မော် . . ."

"ဒီနေရာကနေ အငွေ့အသက်ကလေးတစ်ခုကို တစ်ညလုံး ကျွန်တော် ခံစားချင်လို့ပါ၊ အိန်ဂျယ်လ် အိမ်ထဲမှာ ရှိနေတယ်၊ ကျွန်တော်က အပြင်ကနေ စောင့်ကြည့်နေတယ်ဆိုတဲ့ အသိကလေးပေါ့"

"အဲဒီလိုလုပ်ဖို့ လိုသလား မော်၊ အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော့်ရဲ့လမင်း အဝေးကို သွားတော့မယ်လေ၊ ဒီတစ်ညကလေးပဲ ကျွန်တော့်လမင်း သာတဲ့ညကို ကျွန်တော် ခံစားခွင့်ရှိတော့မှာလေ၊ တစ်ညလုံး မအိပ်ဘဲ လမင်းကို



www.burmeseclassic.com

www.burmeseclassic.com

ခံစားခွင့် မရှိရဘူးလား”

“ကဲ ... ရှင့်သဘော၊ ရှင့်သဘော၊ မနက်ဖြန်တော့ လေဆိပ်ကို မလိုက်တော့ဘူးမှုလား”

“ကျွန်တော် လိုက်ဖြစ်အောင် လိုက်မှာပါ”

သူမက ခပ်တိုးတိုး ရယ်ကာ ဖုန်းချသွားခဲ့သည်။ နှလုံးသား၏ လိုအင်ဆန္ဒအတိုင်း သူ တစ်ညလုံး မအိပ်ဘဲ သူမ ခြံရှေ့မှာရှိနေခဲ့တာ ... နောက်တစ်ရက်မှာ သူမကို လေဆိပ်အထိ လိုက်ပို့ခဲ့သည်။ တစ်နှစ်ဆိုသောအချိန်ကို သူ ဘယ်လိုလုပ်ပြီး စောင့်ရမည်နည်း။ သူမကို လွမ်းတဲ့အခါ၊ တွေ့ချင်လာတဲ့အခါ သူ စင်္ကာပူထိ ပြေးလိုက်သွားရမှာလား။ မိန်းကလေး တစ်ယောက်ကို လွမ်းမောတမ်းတနေရတဲ့ နေ့ရက်များစွာကို သူ ဖြတ်သန်းကုန်ဆုံးရမှာလား။ သူ့ရင်ဘတ်ထဲမှာတော့ သိသိသာသာကို ဟာကျသွားခဲ့တာ အမှန်ပင်။

♥♥♥





မျက်နှာချင်းဆိုင်အိမ်မှာ သူနေသည်ဆိုသော အသိတစ်ခုတည်းဖြင့်ပင် ဒီခြံနှင့် အိမ်ကလေးကို နှစ်ချုပ်ငှားဖို့ ကကြီး ဆုံးဖြတ်ခဲ့တာဖြစ်သည်။ ဖေဖေနှင့် မေမေတို့ နေသော အင်းလျားလမ်းထဲက အိမ်မှာ မနေဘဲ သူငယ်ချင်းတွေစုပြီး လွတ်လပ်စွာနေချင်သောကြောင့် စပ်တူစုငှားခဲ့ခြင်းဖြစ်သည်။ မိဘတွေကလည်း သဘောမတူစရာ မရှိ။ စင်္ကာပူအထိတောင်, ကျောင်းသွားတက်ခဲ့ပြီးမှ ပြန်လာကြသူတွေဆိုတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ် လွတ်လပ်စွာ ရပ်တည်တော့မည့် သမီးတွေကို ထိန်းချုပ်ထားနိုင်စွမ်းလည်း မရှိတော့။ ကကြီးက ပထမဆုံး ပြင်ဆင်သည်မှာ စင်္ကာပူကနေ ဝယ်လာခဲ့သော Helios Solid Brass telescope ကြီးကို အခန်းထောင့်ရှိ ပြတင်းပေါက်တည့်တည့်မှာ စတင်၍ တပ်ဆင်ချိန်


www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေခြင်းဖြစ်သည်။

"ဟား ဟား . . . သူများတွေက ကြယ်တွေကိုကြည့်တာ၊ ငါကတော့ ငါ့ရဲ့ လမင်းလေးကို ဒီမှန်ပြောင်းနဲ့ ချောင်းရမှာပါလား။ ဟဲ့ ဟဲ့ . . . ပေါ်လာပြီ ပေါ်လာပြီ၊ သူ ရှိနေတယ်တော့၊ ဘုရားရေ . . . ငါ ဘယ်လောက်ကံကောင်းလိုက်သလဲ၊ အဲဒါ သူ့ရဲ့ အခန်းပဲထင်တယ်၊ သူ ဂစ်တာတီးနေတယ်၊ မဟုတ်ဘူး . . . သီချင်းရေးနေတာ ထင်တယ်၊ ဟော. . . သူ့ဘေးမှာ ဂေါ်တာတစ်ပွေ့ရှိတယ် ဆရာ၊ သူ့ သူငယ်ချင်း ထင်တယ်၊ ဟော့ . . . ရှင်တို့ထဲ ဘယ်သူတွေ စိတ်ဝင်စားသေးလဲ၊ ဒီတစ်ယောက်လည်း မဆိုးဘူး ဆရာ၊ သားသားနားနားပဲ . . ."

"မိ မိ . . ."

သုံးယောက်သား လက်ဖဝါးတွေ မြှောက်ထောင်ပြီး အပြေးအလွှား အလုအယက် ဝိုင်းအုံလာကြကာ တိုးဝှေ့လုယက်ပြီး ကြည့်ကြသည်။

"ဟဲ့ . . . သူ့ကို ငါသိတယ်၊ facebook မှာ ငါနဲ့ သူငယ်ချင်းဖြစ်နေတဲ့ တစ်ယောက်ပါ၊ သူ့ကို ငါ ကောင်းကောင်းမှတ်မိတာပေါ့၊ chatting တက်ကက်လာတဲ့ တစ်ယောက်၊ နေဦး . . . သူ့နာမည်က ဘာပါလိမ့်၊ သုတ . . .





သုတပြည့်စုံ ဟုတ်တယ်၊ ဒီဘဲလေး အမိုက်စားလေးဆိုပြီးတော့ ငါ မှတ်မိနေတာ၊ ကြည့်စမ်း လက်စသတ်တော့ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါလား၊ ငါ့သူငယ်ချင်း အသည်းစွဲခိုက်နေတဲ့ မော့်ရဲ့ သူငယ်ချင်းမှန်း သူက မပြောပါလား"

"ဟဲ့ . . . ဒါက ပြောမလားဟဲ့၊ ယောကျ်ားလေးတွေရဲ့ အထာကို နင် မသိဘူးလား၊ မော့်ကို ဖွင့်ပြလိုက်ရင် နင်က မော့်ကို ပိုပြီး စိတ်ဝင်စားသွားမှာပေါ့၊ အဲဒါဆို သူ့ စားကျက်အလိုလို ပျောက်သွားတော့မှာပေါ့၊ မှတ်ထား . . ဘဲတွေက သူတို့မှာ သူတို့ထက် ပိုပြီးသာတဲ့ သူငယ်ချင်းမျိုးရှိရင် ဒိုင်လျှိုကလေးလုပ်ထားတတ်တာ သဘာဝပဲ၊ ကဲ . . ဘုံဘုံ၊ ရှင့်ရဲ့ သုတပြည့်စုံဆီက မော့်ရဲ့ သတင်းအချက်အလက်တွေ အပြည့်အစုံ အစ်ထုတ်ဖို့က ရှင့်ရဲ့တာဝန်ဖြစ်သွားပြီနော်၊ ရှင် ကြိုက်သလိုနည်းနဲ့သာ ချဉ်းကပ်လိုက်၊ သူ ဘာကြိုက်လဲ၊ ဘာအထာတွေရှိလဲ၊ ဘယ်တွေသွားတတ်သလဲ၊ ဘာတွေလုပ်တတ်သလဲဆိုတာ ရှင်မေး၊ ကျွန်မတို့ သူ့အိမ်ရှေ့မှာရှိတယ်ဆိုတဲ့အချက်က လုံးဝ secret နော်၊ ပြီးတော့ သုတ နဲ့ ကျွန်မကို မိတ်ဆက်မပေးနဲ့၊ လူချင်းလည်း မဆုံချင်ဘူး၊ သူ့ဆီက သတင်းတွေပဲ လိုချင်တယ်၊ သူနဲ့ သူငယ်ချင်း မဖြစ်ချင်သေးဘူး၊ ကျွန်မပြောတာ ပေါက်ရဲ့လား"



www.burmeseclassic.com

# ငါ့ရဲ့ လမင်း ဘယ်သူ ဖက်ထား သလဲ

www.burmeseclassic.com

"ပေါက်ပါ့ရှင် . . . ပေါက်ပါ့။ ရှင်ကတော့ ဆရာမကြီး ပါပဲ ကကြီးသွယ်၊ လုံး၀ စိတ်ချ၊ internet ၀င်ပြီး facebook ဖွင့်လိုက်တာနဲ့ သူ တက်လာနေကျ၊ သူ့ ပေါင်ပေါ်မှာ lap top တင်ထားတယ်မှလား၊ သေချာတယ်၊ သူ on line မှာ ရှိနေလိမ့်မယ်၊ ခဏလေး . . ငါ internet ၀င်လိုက်မယ်"

ရွှေဘုံသာက သူ့ရဲ့ i phone ကလေးနှင့် ချက်ချင်း internet ၀င်နေသည်။ ဒီအိမ်ကလေးကို ငှားတော့ Internet လည်း ချိတ်ထားသည်မို့ ကကြီးတို့လို တစ်ချိန်လုံး net ၀င်နေသော net သရဲတွေအတွက် အဆင်အပြေဆုံးဖြစ်သွားသည်။ connection လည်း သိပ်မဆိုး။ ခဏသာ စောင့်ရပြီး လိုင်း၀င်လာသည်။

"ဟဲ့ . . . ဘုံ၊ ရှင် သူ့အကြောင်း သုတဆီမှာ စုံစမ်းတာ မှော် လုံး၀ မသိစေနဲ့နော်၊ သူ့ကို အရင် ပိတ်ထားဦး"

"အေးပါ . . . ငါ နပ်ပါတယ်ဟဲ့"

ရွှေဘုံသာတစ်ယောက် i phone တစ်လုံးဖြင့် အလုပ်ရှုပ်နေချိန် ကကြီးက မျက်လုံးတွေကို မှန်ပြောင်းဆီကနေ မခွာမိ။ စကော်ပူမှာ ကျောင်းတက်နေခဲ့သော အချိန်တွေ အတွင်းမှာ သူ စပြီး နာမည်ကြီးနေပြီ။ သူ့ရဲ့ သီချင်းတွေအားလုံးကို အရူးအမူး စွဲလမ်းခဲ့ကာ သူ့ရဲ့ ပိုစတာတွေ၊ ဓာတ်ပုံတွေ၊ မဂ္ဂဇင်းဂျာနယ်တွေထဲက အလှဓာတ်ပုံတွေအားလုံး ကကြီး၏ အခန်းနံရံတွေမှာ အပြည့်





ကပ်ထားခဲ့သည်အထိ သူ့ကို အသည်းအသန် စွဲလမ်းငြိတွယ်ခဲ့သည်မှာ သာမန် အဆိုတော်တစ်ယောက်ကို crazy ဖြစ်ရုံသက်သက် မဟုတ်။ သူမ နှလုံးသား ဟိုးအတွင်းနက်နက်ထဲကနေ အသွေးအသား ရိုးတွင်းချဉ်ဆီထဲကနေ စိမ့်နေအောင် သူ့ကို ချစ်နေခဲ့ခြင်းဖြစ်သည်။ 'အရူးအမူး' ဆိုသော စကားလုံးကို သူနှင့်ကျမှ ကောင်းစွာ နားလည်ခံစားသိမြင်ခဲ့ခြင်းလည်း ဖြစ်သည်။ အခန်းဖော်တွေဖြစ်တဲ့ သူငယ်ချင်းတွေက ကကြီးရဲ့ ရောဂါ အတိမ်အနက်ကို အသိဆုံး။ မြန်မာပြည် ပြန်ရောက်တော့ သူ့အိမ်နှင့် မျက်နှာချင်းဆိုင်ကို ကံကောင်းတိုက်ဆိုင်လွန်းစွာ ငှားနိုင်ခဲ့တာကိုပဲ ကြည့်။ နေချင်တာကတော့ သူနှင့် အနီးဆုံးမှာပေါ့။ မျက်နှာချင်းဆိုင် အိမ်ကလေးကို ရလိုက်တော့လည်း အတိုင်းထက်အလွန်ပေါ့။

ကကြီးတို့လေးယောက်စလုံး မြန်မာပြည် ပြန်လာကြခြင်းရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာပြည်မှာပဲ စီးပွားရေးလုပ်ငန်းတစ်ခု စ,ပြီး တည်ထောင်ကြဖို့ စိတ်ကူးနှင့် ဖြစ်သည်။ ခုလောလောဆယ်တော့ ဖက်ရှင်ရှော့(ပ်)ကလေးတစ်ခု အပျံစားပြင်ဆင်ဖွင့်ကြဖို့ စိတ်ကူးကြသည်။ တက်ခဲ့သော ကျောင်းက MBA။ ဖွင့်ချင်တာက ဖက်ရှင်ဆိုင်ဆိုတော့ ဘာမှတော့ မဆိုင်။ ကကြီးတစ်ယောက်သာ ဖက်ရှင်ဒီဇိုင်နာကျောင်းတက်ခဲ့သူမို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပါသေးသည်။ ဒါပေမယ့် MBA သမားတွေမို့ Management Plan ကို ကောင်းကောင်း ဆွဲနိုင်ပါလိမ့်မည်။ သူမတို့ ဆိုင်ဖွင့်ဖို့ နေရာလည်း ကြည့်ထားပြီးပြီ။ ဆိုင်ခန်းအပြင်အဆင်ကို ဆန်းသစ်လှပနေအောင် ပြင်ဆင်ဖို့ Interior Decorator နှင့် လည်းတိုင်ပင်ထားပြီးသား။ ဟိုက ပြန်လာကတည်းက ပစ္စည်းတွေ တော်တော်များများစုံနေအောင် ဝယ်လာခဲ့ပြီးသားမို့ ဆိုင်ဖွင့်ဖို့က အဆင်သင့်။ အင်္ကျီ, ဘောင်းဘီ, စကပ်, ဖိနပ်, ခါးပတ်, မျက်မှန်, လက်ကိုင်အိတ်တွေအပြင် မိန်းကလေးတွေသုံး accessories တွေ အကုန် သယ်လာခဲ့ကြသည်။ လေးယောက်သား လုပ်ငန်း စ,ဖို့ တက်ကြွထက်သန် နေကြတာက တစ်ကဏ္ဍ။ ကကြိုး၏ နှလုံးသားရေးရာက တစ်ကဏ္ဍ စီ ဖြစ်သည်။

ရွှေဘုံသာတစ်ယောက် အတော်လေးကြာအောင် chatting ထိုင်လုပ်နေခဲ့ပြီး ချက်ချင်း ဘာမှ မပြော။ ညနေဘက် ကကြိုးတို့ လေးယောက် ညနေစာ ထွက်စားကြတော့မှ ဆိုင်ထဲမှာ စကားစ,ခြင်းဖြစ်သည်။

"ရှင်တော့ တကယ်ကြွေပြီ ကကြိုး"

"ဘာဖြစ်လို့ . . ."

ရွှေဘုံက ကကြိုးကို ခပ်ဆဆ,ကြည့်ရင်း ပြောဖို့အရေးကို တွန့်ဆုတ်နှောင့်နှေးနေသဖြင့် ကကြိုးက စိတ်မရှည်





သလို မျက်မှောင်ကြုတ်ထားရင်း ရွှေဘုံသာ့ကို စိုက်ကြည့်နေသည်။

"မော်က မိန်းမတစ်ယောက်ကို အသည်းအသန် ကြွေနေတာတဲ့ ဆရာ၊ အဲဒီမိန်းမက ဘယ်သူများ မှတ်သလဲဟင်"

"ဘာ . . . ဘယ်သူလဲ"

ကကြိုး အလောတကြီး မေးလိုက်မိသည်။

"စင်္ကာပူမှာ နင်နဲ့ အရမ်းတူတယ်ဆိုတဲ့ မော်ဒယ်လ်လေ၊ အိန်ဂျယ်လ်မေပေါ့ . . .၊ သူက အိန်ဂျယ်လ်မေလို့ ပြောလိုက်တာနဲ့ ငါက နင့်ကိုပဲ တန်းခနဲ မြင်လိုက်မိတော့တာ"

"အိန်ဂျယ်မေက စင်္ကာပူမှာ နေတဲ့ဥစ္စာ၊ သူနဲ့ ဘယ်လိုလုပ်ပြီး တွေ့ကြတာလဲ"

"ဟိုက တစ်နှစ်တစ်ခေါက် ပြန်လာတတ်တယ်တဲ့၊ သူ ပြန်လာတဲ့ တစ်လအတွင်းမှာ မော်က တစ်နေ့မတွေ့ရရင် မနေနိုင်ဘူးတဲ့၊ နေ့တိုင်း သွားသွားတွေ့တယ်၊ မော်က အရူးအမူးကို ကြွေတာနော် . . . နင်က မော့်ကို ကြွေသလိုမျိုးပေါ့၊ အိန်ဂျယ်လ်မေနဲ့တွေ့တိုင်း မော်က ဖိနပ်ကလေးတွေ လက်ဆောင်ပေးတတ်တာရော၊ သူ မပြန်ခင် တစ်ညက ညလုံးပေါက် အိန်ဂျယ်လ်ခြံရှေ့မှာ ကားသွားထိုးရပ်ပြီး တစ်ညလုံးကြွေနေခဲ့တာရော၊ သူက အကုန်ကို ဖောက်သည်ချတာ"



www.burmeseclassic.com

www.burmeseclassic.com



ကကြိုး ရုတ်တရက် အသက်မရှူနိုင်။ အိန်ဂျယ်လ်မေ့ကို မသိဘဲ ရှိပါ့မလား။ စက်ပူမှာ ကျော်ကြားနေသော မြန်မာမော်ဒယ်လ်တစ်ယောက်မို့ ပြီးတော့ . . . ကကြိုးနှင့် တော်တော်ကလေးကို ဆင်နေတာမို့ ကကြိုးကိုယ်တိုင် ကျေနပ်ပျော်ရွှင်စွာ ဂုဏ်ယူခဲ့မိသေးသည်။ မြန်မာပြည်မှာ ကိုရီးယားမင်းသားမင်းသမီးတွေနှင့် ရုပ်အတူဆုံး ပြိုင်ပွဲ ကျင်းပသလိုမျိုး အိန်ဂျယ်လ်မေနှင့် အတူဆုံးလူကို ရွေးချယ် ပြိုင်ပွဲကျင်းပလျှင် ကကြိုး ပထမဆုရမှာ သေချာသလောက်ကို အိန်ဂျယ်လ်မေနှင့် ကကြိုး ရုပ်ချင်းဆင်ပါသည်။ ကကြိုးကိုယ်တိုင်ကလည်း အိန်ဂျယ်လ်နှင့် တူရတာကို ဂုဏ်ယူမက်မောစွာ သူမရဲ့ ဆံပင်စတိုင်လ် . . . သူမရဲ့ မျက်လုံးကြည့်ပုံ၊ မျက်နှာပေး ဝတ်စားဆင်ယင်ပုံ စတိုင်လ်တွေကိုပါ . . . အတုခိုးထားခဲ့သည်။ တစ်ခါတစ်ရံ အိန်ဂျယ်လ်မေနှင့် မှားပြီး လူတွေ ဝိုင်းကြည့်ခံရတာမျိုးလောက်ကတော့ ကကြိုးအတွက် ရိုးတောင်နေပြီ။

"သူတို့ ချစ်သူတွေ ဖြစ်သွားကြပြီလား . . ."

"မဖြစ်သေးဘူး . . . တွေ့တာမှ တစ်လလောက်ပဲ ရှိသေးတာတဲ့၊ မှော်က အသည်းအသန် လိုက်နေတာ၊ သူတို့ စတွေ့ပုံကို ပြောပြရမလား"

"အင်း . . . ပြောပြ"



"မှော်က အိန်ဂျယ်လ့်နောက်ကနေ တကောက်ကောက် လိုက်ကြည့်တာတဲ့၊ ပြီးတော့ သူ့ကိုယ်သူ Glamour မဂ္ဂဇင်း ကပါဆိုပြီး အိန်ဂျယ်လ့်ကို မျက်နှာဖုံးရိုက်ခွင့် သွားတောင်းတာတဲ့၊ Professional Photographer ဆီကနေ ကဲန်မရာ ကြီးငှားသွားပြီး သူ ကိုယ်တိုင် ရိုက်ယူထားတဲ့ ပုံတွေ ကွန်ပျူတာထဲမှာ အပြည့်ပဲတဲ့၊ နောက်ကျတော့ အိန်ဂျယ်လ် က မှော့်ကို ကောင်းကောင်း သိနေပြီးသားပေါ့ဟယ်၊ မှော်ကလည်း celeb တစ်ယောက်ပဲဟာ၊ သူတို့ ရင်းနှီးသွားကြတယ်တဲ့၊ အိန်ဂျယ်လ်ကလည်း မှော့်ကို ဖေတာတော်တော် ပေးတယ်ဆိုပဲ၊ ငါ အခု အဲဒါလောက်ပဲသိတယ်၊ နင် ဒီထက်ပိုသိချင်ရင် ငါ အပြည့်အစုံ စုံစမ်းပေးမယ်၊ သုတက ဒိုင်မလျှိုပါဘူး၊ ငါမေးသမျှ အားလုံး ပြောပြတယ်၊ မှော့် အကြောင်း စိတ်ဝင်စားလှချည်လားတဲ့၊ ငါက မှော့်ကို အရူးအမူး crazy ဖြစ်နေတဲ့ သူငယ်ချင်းတစ်ယောက် ရှိလို့ပါလို့ပဲ ပြောထားတယ်၊ ငါတို့ဘက် side ကို လုံးဝ အမှောင်ချထားတယ်နော် ကကြိုး၊ နင် ဘာဆက်လုပ် မလဲ"

"ငါ့ဘက်က လှုပ်ရှားခွင့်တော့ ရှိပါသေးတယ်၊ ငါ ဘာ လုပ်ရမလဲဆိုတာ စနစ်တကျ plan ဆွဲရဦးမယ်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ငါ တစ်လလောက်ပဲ နောက်ကျသွားတာပေါ့နော်၊ အိန်ဂျယ်လ်နဲ့သာ အရင်မတွေ့ဘဲ ငါနဲ့သာ အရင်တွေ့ လိုက်ရင် ပွဲက ပြတ်နေပြီ”

“အိန်ဂျယ်လ်နဲ့ကလည်း သိပ်တော့ မဖြစ်နိုင်ပါဘူးဟယ်၊ သူက ဟိုမှာ အောင်မြင်နေတာ၊ သူ့မှာလည်း sponsors တွေ အများကြီးရှိမှာပေါ့၊ ဒီလောက်လှတာ အဲဒီလို မိန်းကလေးမျိုးက မှော့်လို လူတစ်ယောက်ကို မြန်မာ ပြည်ပြန်လာပြီး ရိုးမြေကျ လက်တွဲနိုင်ပါ့မလား၊ မှော် ကရော ဒီမှာ ဒီလောက် အောင်မြင်နေတာ စကော်ပုကို လိုက်သွား နိုင်ပါ့မလား၊ သူတို့ဇာတ်လမ်းကြီးက စ,က တည်းက မဖြစ် နိုင်တာကြီး၊ ငါတို့ရဲ့ ကကြိုးနဲ့ကမှ အများကြီး ဖြစ်နိုင် သေးတယ်”

ဂျာက လေးလေးနက်နက် တွေးတွေးဆဆ ပြောသည်။ ကကြိုးတွေးတာနှင့် တစ်ထပ်တည်းမို့ ပြုံးမိသွားသည်။

“နင်တို့လည်း ငါနဲ့ ပေါင်းလာတာ ဒီလောက်ကြာပြီဆိုတော့ ငါ့အကြောင်း သိမှာပါ။ ငါက ဘဝမှာ ငါ ဘာလိုချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာကို ပီပီပြင်ပြင် သိအောင် အရင် ကြိုးစားတယ်၊ သိပြီးပြီဆိုရင် အဲဒီအရာကို စနစ်တကျနဲ့ ပြင်ဆင်စီစဉ်ပြီး ယူတတ်တယ်၊ ကမ်းရှူးထိုး မဟုတ်ဘူး၊





သွေးရူးသွေးတန်းလည်း မဟုတ်ဘူး၊ သူ့ရဲ့ အချစ်ကို ငါလိုချင် တယ်ဆိုတာ စကော်ပူမှာရှိနေတဲ့ အချိန်နှစ်နှစ်လုံးလုံး မှာ ငါ သေချာခဲ့ပြီးသား၊ ထပ်စဉ်းစားစရာ မလိုတော့ဘူး၊ အဲဒီ အတွက် ငါ ပြန်လာခဲ့တယ်၊ ငါ ပြန်လာတာ နောက်ကျ သွားခဲ့ တယ်၊ သူ့ရင်ထဲမှာ နေရာဦးထားတဲ့သူ ရှိနေပြီ၊ အဲဒီတော့ ငါ ဘာဆက်လုပ်မလဲ၊ နောက်ဆုတ်မလား၊ ဟင့်အင်း . . . နိုးဝေး၊ ငါ နောင်တမရချင်ဘူး၊ အဲဒီတော့ ရှေ့ဆက်တိုး မလား၊ အင်း စနစ်တကျ ငါ ချီတက်မယ်၊ သူ့ရင်ထဲမှာ ရှိနေနှင့်ပြီးသား မိန်းကလေးရဲ့နေရာမှာ ငါ အစားထိုးဝင်တယ်၊ အဲဒီ မိန်းကလေးကို ကျားကွက်ရွှေ့သလို နေရာရွှေ့ပစ်မယ်”

“လွယ်မယ်ထင်သလား ကကြိုး”

“ခက်တာက ငါ့အတွက် စိန်ခေါ်မှုပေါ့၊ သူသုံးခဲ့တဲ့ လက် နက်တွေပဲ ငါ ပြန်သုံးကြည့်မယ်၊ အဲဒီတော့ ငါ လှုပ်ရှား တဲ့အခါ ငါ့ဘေးမှာ ဘုံဘုံကလွဲပြီး ကဗျာနဲ့ သွယ်လျတို့ ရှိနေရင်ရပြီ၊ ဘုံဘုံက ငါ့ရဲ့ ဖွက်ဖဲလုပ်၊ နင်က သုတဆီ ကနေ မှော့်ရဲ့ သတင်းတွေအားလုံးကို ရနိုင်သမျှသာ ညှစ်ထုတ်ပေတော့၊ လိုအပ်ရင် သုတကို နင့်ရဲ့ ဇယား ကလေးတစ်ခုအဖြစ် ပါးပါးကလေး ကျွေးထားလိုက်၊ နင်


www.burmeseclassic.com

www.burmeseclassic.com

မနစ်နာပါဘူးနော် ဘုံ"

"ဟား ဟား ... သူတက ငါ့အတွက် အလန်းဇယားကလေးပါ၊ ငါ ခြွေရင် ကြွေမဲ့ပုံပါ၊ လူချင်းဆုံဖို့တောင် ချိန်းနေတာ၊ ငါ လူလုံးထွက်ပြလို့ မရသေးဘူးမှလား ကကြိုးရဲ့"

"ဒါပေ့ ... နင့်ကို သူ မတွေ့သေးလေ ကောင်းလေပဲပေါ့၊ မှော့်ကိုတော့ အံ့သြစရာ Surprises ကလေးတွေနဲ့ ဖမ်းစားချင်တယ်"

"စမ်းကြည့်ပေါ့ ကကြိုးရယ်၊ နင် ဒီလောက် မညံ့ပါဘူး၊ နင်က ဆရာမ,ကြီးပဲဥစ္စာ"

ဘာလုပ်ရမယ်ဆိုသော အဖြေတစ်ခု ထွက်လာခဲ့ပြီမို့ ညစာ,စားပွဲကလေးက ပြန်လည်လန်းဆန်းစိုပြေလာခဲ့သည်။ အဲဒါက ကကြိုးသွယ်ရဲ့ သင်္ကေတလေ။ လောကမှာ ကကြိုးအတွက် မဖြစ်နိုင်ဘူးဆိုတာ မရှိ။ မလုပ်နိုင်ဘူးဆိုတာ မရှိ။ အရှုံးပေးဖို့ဆိုတာကို ဘယ်တော့မှ မစဉ်းစားထား။ လိုချင်သော မျှော်လင့်ချက်တစ်ခုအတွက် စနစ်တကျ စီစဉ်အကွက်ချနေရခြင်းသည် ကကြိုးအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးသော စိန်ခေါ်မှု၊ ရှင်သန်မှု ဖြစ်တော့သည်။

♥ ♥ ♥



# အခန်း ၄


www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၄

ကကြိုး၏ ပထမဆုံးသော လှုပ်ရှားမှုမှာ သူ့ဆီ ဖုန်းစ,ခေါ်ခြင်းဖြစ်သည်။ mobile ကို မခေါ်ပါ။ အိမ်ဖုန်းကို ဆက်ခြင်းဖြစ်သည်။ အိမ်လိုင်းဖုန်းတွေက caller ID တပ်မထားလျှင် တစ်ဘက်ကခေါ်သော ဖုန်းနံပါတ်ကို မသိနိုင်။ သူ့ဆီ ဖုန်းခေါ်နေချိန်မှာ ကကြိုး၏ မျက်ဝန်းတွေက telescope ထဲမှာ။ သူက အခန်းတံခါးတွေကို အမြဲဖွင့်ထားတတ်သည်။ ညအိပ်ပြီဆိုမှပဲ ပိတ်တတ်သည်။ အဲဒါ တစ်ခုက ကကြိုးအတွက် တော်တော် အဆင်ပြေသည်။ သူ့အခန်းကို အချိန်မရွေး လှမ်းကြည့်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်လို . . ."

"မှော်လား . . ."

"ဟုတ်ကဲ့ . . . ဘယ်သူပါလဲ"

"ဘယ်သူလို့ ထင်လဲဟင်"

"ဟောဗျာ . . . ကျွန်တော့်မှာ နတ်မျက်စိမှ မရှိတာ၊ ဘယ်သူလို့ ထင်ရမှာလဲ၊ မသိဘူးဗျ"

သူက အခန်းထဲမှာ cordless နှင့် ပြောနေတာကို ကကြီးက မှန်ပြောင်းထဲကတစ်ဆင့် လှမ်းမြင်နေရသည်။ သူက တော့ မသိရှာ။ သူ့အခန်းနံရံမှာ တပ်ထားသော LCD ဆီက MTV တစ်ခု ထိုင်ကြည့်နေသည်။

"ခန့်မှန်းကြည့်ပါလား . . . မှော် လုံးဝ မျှော်လင့်မထားတဲ့သူတစ်ယောက်လေ၊ ကျွန်မ ဘယ်သူမှန်းသိရင် မှော် ထခုန်ချင်တောင် ခုန်လိမ့်မယ်"

"ဗျာ . . ."

သူ့အသံမှာ ဖျတ်ခနဲ ငြိမ်ကျသွားပြီးမှ . . .

"ဟာ . . . အိန်ဂျယ်လ်များလား . . . မဖြစ်နိုင်ပါဘူး နော်"

ဟု . . . မျှော်လင့်ချက်ကလေးတွေနှင့် လှုပ်လှုပ်





ခတ်ခတ် ပြန်ဖြစ်လာသည်။ ကကြီး ခပ်တိုးတိုး ရယ်လိုက်မိသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဒီလောကမှာ မှော်သာ ဖြစ်ချင်တယ်ဆိုရင် အကုန်ဖြစ်နိုင်တယ် မှော်ရဲ့၊ မှော် ထင်တာ မမှားပါဘူး၊ ကျွန်မပါ"

"ဟာ . . . ဟုတ်ရဲ့လားဗျာ၊ မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော်၊ ခုဏက ကျွန်တော် ဖုန်းကိုင်တော့ ကလစ်ခနဲလည်း မြည်သံ မကြားမိပါဘူး၊ oversea call တွေတိုင်း အဲဒီလိုမြည်တတ်ပါတယ်"

"အဲဒါတွေက အရေးကြီးသလား၊ ကျွန်မပဲ ဆိုတာက ပိုအရေးကြီးသလား မှော်၊ ကျွန်မမှာ မအားတဲ့ကြားကနေ သတိတရနဲ့ လှမ်းခေါ်လိုက်တာ၊ မှော် မယုံဘူးဆိုလည်း ရတယ်လေ၊ ကျွန်မ ဖုန်းချလိုက်ရုံပဲ"

"ဆောရီးပါ အိန်ဂျယ်လ်ရယ်၊ ကျွန်တော် မယုံနိုင်လွန်းလို့ပါ၊ ကျွန်တော့်ဆီ အိန်ဂျယ်လ် ဆက်လိမ့်မယ်လို့ကို ထင်မထားလို့ပါ၊ ကျွန်တော် အိန်ဂျယ်လ့်ဆီ e-mail တွေ ပို့တယ်၊ အိန်ဂျယ်လ့်ဆီက စာမပြန်ဘူး၊ g-talk ပြောလို့ရအောင် ကျွန်တော် အိန်ဂျယ်လ့်ကို invite လှမ်းလုပ်ထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com


accept လုပ်ပေးပါဦး . . .၊ ကျွန်တော် အရမ်းလွမ်းနေတာ"

"အဲဒါ ပြောမလို့ မော်၊ ကျွန်မရဲ့ mail တွေကို ကျွန်မကိုယ်တိုင် မဖွင့်ဘူး၊ ကျွန်မရဲ့ assistant ကပဲ ဖတ်ပေး တာ၊ လိုအပ်တဲ့ စာတွေကို သူပဲ ပြန်၊ သူပဲ delete လုပ်ပစ်တာဆိုတော့ မော့်စာတွေ သူ delete လုပ်ပစ်တဲ့အထဲ ပါချင်ပါသွားမှာ၊ ကျွန်မတစ်ယောက်တည်း သီးသန့်ဖတ်တဲ့ private mail လိပ်စာပေးထားမယ်လေ၊ ဟုတ်လား . ."

"အိုကေ အိန်ဂျယ်လ်၊ အလုပ်တွေ အရမ်းရှုပ်နေလား၊ ဂျင်း(န်)ကြော်ငြာရိုက်နေရပြီလား"

"ဟုတ်တယ် မော် . . . မော့်ကို ကျွန်မ ပြောပြထားတဲ့ ဂျင်း(န်)ကြော်ငြာလေ၊ ကျွန်မ မော့်ကို သတိရတယ်၊ အခု ကျွန်မရဲ့ i phone ထဲမှာ မော့်သီချင်းတွေ download လုပ်ထားပြီး နားထောင်တယ်၊ ကျွန်မ ဘာလေးတွေကို လွမ်းသလဲ . . . သိလား"

"ပြောပါဦး အိန်ဂျယ်လ် . . ."

"မော် လက်ဆောင်ပေးခဲ့တဲ့ ဖိနပ်ကလေးတွေပေါ့၊ ကျွန်မ စ,လုံးကို ယူလာခဲ့တယ်လေ"



ပြုံးနေသော သူ့ရဲ့ အပြုံးကို ကကြိုး မှန်ပြောင်းထဲကနေ မြင်နေရသည်။ ကကြိုးကိုယ်တိုင် အိန်ဂျယ်လ့်နေရာမှာ ပျော်ဝင်စီးမျောသွားသလို ခံစားရပါသည်။

"ပြီးတော့ . . . တစ်ညလုံး ခြံရှေ့မှာ မော်ရှိနေခဲ့တဲ့ နောက်ဆုံး ညကလေးကို ကျွန်မ,တမ်းတမိတယ်၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ် မော်၊ မော့်ဆီ ကျွန်မရဲ့ private mail နဲ့ စာလှမ်းပို့လိုက်မယ်၊ မော် ဘာပြောချင်သေးလဲ"

"ကျွန်တော်ရဲ့ လမင်းလေးကို ကျွန်တော် အရမ်းလွမ်းနေတယ်လို့ပဲ ပြောပါရစေဗျာ၊ တစ်နှစ်လုံးလုံး ကျွန်တော် စောင့်နေရမှာ တကယ့်ကို စိတ်မရှည်တာ၊ ဖြစ်နိုင်ရင် အမြန်လာတွေ့လိုက်ချင်တယ် အိန်ဂျယ်လ်ရယ်"

"တွေ့ရမှာပေါ့ မော်၊ အချိန်တန်ရင် တွေ့ရမှာပေါ့၊ ကျွန်မလည်း တွေ့ချင်ပါတယ်၊ မော် သီချင်းအသစ်တွေရော ရေးဖြစ်သေးလား"

"ရေးဖြစ်တာပေါ့ကွာ၊ အလွမ်းတွေ၊ တမ်းတ,တာတွေ များနေလို့ ခက်နေတယ်"

"စတေ့ဂ်ရှိုးပွဲတွေရော ဆိုဖြစ်သေးလား"

"ဆိုဖြစ်ပါတယ် အိန်ဂျယ်လ်"


www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးတော့ ဂရုစိုက်နော်၊ အဆီများတာတွေ ရှောင်နော်၊ ကော်ဖီပြင်းပြင်းတွေလည်း သိပ်မသောက်ပါနဲ့၊ ညကို မှန်မှန် အိပ်ရာဝင်နော်၊ အိပ်ရေးပျက်တွေ သိပ်မခံနဲ့ ကြားလား"

"ဟုတ်ကဲ့ ခင်ဗျာ . . . ကြားပါတယ်၊ အခုလို ဂရုတစိုက် ရှိတဲ့အတွက်လည်း အတိုင်းမသိ ကြည်နူးရပါတယ် ခင်ဗျာ၊ အိန်ဂျယ်လ်လည်း အစစအရာရာ ဂရုစိုက်ပါနော်၊ bodyguard တွေ ဘာတွေ လိုရင်လည်းပြော၊ ကျွန်တော် လာလုပ် ပေးမယ်၊ တစ်ပြည်ရပ်ခြားမှာ အောင်မြင်နေတဲ့ celeb တစ်ယောက်အနေနဲ့ အားလုံးကို ဂရုစိုက်ရမှာနော်"

"စိတ်ချပါကွယ်၊ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်း စောင့် ရှောက်နိုင်ပါတယ်၊ ကဲ . . . ဖုန်းပြောတာ နည်းနည်းကြာ သွားပြီ၊ ကျွန်မ ဖုန်းချလိုက်တော့မယ်၊ သတိရတဲ့အခါ ကျွန်မ အားတဲ့အခါ မေ့ဆီ လှမ်းဆက်လိုက်ပါမယ်၊ အိုကေ နော်. . . take care မော့်၊ တာ့ တာ"

"တာ့တာ အိန်ဂျယ်လ် . . . take care"

သူ ဖုန်းချပြီး မေ့ရာဆီ ဒိုင်ဝင်ပစ်ထိုးလိုက်တာကိုပါ ကကြိုးမြင်လိုက်ရသည်။ သူ့ကို ဖုန်းချပြီးတာနှင့် Lap top ကလေးဖွင့်ပြီး အင်တာနက်လုပ်နေသော ဘုံ့ဆီက Lap top လုကာ G-mail account တစ်ခု အသစ် စ,ဖွင့်လိုက်သည်။ Angelmay 2010 @ gmail.com ဆိုပြီး ဖွင့်လိုက်ကာ သူ့ e-mail လိပ်စာကို ဘုံကတဆင့် သိထားပြီးသားမို့ သူ့ဆီ ချက်ချင်းပဲ စာလှမ်းပို့လိုက် သည်။ ပထမ အိန်ဂျယ်လ်ပေးထားသော mail address ကို မသုံး တော့ဖို့ပါ ရေးလိုက်သည်မို့ နောက်ဆို သူ အိန်ဂျယ်လ့်ဆီ စာတွေပို့မည်ဆိုလျှင် ကကြိုး အသစ်ဖွင့်ထားသော mail box ထဲသို့သာ ဝင်လာတော့မည်။ သူ့ဆီမှ ချက်ချင်းပဲ စာပြန်ဝင်လာပါ သည်။ ပြီးတော့ g.talk ပြောနိုင်ဖို့အတွက် ချက်ချင်းပဲ invite လုပ်ထားတာကို ကကြိုးက ပြန်ပြီး accept လုပ်လိုက်သည်။ နောက်ဆို သူနှင့် online မှာ ဆုံကြဖို့ အခွင့်အရေးကို ဒီလောက် လွယ်လွယ်ကူကူနှင့် ရရှိလိုက်တာကို ဘုံဘုံတို့က အံ့သြမဆုံး။

"ကကြိုး . . . ရှင်သိပ်တော်ပါလား၊ အဲဒီတော့ ရှင်က ရှင့်ကိုယ်ရှင် အိန်ဂျယ်လ်မေအယောင်ဆောင်ပြီး သူ့ ဆီက အချစ်ကို ယူမယ့်အထာပေါ့"

"နံပါတ်တစ် . . . သူ့ဆီက အချစ်ကို ဘယ်လိုပုံစံမျိုးနဲ့ပဲ ဖြစ်ဖြစ် ငါ ရချင်တယ်၊ နံပါတ်နှစ် . . . သူ့ရင်ထဲမှာ စွဲထင် နေတဲ့ အိန်ဂျယ်လ်မေကို laser နဲ့ ဖျက်ထုတ်လိုက်သလို




www.burmeseclassic.com

www.burmeseclassic.com

ဖျက်ပြီး အဲဒီနေရာမှာ ငါ တဖြည်းဖြည်းချင်း အစားထိုး နေရာယူမယ်၊ နံပါတ်သုံး . . . တစ်ချိန်မှာ သူ ပြန်သိမယ့် အချိန်မှာ ဘာတွေဖြစ်နိုင်မလဲဆိုတာကို ငါ အခု ကြိုပြီး တွေးမထားချင်သေးဘူး၊ သူနဲ့ ချစ်သူတွေဖြစ်လာမယ့် အခွင့်အရေးတစ်ခုကို တခြားသူတစ်ယောက်ရဲ့ ဘဝနေရာမှာ အစားထိုးပြီးတော့ပဲဖြစ်ဖြစ် ငါလိုချင်တယ်၊ ခုချိန်ကစပြီး ငါ့ကိုယ်ငါ အိန်ဂျယ်လ်မေလို့ပဲ ခံယူထားလိုက်မယ်ဟယ်၊ ဘယ်သူက တရားစွဲနိုင်မှာမို့လဲ"

"ကဲ . . . ဖြစ်နိုင်ချေတစ်ခုကို ငါ ပြောပြမယ်၊ အကယ် ၍ အိန်ဂျယ်လ်မေက မှော့်ဆီကို စာပြန်တာမျိုး၊ လှမ်းဆက်သွယ်တာမျိုး တစ်ခုခု လုပ်ခဲ့ရင် သူနဲ့အိန်ဂျယ်လ် အဆက်အသွယ် ပြန်ရသွားရင် ဘယ်လိုလုပ်မလဲ၊ သူတို့ နှစ်ယောက်ကြားမှာ နင်က တတိယလူ ဝင်လုပ်နေပြီဆို တာ သူ ပြန်သိသွားနိုင်တယ်လေ၊ အဲဒါဆို နင် ကွေးပြီ ကကြီး"

"မေသွယ်လျ . . . နင်ဟာလေ ငါ့သူငယ်ချင်း အရင်းကြီးလုပ်နေပြီးတော့ ညံ့လိုက်တာနော်၊ အဲဒါကြောင့် နင် ခုချိန်ထိ ကောင်လေးတစ်ယောက်လောက်ကိုတောင် နင့်





ဖက်ပါအောင် မဆွဲဆောင်နိုင်တာ၊ အဲဒီအချက်ကို ငါ မတွက်ပဲ နေပါ့မလားဟဲ့၊ အကွက်စေ့အောင် ဟာကွက် မရှိအောင် ထောင့်စေ့အောင် ငါစဉ်းစားထားပြီးသားပါ၊ အိန်ဂျယ်လ့်ဆီကို e-mail နဲ့ မိတ်ဆက်စာရေးပြီး ခင် အောင်အရင်လုပ်မှာပေါ့၊ သူ့ကို ငါ ဘယ်လောက် crazy ဖြစ်တယ်ဆိုတာကို သူ့ဆီ ငါ့ဓာတ်ပုံတွေ ပို့ပေးလိုက်ရုံနဲ့ သူ သဘောပေါက်သွားလိမ့်မယ်၊ သူနဲ့ ရုပ်ချင်း၊ စတိုင်လ်ချင်း သိပ်ဆင်နေတဲ့ သူ့ရဲ့ clone တစ်ယောက်ကို သူ သတိ မထားမိဘဲကို နေနိုင်မှာ မဟုတ်ဘူး၊ သူ့ရင်ထဲ မှတ်ဉာဏ် ထဲ၊ အာရုံထဲကို ကကြီးသွယ်ရောက်သွားခဲ့ပြီဆိုရင် သူ မှော့်ဆီ ဘယ်လိုမှ ဆက်သွယ်စရာ မလိုအပ်တော့လောက် အောင် စာလေးတစ်ကြောင်းတည်းနဲ့ ငါ လှည့်စားနိုင်ပါ တယ်၊ အဲဒီလို trick လုပ်တဲ့နေရာမှာ ငါ ဘယ်လောက် တော်သလဲ ဆိုတာနှင့် မယုံမရှိနဲ့ ဆရာမ။ စောင့်ကြည့် လိုက် . . .။ အိန်ဂျယ်လ်မေ့ကို စင်္ကာပူလိုနိုင်ငံ မျိုးမှာတောင် အောင်မြင်နေတဲ့ International model တစ်ယောက်ဟာ မှော့်လို မြန်မာပြည်မှာပဲ နာမည်ကြီးတဲ့ အဆိုတော်ကလေး တစ်ယောက်ကို ငါ့လောက် တမ်းတမ်း စွဲမက်မောနေမှာ


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး၊ သူ့မှာ ရွေးချယ်စရာ ယောကျ်ားတွေ အများကြီးပါ၊ ရိုက်သတ်လို့တောင် ကုန်မှာ မဟုတ်ဘူး၊ ငါ့အတွက်တော့ မှော်မှ မှော်တစ်ယောက်တည်းပဲဆိုတာ သေချာခဲ့ပြီးသား၊ တခြား ဘယ်သူတွေကိုမှ ငါ မချစ်ချင်ဘူး၊ ဘယ်သူ့ရဲ့ အချစ်ကိုမှလည်း ငါ မလိုချင်ဘူး၊ မှော့်ရဲ့ အချစ်တစ်ခုပဲ ငါ လိုချင်တပ်မက်တယ်"

သူငယ်ချင်းတွေက ကကြီးကို နားလည်စွာဖြင့် အသံတိတ် ထောက်ခံနားလည်ပေးနေကြသည်။ ကကြီးက အိန်ဂျယ်လ်မေ့ကို facebook ထဲကနေ အလွယ်တကူပဲ ရှာဖွေနိုင်ကာ အိန်ဂျယ်လ်မေ့ဆီ မိတ်ဆက်စာ လှမ်းရေးနေသည်။ အိန်ဂျယ်လ့်ကို စင်္ကာပူမှာရှိနေကတည်းက facebook ကနေ တဆင့် သူငယ်ချင်းဖြစ်ခွင့် လှမ်းတောင်းခံခဲ့ဖူးသည်မို့ ကကြီးကို သူငယ်ချင်းအဖြစ် အိန်ဂျယ်လ်က confirm လုပ်ထားခဲ့ပြီးသား၊ အဲဒီကနေ message လှမ်းပို့လို့လည်း ရပါသည်။

"ချစ်သော အိန်ဂျယ်လ်မေ"

တို့က မင်းရဲ့ အရူးအမူး၊ အသည်းစွဲ ပရိသတ်တစ်ယောက်ပါ။ ဘယ်လောက်ထိအောင် ရူးသလဲဆိုရင် မင်းနဲ့





တော်တော်လေးကို ရုပ်ချင်းဆင်တဲ့ *clone* တစ်ယောက်လို တို့ မင်းကို လိုက်တုပနေမိတဲ့အထိပါပဲ။ လူတွေက တစ်ခါတစ်ရံ တို့ကို မင်းနဲ့မှားပြီး လာနှုတ်ဆက်တဲ့အခါတိုင်း တို့ အရမ်း ပျော်မိတယ်၊ မင်းရဲ့ ကြော်ငြာတွေတိုင်း၊ ဖက်ရှင်စတိုင်လ်တွေတိုင်းကို တို့ အသည်းခိုက်အောင် စွဲတယ်၊ မင်းကိုလည်း တို့ အရမ်းချစ်တယ်၊ မင်းရဲ့ ဘဝကိုလည်း အရမ်းအားကျတာပဲ၊ မင်းလိုလည်း တို့ ဖြစ်ချင်တယ်၊ စင်္ကာပူမှာ နှစ်နှစ်လောက် တို့ ကျောင်းတက်ဖူးပါတယ်။ အခုတော့ တို့ ရန်ကုန်မှာ ပြန်ရောက်နေပါပြီ၊ ဪ. . . စကားမစပ် တို့မှာ သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်လည်း ရှိပါတယ်၊ သူကလည်း မင်းကို သိပါတယ်၊ မင်းကို crazy ဖြစ်တဲ့အထဲမှာ သူလည်း ပါတယ်၊ တို့နှစ်ယောက် အတူတူပဲ ဆိုပါတော့၊ သူ့ကို မင်း သိမှာပါ၊ မြန်မာပြည်က နာမည်ကြီးအဆိုတော် 'မှော်'လေ၊ မင်းနဲ့ ခင်ခွင့်ရတဲ့အကြောင်း သူ တို့ကို ပြောပြပါတယ်၊ မင်း မြန်မာပြည်ကို ပြန်လာတုန်းက တို့က စင်္ကာပူရောက်နေလို့ မင်းနဲ့ မဆုံဖြစ်လိုက်တာပါ၊ ဖြစ်နိုင်ရင် မင်းရဲ့ e-mail လိပ်စာလေး တို့ကို ပေးပါလား၊ တို့ရဲ့ ဓာတ်ပုံလေးတွေ ပို့ပေးချင်လို့ပါ၊ facebook မှာ တင်ထားတဲ့ တို့ရဲ့ဓာတ်ပုံတွေကိုလည်း မင်း ကြည့်လိုက်နော်၊ တို့ကတော့ မင်းနဲ့ အရမ်းတူခွင့်ရတာကို ကျေနပ်တယ်၊ မင်းက


www.burmeseclassic.com

www.burmeseclassic.com

အရမ်း ကံကောင်းတယ်နော်၊ မင်းရဲ့ ဘဝမျိုး တို့လည်း ရချင်လိုက်တာ"

အချစ်များစွာဖြင့် . . .

မင်းရဲ့ ထာဝရ . . .

ကကြိုးသွယ် . . .

ကကြိုး၏စာကို ခေါင်းချင်းဆိုင်ကာ ဝိုင်းဖတ်ကြပြီး ဘုံဘုံတို့က "Bravo" ဟု ဝိုင်းအော်ကြသည်။

"ချစ်သူရှိပြီးသား ယောကျ်ားတစ်ယောက်ကို အိန်ဂျယ်လ်မေလို မိန်းမချောက အရေးလုပ်ပြီး သတိတရ လှမ်းဆက်သွယ်နေတော့မှာ မဟုတ်ဘူးလေ၊ သူတို့နှစ်ယောက်ကြားက ကြိုးတံတားကလေးကို လှမ်းဖြတ်လိုက်ပြီး ငါ့ဆီ လမ်းလွှဲတံတားကလေး လှမ်းဆက်လိုက်တာလေ၊ ငါ တရားပါတယ်နော် . . ."

ကကြိုးကို သူတို့ ဝိုင်းရယ်လှောင်ပြောင်ကြလည်း ကကြိုးက ဂရုမစိုက်ချေ။ အိန်ဂျယ်လ့်ဆီက စာပြန်လာဖို့လည်း မျှော်လင့်မထား။ ပြန်မှာလည်း မဟုတ်။ မော့်ဆီကိုတောင် မပြန်အားမှတော့ ကကြိုးဆီဆို ဝေးရောပေါ့။ ဒါပေမယ့် အိန်ဂျယ့်လ် အသိအာရုံထဲမှာ သူမ သိခဲ့သော မော့်မှာ သုံ့မနဲ့ ရုပ်ချင်း အလွန်





ဆင်တဲ့ ချစ်သူတစ်ယောက်ရှိတယ်ဆိုတာ သိသွားရင် လုံလောက်ပြီ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# ငါ့ရဲ့ လမင်း ဘယ်သူ ဝှက်ထား သလဲ

ကကြီးတို့၏ ဖက်ရှင်ရှော့(ပ်)ကလေးကို Capital Hyper Market မှာ ဖွင့်ခွင့်ရသည်။ ဆိုင်အပြင်အဆင် ဒီဇိုင်းက အစ ဘယ်ဆိုင်နှင့်မှမတူအောင် ခေတ်မီဆန်းသစ် လန်းဆန်းနေကာ "DESIGNER CORNER "ဆိုသော ဆိုင်အသစ်အဆန်းကလေးကို ဆယ်ကျော်သက်မိန်းကလေးတွေ စိတ်ဝင်စားကြသည်။ ခေတ်မီရုံတင်မက ခေတ်ရှေ့သို့ပင် ကျော်တက် ပြေးချင်နေသော ဆိုင်ကလေးထဲမှာ ဖန်စီ accrssories ပစ္စည်းကလေးတွေအစုံရသလို ဆိုင်ခန်းရဲ့ ထောင့်ချိုးကလေး တစ်နေရာမှာ tattoo corner ကလေးတစ်ခု ဖွင့်ပေးထားလိုက်သေးသည်။ တကယ့် tattoo အစစ်လို စက်နှင့်ထိုးထွင်းရတာမျိုး မဟုတ်ဘဲ ခေတ်မီ airbrush ကလေးနှင့် လိုချင်သော ပုံစံဒီဇိုင်းကို မှုတ်ပေးရသော ပညာကို





ကကြီးကိုယ်တိုင် သင်ယူလာခဲ့တာမို့ ပစ္စည်းတွေပါ အစုံအလင် ဝယ်ယူလာခဲ့တော့ တော်တော်အဆင်ပြေသွားသည်။ ကလေးမကလေးတွေ အကြိုက်ပေါ့လေ။ tattoo တစ်ခုကို ၁၀ ရက်လောက် ခံပါသည်။ ပြီးတော့ ဆိုင်ကလေးရဲ့အရှေ့မှာ ခြံဝင်း အသေးစားကလေးတွေကို နေရာတကျ ခင်းကျင်းပေးထားပြီး coffee maker စက်တစ်လုံး အဆင်သင့်ချထားပေးသည်။ Cappuccino ရယ်၊ Latte ရယ် black coffee ရယ် သုံးမျိုးလုံးကို ဖျော်စပ်ထားပြီးသားမို့ လိုချင်တာကို ကော်ဖီခွက်အသင့်ခံထားပြီး ခလုတ်နှိပ်လိုက်ရုံပင်။ အဲဒီလို နေရာထိုင်ခင်း သိပ်အကျယ်ကြီးမဟုတ်ပေမယ့် ဖက်ရှင်ဆိုင်ရော၊ tattoo ဆိုင်ရော 'ကော်ဖီကလေးပါ တွဲဖွင့်ထားသော ခေတ်ရှေ့ပြေးဆိုင်ကလေးမှာ ခေတ်လူငယ်ကလေးတွေ စုရုံး စည်ကားလျက်ရှိတာက ကကြီးတို့လေးယောက်၏ အောင်မြင်မှုပဲ ဖြစ်သည်။ ခေတ်အလိုက် အသစ်အဆန်းကလေးတွေကို လူငယ်တွေက အားပေးတတ်ကြသည်မို့ ကကြီးတို့ လေးယောက်စလုံးကလည်း ခေတ်လွန်သမီးပျိုကလေးတွေပဲမို့ ရင်ဘတ်ချင်း အရောင်ညှိစရာ မလိုတော့။

ဆိုင်ကလေးဖွင့်ပြီး တစ်ပတ်လောက်အကြာမှာပဲ ဒီဇိုင်နာကော်နာဆိုင်ကလေးရဲ့ ကျော်ကြားမှုက လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အကြား virus တစ်မျိုးလို ပျံ့နှံ့သွားသည်။ သတင်းအဆင့်ဆင့် ဖြင့် ရောက်လာသူတွေက မနည်း။ ဒီဆိုင်ကလေးဆီ မရောက် ဖူးရင်ပဲ ခေတ်မမီတော့တဲ့အတိုင်း။ အဲဒီတော့ မော့်တစ်ယောက် လည်း ခေတ်နောက်မှာ မကျန်ရစ်ခဲ့ချင်သောကြောင့်ထင်ရဲ့။ တစ်ရက်တော့ ကကြီးတို့ ဆိုင်ကလေးဆီ သူ့ဘော်ဒါတွေ သိုင်းဝိုင်း ခြံရံလျက် ရောက်ရှိလာတော့သည်။ လုံးဝ မျှော်လင့်မထားဘဲ မော့်ကို ပက်ပင်းရင်ဆိုင်လိုက်ရချိန်မှာ ကကြီး ရင်တစ်ခုလုံး ဆူနာမီလို လျှပ်လှိုင်းတစ်လှိုင်း ဝုန်းခနဲ ဝင်ဆောင့်ခံလိုက် ရသလိုပင် လူက ဘာလုပ်ရမှန်းမသိဘဲ ပျာထွက်ချာလည်သွားရသည်။ သူနှင့် မျက်နှာချင်းမဆိုင်မိအောင် ချာခနဲ လှည့်မိရက် သားလည်း ဖြစ်သွားသေးကာ ရင်က တဒုန်းဒုန်း အခုန်မြန်လာသည်။

မော့်က ဆိုင်ထဲတောင် ဝင်တာမဟုတ်ပါ။ ဆိုင်ရှေ့မှာ ကော်ဖီကော်နာကလေးထဲရှိ ခုံကလေးမှာ ဝင်ထိုင်ပြီး ကော်ဖီတစ်ခွက် မှာသောက်ပြီး နားမှာတပ်ထားသော i pod ဆီမှ သီချင်းတစ်ပုဒ်ဖြင့် ငြိမ့်နေဟန်ရှိသည်။ ပတ်ဝန်းကျင်ကို သိပ် တောင် အရေးမထား။ ကောင်မလေးတွေကတော့ မော့်ကို မြင်တော့ ကွက်ကြည့်ကွက်ကြည့်၊ လှုပ်လှုပ်ရွရွ၊ တီးတိုးတီးတိုးတွေ ဖြစ်လို့ပေါ့။ သူကတော့ အဲဒါတွေကို ထုသားပေသား ကျနေသည့်ဟန်





ရှိနေပြီး ဘယ်လိုမှ မနေတော့။ ကကြီးရင်ထဲ ရင်ခုန်လှုပ်ရှား လာရုံတင်မက ပျော်လည်း ပျော်လာသည်။

"ဟော့ . . . သူတလည်း ပါလာတယ်တော့၊ မော့်က အပြင်မှာ တစ်ယောက်တည်း ထိုင်နေတယ်၊ သူတက တက်တူးကော်နာ မှာ တက်တူးဒီဇိုင်းတွေ လိုက်ကြည့်နေ တယ်၊ ငါ့ကိုတော့ မမှတ်မိတန် ကောင်းပါဘူးနော်၊ အမလေး . . . ငါနှယ် ရင်တွေခုန်လိုက်တာ၊ သူနဲ့ မျက်လုံးချင်း မဆုံ အောင်နေမှ"

ဘုံဘုံကလည်း သူ့ဇယားနှင့်သူ စိတ်လှုပ်ရှားသံ ကလေးဖြင့် ခပ်တိုးတိုးသာ ပြောနေသည်။

"ဘုံဘုံ . . . ကျွန်မကို သူနဲ့တွဲပြီး ဖုန်းနဲ့ ဓာတ်ပုံရိုက် ပေးစမ်းပါ၊ ရှင် ဖုန်းပြောချင်ဟန်ဆောင်ပြီး ဆိုင်အပြင်ကို ထွက်လာခဲ့လိုက်၊ ကန်မရာကို အဆင်သင့် ဖွင့်ထား၊ သူနဲ့ ကျောချင်းကပ်ခုံမှာ ကျွန်မ ဝင်ထိုင်လိုက်မယ်၊ ရှင်က ဘေး တိုက်မြင်ကွင်းကနေ ရိုက်ပေး၊ ကျွန်မတို့နှစ်ယောက် ကျော ချင်းကပ်ဘေးတိုက်အနေအထားပေါ့၊ ရိုက်နိုင်သလောက် အများကြီး ရိုက်ပေးထားနော်"

"အိုကေဒို . . . သွားထိုင် . . . သွားထိုင်၊ ကကြီးတို့က



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကျ အကွက်က တော်တော်မြင်ပဲ့၊ ချက်ချင်းကို လုပ်စား လိုက်တော့တာပဲနော်၊ ဟိုခမျာ သနားစရာ ဘာမှ မသိရှာဘဲ ကို ခံနေရရှာတာပါလား"

"ဒါကတော့ ပါးနပ်သူ စားစတမ်းပေါ့ သယ်ရင်းရယ်၊ စကား မရှည်နဲ့၊ ကျွန်မသွားထိုင်ပြီနော်၊ သွယ်လျနဲ့ ကဗျာ၊ သေရေး ရှင်ရေးကလွဲပြီး ကျွန်မကို လုံးဝ လာမနှောင့်ယှက်နဲ့နော်၊ ပေါက်တယ်ဟုတ်"

"ပေါက်ပါ့ . . . ပေါက်ပါ၊ tattoo ထိုးမယ့်သူတွေကို ကျုပ်တို့ က ဘယ်လိုလုပ်ရမှာတုန်း၊ ရှင်ပဲ ထိုးတတ်တာနော်"

"တန်းသာ စီခိုင်းထားလိုက် . . . ဟီဟိ"

ကကြိုးက ဖျတ်ခနဲရွှေ့လျားကာ သူထိုင်နေသော ခုံကလေးနှင့် ကျောချင်းကပ်မှာ လှစ်ခနဲဝင်ထိုင်လိုက်မိသည်။ ခုံကလေးတွေက ကျောမှီမပါသော ခုံဝိုင်းရောင်စုံကလေးတွေမို့ သူနှင့် ကျောချင်းကပ်မျှနီးကပ်သွားလိုက်သည်မှာ သူ့ဆီက ပျံ့သင်းမွှေးရှိသော ရနံ့တစ်မျိုးကိုပင် ကကြိုး ရှူရှိုက်ခံစားမိသေးသည်။ လူတစ်ကိုယ်လုံးက နွေးပျံ့အုံ့ရှိလာကာ ချစ်မြတ်နိုး ရှိုက်မက်မောမှုတို့ဖြင့် အုံ့ဖွဲ့လာခဲ့သည်။ သူ့ကို ချစ်မြတ်နိုးလိုက်တာ။ အဲဒါဘာကြောင့်မှန်းလည်း အကြောင်းပြချက်ရှာလို့မရ၊ သူ့အလိုလို



ဖြစ်တည်ရှင်သန်လာခဲ့တဲ့ ချစ်ခြင်းတစ်မျိုးပါ။ သာယာလိုက်မောမှု တို့ဖြင့် ကကြိုး နှုတ်ခမ်းထောင့်စွန်းကလေးတွေပင် တုန်ရီချင်နေသည်။ ကကြိုး နှုတ်ခမ်းကလေး ပြုံးရိပ်သမ်းနေမှာ အသေအချာပါ။

ဘုံဘုံကတော့ ဖုန်းပြောသလိုလိုနှင့် ကကြိုးတို့ နှစ်ယောက်တွဲပုံတွေကို ဘယ်သူမှ မရိပ်မိအောင် တဖျပ်ဖျပ် ရိုက်လို့ ကောင်းဆဲ။ ဆိုင်ထဲမှာလည်း လူတွေ ရှုပ်ထွေးစည်ကားလို့။ tattoo ထိုးချင်သူတွေ တန်းစီနေတာလည်း တန်းတောင် တော်တော်ရှည် နေပြီ။ သူ့မျက်နှာကို မမြင်ရပေမယ့် သူ့ကျောပြင်ကလေးဆီ မှီနွဲ့လိုက်လိုစိတ်တွေ ကကြိုးရင်ထဲမှာ ပျံ့သီးလို့နေသည်။ ယစ်မူး လို့ကောင်းတုန်း သူ သူငယ်ချင်းတွေ ပြန်ထွက်လာတာမို့ ကကြိုး မျက်နှာကိုတစ်ဖက်သို့ လွှဲကာ ဆိုင်ထဲ ပြန်ဝင်လာခဲ့ ရသည်။

"လစ်စို့ မော် . . ."

ဟူသော အသံကို ကြားလိုက်ရသဖြင့် သူ ပြန်တော့ မယ်ဆိုတာကို လှည့်ကြည့်စရာမလိုဘဲ ကကြိုး သိနှင့်ပြီးသား။ ကကြိုးအတွက် ထိုတစ်နေ့ကတော့ဖြင့် အလှပဆုံး ခမ်းနားသွား ခဲ့တာ အမှန်ပါပင်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၅

လူတစ်ယောက်၏ နေရာမှာ သူမသိအောင် ဝင်ရောက်ခံစားမိသော အဖြစ်သည် ကကြိုးအတွက်တော့ စိတ်လှုပ်ရှား ရင်ခုန်စရာ စိန်ခေါ်ပွဲတစ်ခု၊ ကစားပွဲတစ်ခု ဖြစ်ခဲ့သည်။ မှော့ဆီက e-mail တွေ ကကြိုး၏ angelmay 2010 @gmail.com ဆီသို့ နေ့စဉ် တစ်စောင်နှုန်း ပုံမှန်ဝင်လာနေသလို ကကြိုးကလည်း နေ့တိုင်း သူ့စာတွေကို ပုံမှန်ပြန်တတ်မြဲ။ သိပ်ထူးထူးခြားခြားကြီးတွေတော့ မဟုတ်။ သူရေးဖြစ်တဲ့ သီချင်းအသစ်အကြောင်း သူ့ရဲ့ တစ်နေ့တာ အတွေ့အကြုံကလေးတွေကို ဒိုင်ယာရီရေးသလို ရေးပြခြင်းမျိုး ဖြစ်သည်။ ကကြိုးက သူ့ဆီသို့ တစ်ပတ်တစ်ကြိမ် ပုံမှန် g-talk ဖြင့် လှမ်းပြောသည်။ မပြောခင်တော့ စက်ဘ်ပူရှိ အိန်ဂျယ်လ် အမည်၏



www.burmeseclassic.com

www.burmeseclassic.com

up to date တွေကို အရင် စုံစမ်းစုဆောင်းထားရသည် ပေါ့။ အဲဒါကလည်း မခက်။ အိန်ဂျယ့်လ် website မှာ အကုန်ရှာလို့ရသည်။ ကကြိုး မျှော်လင့်ထားသည့် အတိုင်းပင် အိန်ဂျယ့်လ်ဆီမှ စာမပြန်ပါ။ စာပြန်ရလောက်အောင်လည်း သူမ အချိန်ပို မရှိဘူးထင်ပါရဲ့လေ။

တဖြည်းဖြည်းနှင့်တော့ g-talk နှင့် စကားပြောကြရင်း မော်နှင့် ကကြိုးတို့အကြားမှာ အခြေအနေတစ်ခုထိ ရင်းနှီးတွယ်တာမှုကလေးတွေ အထာကလေးတွေ သံယောဇဉ်ကလေးတွေ ရှိလာခဲ့ပြီဖြစ်သည်။ သာမန်အဆင့် ရင်းနှီးသော သူငယ်ချင်းတွေထက်တော့ အများကြီး ပိုအဆင့်မြင့်လာခဲ့ပြီ။ အဲသည်လိုဖြစ်အောင်လည်း သူ့ဘက်က ဂရုတစိုက်၊ စနစ်တကျ တည်ဆောက်ဖွဲ့တည်နေခဲ့ပုံပါ။ စာရေးရင်ဖြစ်ဖြစ် စကားပြောကြရင်ဖြစ်ဖြစ် သူခေါ်ပုံကိုက 'ကိုယ့်ရဲ့လမင်းလေး' တဲ့။ သူ အဲသည်လိုခေါ်လိုက်တိုင်း ကကြိုးကိုပဲ ရည်ညွှန်းခေါ်သလို ကကြိုးရင်ထဲ သိမ့်ခနဲ ကျေနပ်သာယာသွားတတ်မြဲ။ ကကြိုး၏ အသံလှိုင်းတွေထဲမှာလဲ ယစ်မူးတွယ်တာမှုတွေကို သူ ရှာဖွေခံစားမိမှာပါ။ သူလည်း ခေတ်လူငယ်လေးတစ်ယောက်ပဲဟာ။ တစ်ခါတစ်ရံတော့ ကကြိုးကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ကကြိုးဆိုတာကို မေ့သွားပြီး အိန်ဂျယ်လ်မေအဖြစ် ခံစားမိသည်။ ဒီအဖြစ်ကိုလည်း နာကျင်ခြင်း၊ နောင်တရခြင်း၊ အလျှင်းမရှိ။





အဲသည်နေ့က g-talk မှာ သူက စတင်သည်။

"ကိုယ့်ရဲ့လမင်းလေး . . . ကိုယ် စင်ကာပူမှာ ရှိုးပွဲတစ်ခုလာဆိုဖို့ လက်ခံလိုက်ပြီ . . . သိလား၊ ရှေ့လကျရင် ကိုယ့်လမင်းလေးရှိရာဆီ ကိုယ် ရောက်လာပြီ၊ တွေ့မယ်မှလားဟင်၊ အိန်ဂျယ့်လ်ကို ဘယ်မှာ လာတွေ့ရမလဲဟင်၊ ကိုယ့်ကို လိပ်စာကလေး ပေးထားပါလား"

ကကြိုးရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ ပျာသွားသည်။ ဦးနှောက်ကို ချက်ချင်းအလုပ်ပေးရသည်။

"ရှေ့လ ဘယ်ရက်လောက်ဖြစ်မလဲ မော် . . ."

"ဆယ့်ငါးရက်နောက်ပိုင်း . . . ပွဲကတော့ နှစ်ရက်တည်းပါ၊ ဒါပေမယ့် ကိုယ်က တစ်ပတ်လောက်နေမလားလို့၊ အိန်ဂျယ့်လ်မျက်နှာကလေးကို ကြည့်ပြီး ပြောချင်တဲ့ စကားလေးတွေလည်း ပြောချင်သေးတယ်လေ"

"ဟယ် . . . so sorry ပဲ မော့်ရယ်၊ မော်က အစောကြီးထဲက ကြိုမှ မပြောထားတာ၊ အဲဒီရက်တွေ ကျွန်မ အမေရိကားရောက်နေမှာ၊ အားလုံး စီစဉ်ပြီးသား ဖြစ်နေပြီ၊ ကြော်ငြာကိစ္စနဲ့ သွားရမှာမော်၊ ကျွန်မ စင်ကာပူမှာရှိမှာမဟုတ်ဘူး"

"ဟာဗျာ . . ."

သူ့အသံက တကယ်ပဲ စိတ်ပျက်လက်ပျက် ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည့်ဟန်။ အတော်လေးကြာအောင် အသံထွက်မလာ။

“မော် . . .”

“ဗျာ . . .”

“အဲဒီလောက်လည်း စိတ်ဓါတ်မကျပါနဲ့ဟယ်၊ မော် ပြောချင်တဲ့စကားကို အခုပြောလေ၊ ကဲ . . . ကျွန်မ နားထောင်ပေးမယ်၊ လူချင်းတွေ့ပြီး မျက်နှာချင်းဆိုင်ပြောမှ ကျွန်မ ကြားရမှာ မဟုတ်ပါဘူး၊ ကျွန်မ ရင်ဘတ်ထဲမှာ ရေဒါရှိပြီးသားပါ၊ ခံစားပေးနိုင်စွမ်းရှိပါတယ်”

“ကျွန်တော်က မျက်နှာလေးကြည့်ပြီး ပြောချင်တာ”

“OK လေ . . . မော့်မှာ web cam ရှိတယ်မှလား၊ vzo account ရှိလား၊ မရှိရင် ချက်ချင်းဖွင့်လိုက်၊ ကဲန်မရာကနေ ကျွန်မကို ကြည့်ပြီး ပြောလို့ရတာပဲ”

ကကြိုးစွန့်စားလိုက်ခြင်းဖြစ်သည်။ web cam ကို ခပ်ဝါးဝါးပဲ ချိန်ထားမှာမို့ ကကြိုးပုံစံသည် အိန်ဂျယ့်လ် ဒီဇိုင်းတော့ ထွက်နေလိမ့်မည်။ သူ ဘယ်လိုမှ မရိပ်မိနိုင်။ ပြီးတော့ မီးတွေ အမှောင်ချထားကာ dim light ကလေးပဲ ဖွင့်ထားတာမို့ သူ သဲသဲကွဲကွဲလည်း သေချာမြင်ရမှာမဟုတ်။

“ရှိတယ် . . . ကိုယ့်မှာ vzo account ရှိပြီးသား၊ web cam လည်း ရှိတယ်၊ ကိုယ်အခု ဖွင့်လိုက်မယ်၊ အိန်ဂျယ့်လ် user name က ဘာလဲ . . . ပြော”





“ကကြိုး . . .၊ kakyoe လို့ခေါ်လိုက်”

“ကကြိုးတဲ့လား . . . လှလိုက်တဲ့ နာမည်လေး၊ အိုကေ ကိုယ်ခေါ်လိုက်မယ်”

ခဏနေတော့ vzo line ကနေ သူ တက်လာခဲ့သည်။ သူ့ပုံကို ကကြိုးက သေချာမြင်ရသည်။ သူက Lap-top နှင့် ပြောနေတာ။ lap top မှာ web cam ပါပြီးသား။ ကကြိုးက ကဲန်မရာကို တတ်နိုင်သမျှ မြင်ကွင်းကျဉ်းအောင် ချိန်ထားသည်။ ကကြိုး၏မျက်နှာကိုတောင် အရိပ်ကလေးသာသာမျှပဲ သူ တွေ့ရမည်။

“အိန်ဂျယ့်လ်ပုံက အရမ်းဝါးနေတယ်၊ မှောင်လဲမှောင်နေတယ်၊ ကဲန်မရာချိန်လိုက်ပါဦး၊ ကိုယ် သေချာ မမြင်ရဘူး”

“ဒီလောက်ပဲ ရမယ်မော်၊ ဒီမှာ ညမိုးချုပ်နေပြီလေ၊ တစ်ခန်းလုံး အမှောင်ချထားတာ၊ ကျွန်မက အလင်းတွေ သိပ်များနေရင် မနေတတ်ဘူး၊ အရိပ်ကလေးနဲ့ပဲ ကျေနပ်နော်”

“ဩော် . . . ဒုက္ခ၊ ကိုယ့်ပုံကိုရော မြင်ရလား”

“မြင်ရတယ် မော်၊ ကဲ . . . မော်ပြောစရာရှိတာ ပြောလို့ရပြီ”

ကကြိုးကတော့ ကျေနပ်သည်။ ကကြိုးကတော့ သူ့ကို သေချာပီပြင်စွာ မြင်နေရလျက် သူကတော့ ကကြိုးကို မှန်ရိပ်ဝိုး



www.burmeseclassic.com

www.burmeseclassic.com

တဝါး အရိပ်ကလေးတစ်ရိပ်အဖြစ်သာ မြင်ရမှာ၊ သူ့ဆီက စကားသံကိုလည်း အနားမှာ လာထိုင်ပြောနေသလို ပီသ ကြည်မြစွာ ကြားခွင့်ရနေတာ။

"ကိုယ့်ရင်ဘတ်မှာ မြားဇာစ်စင်းစိုက်နေတယ် အိန်ဂျယ်လ်၊ အဲဒီမြားက မျှော်လင့်ခြင်းဆိုတဲ့မြားပေါ့၊ ဒီမြားကို အိန်ဂျယ်လ် ကိုယ်တိုင် နှုတ်ပေးမှပဲ ကိုယ် လွတ်မြောက်ခွင့်ရမှာ ... သက်သာမှာ"

သူ့စကားသံ မှ(ဒ်)အပြည့် ပျော်ဝင်လို့ ကကြိုး နှလုံးသားသည် လိပ်ပြာတောင်ပံခတ်သလို တလှပ်လှပ်ခါလာသည်။ ငြိမ်သက်မက်မောစွာဖြင့် ကကြိုး နားထောင်မိသည်။ နှလုံးသားဆီမှ စိမ့်နေသော ချိုမြိန်ခြင်းကို ခံစားရပါသည်။

"အဲဒီမျှော်လင့်ခြင်းမြားထဲမှာ ဘာတွေပါသလဲ မော့်"

"အား ... အိန်ဂျယ်လ် အဲဒီလိုမှ မေးပါ့မလားလို့ ... အိုကေ ... ကိုယ်ပြောပြမယ်၊ အဲဒီ မျှော်လင့်ခြင်းမြားထဲမှာ အချစ်တွေ၊ မြတ်နိုးခြင်းတွေ၊ ရူးသွပ်ခြင်းတွေ၊ စွဲလမ်းခြင်းတွေ၊ တမ်းတခြင်းတွေ၊ မက်မောခြင်းတွေ အများကြီးပဲ ပါတယ် အိန်ဂျယ်လ်"

"ဟုတ်လား ... ကဲ ... ဒါဆို မျက်လုံးကလေး ခဏမှိတ်ပြီး အသက်ရှူခဏ အောင့်ထားလိုက်"

ကကြိုးက ခဏလေး အသံတိတ်ကာ ငြိမ်နေလိုက်ပြီးမှ ...





"ဟော ... အသံတစ်ခု ကြားလိုက်ရလား မော့်၊ ပြီးတော့ ရင်ထဲမှာရော သက်တောင့်သက်သာ ရှိမသွားဘူးလား"

"ဘာသံလဲ အိန်ဂျယ်လ် ..."

"မြားဆွဲနုတ်လိုက်တဲ့ အသံလေ၊ မော့်ရင်ထဲက မြားကို ကျွန်မ လှမ်းပြီး ဆွဲနုတ်လိုက်တာလေ၊ အား ... အလေးကြီးပဲ တော့ နစ်နေတာပဲ"

ပြောပြီး ကကြိုးသဘောကျစွာ ရယ်မောမိသည်။ အဲဒီအချိန်မှာ သူနှင့်ကကြိုး နှစ်ဦးတည်းကလွဲလို့ တခြား ဘာကိုမှ ကကြိုး မတွေးတော့။ "ကကြိုး + မော့် = ချစ်ခြင်း" အဲဒါကိုပဲ နားလည်တော့သည်။

"ဟုတ်လား အိန်ဂျယ်လ် ... ဆွဲနုတ်လိုက်တဲ့ အိန်ဂျယ်လ်ရဲ့ လက်တွေမှာရော အချစ်တွေ အပြည့်ပါရဲ့လား၊ ဒီမြားက အချစ်တွေနဲ့ပဲ ဆွဲနုတ်လို့ရတာ အိန်ဂျယ်လ်ရဲ့ ..."

"ပါ ပါ့ ရှင် ... အပြည့်ရှင်"

"ဟာ ... အသည်းယားလိုက်တာကွာ၊ ကိုယ် အခု ချက်ချင်းပဲ ပြေးလာပြီး တွေ့လိုက်ချင်တယ်ကွာ၊ ပြီးရင် နတ်သမီးလေးကို ရင်ခွင်ထဲဆွဲပွေ့ဖက်ထားလိုက်ချင်တယ်၊ ဘယ်တော့မှ ပြန်မလွှတ်ပေးချင်တော့ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့လေ . . . ကွန်ပျူတာထဲကနေ ဖောက်ပြီး ဝင်လာခဲ့ပါလား"

"ဟား ဟား . . . ပြောတတ်လိုက်တာ၊ ကိုယ်က အချစ်ဗိုင်းရပ်(စ်)ပေါ့လေ၊ အရမ်းချစ်တယ် အိန်ဂျယ်လ်ရယ်၊ ကိုယ်ရူးတော့မယ် တကယ်၊ အိန်ဂျယ်လ် ကိုယ့်ကို တကယ်ချစ်လားဟင်"

ကကြိုး အသက်ကို ခပ်ဖွဖွနှင့် နက်နက်ကလေး ရှူသွင်းလိုက်မိကာ . . .

"သိပ်ချစ်တာပေါ့ မော့်၊ အဲဒီ အချစ်တွေ ကျွန်မရင်ထဲ သိမ်းထားခဲ့တာ ကြာလှပေါ့၊ ရင်နဲ့တောင် မဆန့်တော့ဘူး၊ လျှံကျတော့မတတ်၊ ကဲ . . . အဲဒီလောက် ချစ်တာ"

"ဟား . . . ဒီကမ္ဘာမှာ ကိုယ် အပျော်ဆုံးလူကွ၊ အိန်ဂျယ့်ဆီက အလိုချင်ဆုံးအချစ်ကို ကိုယ်ရပြီ၊ ကိုယ် ချက်ချင်းလာတွေ့မယ်ကွာ၊ နော် အိန်ဂျယ်လ် . . . နောက်လရှိုးပွဲအတွက်က သတ်သတ်ပေါ့၊ ရှေ့တစ်ပတ်အတွင်း ရှော့ပင်အလည်သက်သက်နဲ့ ကိုယ် စီစဉ်ပြီး ထွက်လာခဲ့မယ်၊ ကိုယ့်ရဲ့ချစ်သူလေးကို အရမ်း လာတွေ့ချင်တယ်ကွာ . . . နော်၊ ပြီးတော့ အာဘွားလည်း ပေးချင်တယ်"

"နိုး နိုး . . . အဲဒီလို မဆိုးရဘူးလေ၊ ကျွန်မ မော့်အတွက် အချိန်ပေးနိုင်မှာ မဟုတ်ဘူး၊ အလုပ်တွေ ရှိတယ်လေ၊





ဒီအတိုင်း on line ကနေ ချစ်နေလို့လည်း ရသားနဲ့၊ ကဲ. . . ပေး ပေး . . . အာဘွားပေး၊ ကျွန်မ ပါးလေးကပ်ထားပေးမယ်"

သူ့နှုတ်ခမ်းက ကင်မရာပေါ် ရွှတ်ခနဲ နမ်းလိုက်သည်။ ကကြိုး သဘောကျစွာ တသိမ့်သိမ့် ရယ်မိသည်။ ဘယ့်နှယ့်ပြောလိုက်ပါလိမ့်။ ကကြိုးလည်း သူ့ကို သိပ်တွေ့ချင်တာပေါ့ရှင်။

"ကိုယ် ဘာလုပ်ရမလဲဟင် အိန်ဂျယ်လ်၊ အိန်ဂျယ်လ်နဲ့ ကိုယ် ချစ်သူဖြစ်တဲ့ အမှတ်တရကလေးတစ်ခု ကိုယ် celebrate လုပ်ချင်တယ်၊ အား . . . ကိုယ်သိပြီ၊ အိန်ဂျယ့်လ်ပုံကလေး ကိုယ့်ရင်ဘတ်မှာ တက်တူးသွားထိုးမယ်၊ စက်နဲ့ထိုးတဲ့ တက်တူးအစစ် မဟုတ်ဘူးလေ၊ airbrush နဲ့ မှုတ်ရတာ၊ Capital Hyper Market က Designer Corner မှာ ရှိတယ်၊ အိုခေသွားပြီ၊ မနက်ဖြန် အိန်ဂျယ့်လ်ကို ရင်ဘတ်ဖွင့်ပြမယ် နော်"

သူ့စကားကြောင့် ကကြိုး ခေါင်းနပမ်းတွေ ကြီးသွားကာ နှလုံးသားတစ်ခုလုံး ဝုန်းဒိုင်းကြဲ ပြောင်းဆန်သွားတော့သည်။ ဘုရားရေ . . . မနက်ဖြန် သူ ကကြိုးရဲ့ ဆိုင်ကလေးကို လာမယ်။ ပြီးတော့ တက်တူးလာမှုတ်မယ်တဲ့။ သူနဲ့ မျက်နှာချင်းဆိုင် အနီးကပ် ဆုံတွေ့ရရင် ကကြိုး ဘယ်လို ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ။ လူက လေထဲမှာ မြောက်တက်လွင့်မျောသလိုမျိုး ဖြစ်နေမလား။ ဒါမှမဟုတ် လက်တုန်ခြေတုန်တွေများ ဖြစ်နေမလား။ ကကြိုးရဲ့ မျက်နှာကို သူ အနီးကပ် မတွေ့အောင်တော့ အလွယ်ကလေး။ ဆိုင်မှာရောင်းတဲ့ မျက်နှာဖုံး ခပ်ဆန်းဆန်း ကလေးတစ်ခု ကောက်စွပ်ထားလိုက်ရုံ။ ခက်တာက သူ့ရင်ဘတ်မှာ အိန်ဂျယ်လ်ပုံကို တက်တူးမှုတ်ရမည့် ဒုက္ခ။ Angel ပုံကလေးတွေ ကတ်တလော့(ဂ်)ထဲမှာ ရှိပါသည်။ ဘာပဲဖြစ်ဖြစ် သူ့ကို အဖြေပေးပြီး နောက်တစ်ရက်မှာ သူ့ကို တွေ့ခွင့်ရမည်။ သူ့ရင်ဘတ်မှာ ဆေးမှုတ်ပေးရမည့်အဖြစ်သည် ကကြိုးအတွက်တော့ တစ်သက်တာ မမေ့စရာ အမှတ်တရပေါ့လေ။

"ကောင်းသားပဲ မော် . . ."

ဟု . . . တိုးတိုးကလေးသာ ပြောလိုက်မိသည်။ အမလေး . . . ရင်ခုန်လှဘိ။

♥♥♥





BURMESE CLASSIC .com

'ချစ်သူ'ဆိုသော အသိ၊ သူ့ကို အရမ်းချစ်တယ်ဆိုသော ခံစားမှုတို့ဖြင့် ကကြိုး ရင်တစ်ခုလုံး လှိုက်ဖြာနွေးဆိုနေသည်။ "ငါတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားပြီ" ဟု ကကြိုးက ဝန်ခံအသိပေးလိုက်တော့ သူငယ်ချင်းတွေအားလုံး မယုံနိုင်လောက်အောင်ပင် ဝမ်းသာခုန်ပေါက်နေခဲ့ကြသည်။

"သူ ဒီနေ့ ဆိုင်ကို လာလိမ့်မယ်၊ တက်တူး လာထိုးမှာတဲ့ . . ."

ဟု . . . ပြောထားပြီး မျက်နှာပေါ်မှာ ရောမခေတ်အလှနတ်ဘုရား မျက်နှာဖုံးတစ်ခုကို တပ်ဆင်ထားခဲ့သည်။ ဆံပင်တွေကို အိန်ဂျယ်လ့်စတိုင်လ် အခွေအလိပ်တွေ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ချထားသောဒီဇိုင်းကို အားလုံး အပြောင်သိမ်းကာ ခပ်မြင့်မြင့် စုစည်းထားလိုက်တော့ ပုံပြောင်းသွားပြီ . . .။ အိန်ဂျယ်လ်နှင့် ကကြိုးက ခပ်ဆင်ဆင် တူနေစေသော အရာတွေက မျက်ခုံး၊ မျက်လုံးရယ် နှုတ်ခမ်းဖူးဖူး ငုံငုံကလေးရယ်ကြောင့် ဖြစ်သည်။ ပြီးတော့ . . . မျက်နှာကျပုံ . . . မေးမှာ ချိုင့်ခွက်ကလေးပါပုံ၊ မျက်နှာပေါ်ပိုင်းကို မျက်နှာဖုံးကလေး အုပ်ထားတော့ ကကြိုးဟာ အိန်ဂျယ်လ်နှင့် ဆင်သော မိန်းကလေးတစ်ယောက်မှန်း သူ မရိပ်မိနိုင်တော့။

"ဟော . . . သူလာပြီ"

သူနှင့်အတူ သုတလည်း ပါလာတာမို့ ဘုံဘုံကပါ မျက်နှာဖုံးကလေးတစ်ခု ဖျတ်ခနဲ ကောက်စွပ်လိုက်သည်။

"ဟား . . . ဒီနေ့ မျက်နှာဖုံးတွေနဲ့ ပါလား၊ ကျွန်တော်လည်း တစ်ခုတော့ ဝယ်ထားမှပဲ၊ ဒီမျက်နှာဖုံးတွေက ကိုယ့်ကို လူမသိစေချင်ရင် ကာကွယ်ဖို့ အလုံခြုံဆုံးပဲ"

"ကျွန်မတို့က အလှတပ်ထားတာပါရှင်"

"ကျွန်တော် တက်တူး ထိုးချင်လို့ angel ဒီဇိုင်းကလေးတွေ ရှိလားဟင်"

"ရှိပါတယ် . . . ကက်တလော့(ဂ်)ထဲမှာ ရှာပေးမယ်လေ"





ပြုံးနေသော သူ့မျက်နှာလေးကို မျက်နှာဖုံး အောက်ကနေ ကကြိုး မက်မောတွယ်တာလွန်းစွာ ငေးကြည့်နေမိပြီးမှ ကိုယ့်မျက်လုံးတွေကို သူ မြင်ရမှာပဲဟု ချက်ချင်း သတိရကာ ဘရိတ် အုပ်ရသည်။ ကိုယ်ချစ်တဲ့သူကို အနီးကပ် တွေ့ခွင့်ရနေပါလျက် ကိုယ်နှင့် ဘာမှမဆိုင်သလို လျှို့ဝှက်ဖုံးကွယ်ရတာကတော့ နည်းနည်း ရင်နင့်ဖွယ်ကောင်းပါရဲ့။

"ကျွန်တော် တွေ့ပြီ . . . ဒီ အိန်ဂျယ်လ်လေး ထိုးချင်တယ်နော်"

"အိုကေ . . . သိပ်ရတာပေါ့၊ ကဲ အင်္ကျီချွတ်လိုက်"

"ဗျာ . . ."

"ဟောတော် . . . အင်္ကျီချွတ်ရမယ်လေ၊ ရှက်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော် ဘယ်နေရာမှာ ထိုးမယ်လို့တောင် မပြောရသေးဘဲ ဒီက အင်္ကျီချွတ်ခိုင်းလိုက်တော့ အံ့သြသွားတာပါ၊ ဒီပုံကို ကျွန်တော် ဘယ်မှာ ထိုးမယ်လို့ ထင်လို့လဲ"

သူ့ကြည့်တွေထဲမှာ စူးစမ်းအံ့သြရိပ်တွေ ပါလာတော့မှ ကကြိုးရင်တွေ တဒိတ်ဒိတ်ခုန်ကာ ထူပူသွားသည်။ ဟုတ်ပါရဲ့ . . .။ ကကြိုးက သူ့ရင်ဘတ်မှာ ထိုးမယ်ဆိုတာကို ကြိုသိထားပြီး စွဲနှင့်နေတာ။ စိတ်က အလောတကြီး ဖြစ်သွား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ။

"အဲ . . ဟို ဒီလို အိန်ဂျယ်လ်ပုံတွေကို လက်ပြင်နေရာ တို့ ဇက်ဂုတ်ပိုးနေရာတို့မှာ ဆွဲတတ်တာများတယ်လေ၊ ဟုတ်သားပဲ . . . သူက ဘယ်မှာ ထိုးချင်တာလဲ"

"ကျွန်တော့်နှလုံးသားရှိတဲ့နေရာ . . . ဘယ်ဘက်ရင်အုံမှာပါ"

"အိုကေ . . . သိပ်ရတာပေါ့"

"မနာပါဘူးနော် . . ."

"မနာပါဘူးရှင်၊ airbrush နဲ့ မှုတ်ရုံပါ၊ နှစ်ပတ်လောက်ခံပါတယ်၊ ပျက်သွားရင် နောက်တစ်ခေါက် ပြန်လာထိုးပေါ့"

"ကျေးဇူးပါ . . ."

သူ့ရင်ဘတ်ဆီမှာ အိန်ဂျယ်လ်ရုပ်ကလေး အနီး ကပ်မှုတ်ပေးရသော တဒင်္ဂကလေးသည် ကကြိုးဘဝတလျှောက်မှာ စိတ်လှုပ်အရှားရဆုံး၊ ပျော်ရွှင်ကြည်နူးရဆုံး၊ မက်မောခုံမင်မဆုံး ဘယ်တော့မှ မမေ့နိုင်တော့ဆုံး တဒင်္ဂကလေးပဲ ဖြစ်သည်။ သူ့ရင်ဘတ်မှာတင် မက . . . ကကြိုး၏ နှလုံးသားထဲမှာပါ တက်တူးကလေးတစ်ခု ထိုးထွင်းမိခဲ့သလို စွဲမြဲထင်ရှားလို့သွားခဲ့





သည်။

"အရမ်းလှတာပဲဗျာ . . . ကျေးဇူးပါ"

တက်တူးကလေး ပြီးသွားသောအခါ မှန်ထဲမှာ အားပါးတရ ငြိုးကြည့်ရင်း သူကပြောတော့ ကကြိုး ခေါင်းညိတ် ပြုံးပြလိုက်ရသည်။

"လက်ရာက အရမ်း သေသပ်တာပဲနော်၊ ဘယ်ကနေ သင်လာတာလဲဟင်"

"စင်္ကာပူကပါ . . ."

"ဩော် . . . တိုက်ဆိုင်လိုက်တာ၊ ကျွန်တော့်ကောင်မလေးလည်း စင်္ကာပူမှာရှိတယ်၊ ဟဲ ဟဲ . . . ကြွားတာ မဟုတ်ဘူးနော်၊ ပြောပြတာပါ"

"မော့်ကို ကျွန်မ သိပါတယ်၊ ကွန်ဂရက်ကျူးလေး ရှင်း(စ်) ပါ"

"သန့်(ခ်)(စ်) . . . ကျွန်တော် ကော်ဖီထိုင်သောက်လိုက်ဦးမယ်၊ ဘယ်လောက်ကျလဲဟင်"

"ခါတ်ပုံပဲ ရိုက်ခွင့်ပြုပါ၊ မော်က celeb တစ်ယောက်ဆိုတော့ မိတ်ဖြစ်ဆွေဖြစ် အမှတ်တရ လုပ်ပေးတာပါ"

"ဟာ . . . တကယ်လား၊ အားနာစရာကြီးဗျာ၊ ဒါပေမယ့်


www.burmeseclassic.com

www.burmeseclassic.com

မိုက်တယ်ဗျ။ ဓာတ်ပုံက အခုရိုက်မှာလား။ ရိုက်လေ . . . ကျွန်တော် ပို့(စ်)တော့ မပေးတတ်ဘူးနော်"

"ရပါတယ် . . . မှော် နေချင်သလိုပဲ နေပါ၊ ကျွန်မ စိတ်ကြိုက် ရိုက်ယူထားပါ့မယ်"

ကကြိုးက အဆင်သင့် ယူလာခဲ့သော sony digital camera ကလေးဖြင့် သူ့ပုံတွေကို အမိအရ ရိုက်ယူထားလိုက်သည်။ ဒီအခွင့်အရေးက ကကြိုး မမျှော်လင့်ဘဲ ရလိုက်သော အခွင့်အရေး ကလေး ဖြစ်သည်။

ညကျတော့ on line မှာ ဆုံပြီး သူက အိန်ဂျယ်လ် တက်တူးကလေးကို တခမ်းတနား ပြနေတော့ ကကြိုးမှာ ရင်လှိုက်ဖိုစွာ၊ ရယ်လည်းရယ်ချင်နေခဲ့မိသည်။ ကကြိုး သူ့ကို သိပ်ချစ်တာပဲ။ ဒါပေမယ့် ကကြိုးရဲ့ အချစ်က သူ့ကို လှည့်စားရာများ ကျနေသလား မသိချေ။ ချစ်သူနှစ်ယောက် ဟူသော ခေါင်းစဉ်အောက်တွင် ကကြိုးနှင့်သူ တစ်နေ့တစ်ခြား ပိုတိုး၍ ရင်းနှီးတွယ်တာမိလာခဲ့ကြပါသည်။

♥ ♥ ♥



# အခန်း ၆


www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၆

ထင်မှတ်မထားလောက်အောင် ကကြိုးတို့ဆိုင်ကလေး၏ အောင်မြင်မှုကြောင့် တစ်လအတွင်းမှာပင် ခေတ်ပေါ် accessories တွေ တော်တော်များများ ကုန်လုနီးပါး ရောင်းရတာမို့ ပစ္စည်းထပ်ဖြည့်ဖို့အတွက် ကကြိုး စက်ဘုသွားဖို့ ဖြစ်လာသည်။ ကကြိုးနှင့်ဘုံဘုံ နှစ်ယောက်တည်းပဲ သွားကြသည်။ ခေတ်နှင့်အမီ ဖက်ရှင်အမြင် အရှိဆုံးက ကကြိုးဖြစ်သောကြောင့် ကကြိုးစိတ်ကြိုက်ပဲ ဝယ်ဖို့ ဆုံးဖြတ်ထားကြသည်။ ဈေးဝယ်ထွက်ရတာကို ကကြိုး အနှစ်သက်ဆုံး။ မျက်စိထဲ နှစ်သက်ရာမှန်သမျှ စိတ်ကြိုက်ဝယ်သည်။ ကကြိုး



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်တာမှန်သမျှ မြန်မာပြည်က ဆယ်ကျော်သက်ရော၊ နှစ်ဆယ်ကျော်သက်ကလေးတွေပါ ကြိုက်ကြမှာ သေချာနေပြီးသား။ တစ်လအတွင်း ပစ္စည်းတွေ ထပ်ဝယ်ရတာပဲ ကြည့်။ ညဘက်ဆို Hotel မှ internet ဝင်ပြီး မော်နှင့်တွေ့နေကျ။ မပြန်ခင် တစ်ရက်အလိုမှာ သူ့အတွက် လက်ဆောင်တစ်ခုခု ပေးချင်တာနှင့် . . .

"မော် . . . မနက်ဖြန် မြန်မာပြည်ပြန်မယ့် လူကြုံရှိလို့ မော်စက်ာပူက ဘာမှာချင်လဲဟင်"

ဟု . . မေးလိုက်တော့ သူ့မှာပုံက ခပ်ဆန်းဆန်း။

"ကိုယ် PIZZA HUT က ပီဇာပူပူကလေး စားချင်တယ် အိန်ဂျယ်လ်"

"တကယ် ! . . . အိုကေ ရရမှာပေါ့၊ လေဆိပ်ဆင်းခါနီး ကပ်ပြီး ဝယ်ထည့်ပေးလိုက်မယ်နော် . . ."

"အလကား စ,တာပါ အချစ်ကလေးရယ်၊ မလုပ်ပါနဲ့၊ ကိုယ် ဘာမှ မလိုချင်ပါဘူး"

ဟု သူက ပြန်ပြောပေမယ့် ကကြီးကတော့ လေဆိပ်ဆင်းခါနီးမှ ကပ်ပြီး PIZZA HUT ဆိုင်ကနေ ပီဇာ အကြီးကြီးတစ်ဗူး မှာလိုက်သည်။ အပူဓာတ်လျော့မသွားအောင် အပူဓာတ်ကို ထိန်းပေးထားသည့် အိတ်မည်းကြီးနှင့် သေချာထုပ်ပြီး ထည့်ယူလာ





ခဲ့သည်။ ကကြီးအဖြစ်သည်းပုံကို ဘုံဘုံက ဟားလို့မဆုံး။

"ကကြီးမ,ရယ် . . . ယောကျ်ားတစ်ယောက်ကို အဲဒီလောက်ချစ်ရသလား၊ အဲဒါလည်း ဝဋ်ပဲ"

"ဟုတ်တယ် . . . သူ့ကို ကျွန်မ အရမ်းချစ်တာပဲ ဘုံ၊ ဒါပေမယ့် အဲဒါ ဝဋ်တစ်ခု မဟုတ်ဘူး၊ ကျွန်မရဲ့ စိတ်ခံစားမှု ကျေနပ်မှုသုခတစ်ခုပဲ၊ သူ့အတွက် ဘာကလေးပဲ လုပ်ပေးရ လုပ်ပေးရ ကျေကျေနပ်နပ်ကလေးကို လုပ်ပေးမိတယ်၊ သူ့ကို ချစ်နေရတာကိုက ကျွန်မအတွက် ကဗျာတစ်ပုဒ်ပဲ၊ အဲဒါ ကျွန်မ စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ ပျော်ရွှင်ခြင်းလေ၊ သူ့ကို ချစ်ရတာ ကျွန်မ ပျော်တယ်၊ စိတ်ချမ်းသာတယ် . . . ဒါပဲလေ"

"ဒါပေမယ့် ကကြီးရယ် . . . ရှင် သနားဖို့ကောင်းတာ က သူက ရှင့်ကို ရှင်အဖြစ်နဲ့ ချစ်တာ မဟုတ်ဘူးမှလား၊ အိန်ဂျယ်လ်မေလို့ သူ ထင်နေတာလေ၊ အဲဒါကို သူ သိသွားတဲ့ တစ်နေ့ကျရင်"

"ကျွန်မ အဲဒါတွေ ခုကြိုပြီး မစဉ်းစားချင်ဘူး ဘုံရာ၊ ပျော်ရွှင်ရတဲ့ moment ကလေးတွေကိုပဲ ခံစားမယ်၊ ခံစားခွင့်ရှိသလောက်ပေါ့၊ အနည်းဆုံးတော့ သူ့ကို ချစ်ခွင့်ရတဲ့ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးလေးကိုပဲ ကျွန်မ ကျေနပ်တယ်၊ ချစ်သူတိုင်း ပေါင်းဆုံခွင့်ရမယ်လို့ ရှင့်ဘယ်သူပြောတုန်း၊ တွေ့ဆုံကြတယ်ဆိုတာ တစ်နေ့တော့ ခွဲခွာကြဖို့ပဲဥစ္စာ၊ ရသမျှ အခွင့်အရေးကလေးကို ရောင့်ရဲတတ်ရင် ဘဝက ကျေနပ်စရာပါဟဲ့ . . .”

ကကြိုးက ပြုံးပြုံးကလေး ပြန်ပြောမိသည်။ ရန်ကုန်လေဆိပ်ကနေ အိမ်သို့ တန်းပြန်လာပြီး ကဗျာ့ကို သူ့အိမ်သို့ PIZZA ဗူး သွားပို့ခိုင်းလိုက်သည်။ သူ့အိမ်က ကောင်မလေးတစ်ယောက် ထွက်ယူပါသည်။ ကဗျာက မျက်နှာချင်းဆိုင်အိမ်က,လို့ မပြော။ အဝေးကြီးက လာသည့် ဟန် Taxi တစ်စင်း ထွက်ငှားပြီးမှ ပိပိရိရိ Taxi နှင့် လမ်းထိပ်အထိ လိုက်စီးပြီးမှ အိမ်ပြန်လာခဲ့သည်။ ကကြိုးက သူ့အခန်းဆီ tele ဖြင့် လှမ်းကြည့်နေခြင်းဖြစ်သည်။ ပီဇာဗူးကြီး အခန်းထဲ ကောင်မလေး လာပို့တော့ သူ တအံ့တသြ ထ,ခုန်လေသည်။ ကောင်မလေးကို မေးမြန်းစုံစမ်းနေသေးသည်။ ပြီးမှ အိတ်မည်းကြီးကို ဖယ်ကာ ပီဇာဗူးကြီးကိုဖွင့်ပြီး သူ အားပါးတရ၊ အမြိန်အယှက် စားနေတာကိုကြည့်ပြီး ကကြိုးအသံကလေးတွေ ထွက်အောင်ပင် ရယ်မောမိလေသည်။ ကြည့်စမ်း . . . သူ ပီဇာ သိပ်ကြိုက်တာပဲလား။ သူ့ဆီ ချက်ချင်း ဖုန်းခေါ် လိုက်သည်။ အိမ်ဖုန်းကိုပဲ ခေါ်ခြင်းဖြစ်သည်။ သူ မကိုင်။ ကောင်မလေးက







အရင်လာကိုင်ပြီးမှ သူ့အခန်းထဲသို့ လာပို့ပေးရသည်။ သူက ပီဇာသရဲလုပ်နေတုန်း။ ဘယ်လောက် စားချင်နေမှန်း မသိ။ ပလုပ်ပလောင်းကို တွယ်နေတော့တာ။

“မော့်ရေ . . . ကျွန်မပါ”

“ဟား . . . အရမ်းချစ်ဖို့ကောင်းတဲ့ ကိုယ့်ရဲ့ sweety pie ကလေး၊ အခုပဲ ပီဇာ ထိုင်စားနေတာ၊ နွေးနွေးကလေး ရှိတုန်းပဲဗျ၊ အရမ်းစားလို့ကောင်းတာပဲ အိန်ဂျယ်လ်၊ ကိုယ့်ချစ်သူလေးဆီက အချစ်တွေပါ, ပါလာလို့လား မသိဘူး”

သူ့အသံကိုက ပလုပ်ပလောင်းသံနှင့်။

“ဖြေးဖြေးလည်း စားဦး မော့် . . . စားချင်ဇောနဲ့ တစ်ချပ်လုံး အကုန်စားမပစ်လိုက်နဲ့ဦး၊ ပိုတာကို ချန်ထားပြီး Microwave နဲ့ ပြန်နွေးစားရင်လည်း ကောင်းပါတယ်၊ မော့် ပီဇာကြိုက်မှန်း ခုမှပဲ သိခွင့်ရတယ်၊ နောက် လူကြုံရှိရင် ပို့ပေးဦးမယ် . . . သိလား”

“ဟုတ်တယ် . . . ကိုယ် ပီဇာအရမ်းကြိုက်တယ်၊ တခြား ပီဇာတွေထက် PIZZA HUT က ပီဇာကိုကြိုက်တယ်၊ ပိုနူးညံ့ပြီး ချိ(စ်)ပိုကောင်းတယ်၊ ကျေးဇူးပဲ . . . ကဲန်ဒီ၊ အရမ်းချစ်တယ်နော်၊ အိန်ဂျယ်လ် အခု ဘာလုပ်နေလဲ၊ အလုပ်တွေ





www.burmeseclassic.com

www.burmeseclassic.com

ရှုပ်နေလား"

"ဟုတ်တယ်မော့် . . . ဖက်ရှင်ဆိုင်တစ်ဆိုင် ပရိုမိုးရှင်းအတွက် အဲဒီဆိုင်မှာ Mannequin ရုပ်လို နာရီဝက်စာ သွားရပ်ပေးရမယ်၊ လူတွေ လာကြည့်ကြမှာပေါ့"

တကယ်တော့ ထိုသတင်းကို ကကြိုး စက်ာပူကနေ ကြားလာခဲ့ခြင်းမို့ ခပ်တည်တည် ပြောနိုင်ခြင်းဖြစ်သည်။

"ထွင်တယ်ကွာ . . . လူတွေလာပြီး ဝိုင်းအုံကြည့်နေမှာပေါ့၊ ကိုယ်လည်း လာကြည့်ချင်လိုက်တာ"

"ဩော် . . . မော့်အတွက်ကျတော့ တစ်ဦးတည်းမူပိုင် ကိုယ်ဟန်ပြပေးမှာပေါ့ကွယ်"

"တကယ်လား . . . ဘယ်တော့လဲဟင်"

"လာမှာပေါ့ မော့်ရယ်၊ ကျွန်မလည်း ကိုယ့်ရဲ့ချစ်သူနဲ့ အရမ်း တွေ့ချင်တာပေါ့၊ အလုပ်တွေ လက်စသတ်လိုက်ဦးမယ် လေ"

"ကိုယ် စက်ာပူလာမယ့်အချိန် အိန်ဂျယ်လ် မရှိဘူးဆိုတော့ ကြေကွဲတယ်ကွာ၊ စိတ်ဓာတ်တောင်ကျချင်တယ်"

"အလုပ်ကိစ္စ လာတာပဲ မော့်ရယ်၊ တစ်နှစ်ပြည့်ရင် ကျွန်မ ပြန်လာဦးမှာပဲဟာ၊ ခဏလေးပဲ စောင့်ရမှာ"





"အင်းပါ . . . ကိုယ် နားလည်ပါတယ်၊ ကိုယ့်ချစ်သူက အလုပ်သိပ်များတဲ့ International Model ဆိုတာ ကိုယ် အမြဲ သတိထားပါတယ်၊ ရမလားလို့ ဂျီကျကြည့်တာပါ၊ ခုလည်း ညတိုင်းလိုလို Online မှာ တွေ့နေရတာပဲကွာ၊ ကိုယ် ကျေနပ်ပါတယ်"

"အိုကေ . . . အဲဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ် မော့်၊ enjoy your pizza"

"Million Thanks, ဘေ . . ."

ဘေဘီကို 'ဘေ'ဟု အဖျားဆွတ်ပြီး ခေါ်ခြင်းဖြစ်သည်။ ကကြိုးအတွက် အလွမ်းတွေ တကယ်ပြေသွားရပြီဖြစ်သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

# ငါ့ရဲ့ လမင်း ဘယ်သူ ဝှက်ထား သလဲ

အဲဒီနေ့ကတော့ တကယ့်ကို မထင်မှတ်စွာပါပဲ။ ကကြီးက ကော်ဖီဆိုင်ကလေးထဲကို အဝင်။ မောင်နဲ့ သူငယ်ချင်းတစ်စုက ကော်ဖီဆိုင်ကလေးထဲကနေ အထွက်။ မှန်တံခါး တွန်းအဖွင့်မှာ ဖြုန်းခနဲ ရင်ဆိုင်လိုက်ရတာမို့ ဘယ်လိုမှ ရှောင်လွှဲဖို့တောင် အချိန်မရလိုက်နိုင်။ ကကြီးရဲ့ စတိုင်လ်က တကယ့်ကို အိန်ဂျယ်လ်မေ့ စတိုင်လ်အတိုင်း။ မသိရင် အိန်ဂျယ်လ်မေပဲဟု အထင်မှားစရာ။ ကကြီးကို အမြင်မှာ သူ့မျက်ဝန်းတွေ လုံးဝတောက်ပလင်းလက်သွားကာ တစ်မျိုးဖြစ်သွားခဲ့သည်။

“ဟာ . . . အိန်ဂျယ်လ်များ ပြန်ရောက်နေတာလားလို့ မြင်မြင်ချင်း ဝုန်းခနဲ ရှော့(ခ်)ရိုက်သွားတယ်၊ အိန်ဂျယ်လ်နဲ့ တူလိုက်တာ”

သူ့အသံကို ကကြီး ပီပီပြင်ပြင်ပဲ ကြားခွင့်ရပါသည်။





ကကြီး သူ့ကို မကြည့်မိအောင်၊ ကြည့်မိလျှင်လည်း ကကြီး၏ မျက်လုံးတွေကို သူ မရိပ်မိနိုင်အောင် Dior မျက်မှန်ကြီးကို နဖူးပေါ်ကနေ ဆွဲဖြုတ်ချပြီး တပ်လိုက်ရသည်။ ကကြီး တစ်ယောက်တည်း ဝင်လာခဲ့မိခြင်းဖြစ်သည်။ ဘုံဘုံတို့က ဆိုင်မှာ။ တက်တူးထိုးသော ပညာကို ကဗျာ့ကို လက်ဆင့်ကမ်း ဝေငှထားသောကြောင့် ကကြီးတို့ တစ်ယောက်တစ်လှည့် အပြင်ထွက်စရာရှိတာ ထွက်နိုင်သည်။ လေးယောက်စလုံး ဆိုင်ထဲမှာလည်း အမြဲ မနေနိုင်ကြဘူးလေ။

ကကြီးက ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ရင်း ကော်ဖီတစ်ခွက်မှာကာ လက်ထဲမှာပါလာသော i phone ကလေးဖွင့်ပြီး ကလိကြည့်နေရင်း စိတ်လှုပ်ရှားမှုကို ပြေပျောက်လမ်းလွှဲဖို့ ကြိုးစားသည်။ စိတ်မလှုပ်ရှားပဲ ခံနိုင်ရိုးလား။ သူက ကော်ဖီဆိုင်ထဲကနေ မထွက်တော့ဘဲ ပြန်ဝင်လာခဲ့ပြီး ကကြီးနှင့် မျက်နှာချင်းဆိုင်ခုံမှာ လာပြန်ထိုင်ကာ တကယ်ကြီးကို ထိုင်ရှိုးနေတော့တာကိုး။ စဉ်းစားကြည့် . . .။ ကကြီးရင်တွေ ဘယ်လောက် ဝုန်းဒိုင်းကြဲ ခုန်ပေါက်မြောက်ကြွနေတော့မလဲဆိုတာ။ ကိုယ် သိပ်ချစ်ရသော ယောကျ်ားတစ်ယောက်။ သူ့ဆီက အချစ်ကိုလည်း ပုံစံတစ်မျိုးဖြင့် ရယူထားမိသူ။ ကိုယ်က လှည့်စားထားမိသူဆိုတော့ မျက်နှာချင်းဆိုင် တွေ့နေရချိန်မှာ ကိုယ့်ရဲ့ အလိမ်အညာတွေများ သူရိပ်မိ ခံစားမိသွားမလားဟု စိုးတရွံ့ရွံ့ ရင်ထိတ် တုန်ရင်ခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ယောက်တည်း လာမိတာကိုက မဟာအမှားပဲ။ ခြေဖျားလက်ဖျားတွေ အေးစက်တုန်ရင်လာကာ ခုမှပင် အဖျားရှိန်းကလေးလို မနေတတ် မထိုင်တတ် ဖြစ်နေတော့တာ။ သူ့အကြည့်တွေက နူးညံ့နက်ရှိုင်းစွာ . . .။ ဒါတောင် သူ့ချစ်သူလို့ သူသိထားတာ မဟုတ်။ သူ့ချစ်သူနှင့် သိပ်တူသော . . . copy လုပ်ထားသော ဒီဇိုင်းတူ မိန်းမတစ်ယောက်ကို အံ့ဩစိတ်ဖြင့် ချစ်သူအလွှမ်းပြေ ထိုင်ကြည့်ရုံသက်သက်ပဲ ဖြစ်သည်။ လာစကားပြောတာ၊ ဝင်ရောတာမျိုး မလုပ်သည့်အတွက် ကျေးဇူးတင်ရပါသည်။ ကြည့်တာတောင် မသိမသာ၊ မကြာခဏ ခိုးကြည့်ပုံမျိုးပါ။ သူ့အမူအရာမှာ ရိုသဲ့သဲ့လုပ်ခြင်းမျိုး လုံးဝမပါ။ တကယ့်ကို သူရိုးသားစွာ အံ့ဩနေခဲ့ရုံသက်သက်ပါ။ ဆိုင်ထဲကနေ ကကြိုးပြန်ထွက်လာတော့လည်း သူတို့ လိုက်ပါလာခြင်းမရှိတော့။

ညကျတော့ online မှာ ထိုအဖြစ်ကို သူက ရိုးသားစွာပဲ ဖွင့်ဟ,ပါသည်။

"ဒီနေ့ Mr. Guitor မှာ အိန်ဂျယ်လ်နဲ့ အရမ်းတူတဲ့ ကောင်မလေးတစ်ယောက်နဲ့ဆုံတယ် . . . သိလား ဟန်နီ"

"ဟုတ်လား . . . တော်တော်တူလားဟင်"

"တူတယ် . . . ခပ်လှမ်းလှမ်းကကြည့်ရင် လုံးဝ အိန်ဂျယ်လ်ပဲ၊ ကိုယ်တကယ် ရှော့ခ်ရိုက်သွားတာ၊ အိန်ဂျယ်လ် ကလုံးပဲ၊ သေချာအနီးကပ်စိုက်ကြည့်တော့ မတူတော့ဘူး၊ ဒါပေမယ့် အဲဒီတစ်ယောက်ကလည်း သူ့ကိုယ်သူ အိန်ဂျယ်လ်နဲ့တူမှန်း သိပုံရတယ်၊ မတူ တူအောင်ကို ကော်ပီလုပ်ယူထားတော့ အိန်ဂျယ်လ့်ဒီဇိုင်း ထွက်နေတာပေါ့"

"သူ့ကိုမြင်တော့ မော့် ဘယ်လိုခံစားရလဲဟင်"

"ကိုယ့်ရဲ့ ကဲန်ဒီကို အရမ်း လွမ်းသွားတာပေါ့ကွာ၊ ဖြစ်နိုင်ရင် အိန်ဂျယ်လ်ပဲ ဖြစ်လိုက်ပါစေလို့တောင် ကိုယ် စိတ်ညွှတ်လိုက်မိတဲ့ အထိပဲ"

"မော့် သူ့ကို စိတ်မဝင်စားသွားဘူးလား"

"နည်းနည်းတော့ ဝင်စားသွားတယ်၊ အဲဒါကိုတော့ မညာချင်ဘူး . . . ကိုယ့်ရဲ့ ချစ်သူနဲ့တူတာကြောင့် အနည်းဆုံးတော့ အိန်ဂျယ်လ် အလွှမ်းပြေ ငေးလို့ရတာပေါ့၊ ဒါပေမယ့် သူက သူ့ကို ကြွေတယ်ထင်ပြီး တစ်မျိုးပေါက်သွားရင်လည်း မကောင်းဘူးလေ၊ ကိုယ့်ရဲ့ စိတ်သာယာမှုအတွက် တစ်ပါးသူကို ဓားစာခံ မလုပ်သင့်ဘူးလို့ ကိုယ်တွေးပါတယ်"

သူ့စကားကြောင့် ကကြိုး နည်းနည်းတော့ တုန်လှုပ်သွားမိသည်။ ကကြိုးကို စောင်းပြောလိုက်သလားဟု ခံစားလိုက်မိသောကြောင့် ဖြစ်သည်။ ကကြိုးကတော့ ကိုယ့်ရဲ့ စိတ်သာယာမက်မောမှု၊ အတ္တနဲ့ ရူးသွပ်မှုအတွက် သူ့ကိုတောင် ဓားစာခံလုပ်ထားမိတယ် မဟုတ်လား။


www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တို့ မနက်ဖြန် စင်္ကာပူရောက်မယ် အိန်ဂျယ်လ်၊ တကယ်ပဲ ကိုယ့်ရဲ့ ဟာ့(တ်)ကလေးနဲ့ တွေ့ခွင့်မရတော့ဘူးလားဟင်"

သူပြောပုံက လှိုက်လှိုက်လှဲလှဲ တမ်းတမ်းတတပါ။

"ကျွန်မက L.A ကိုတောင် ရောက်နေပြီ မော့်၊ ဒီတစ်ကြိမ် မတွေ့လည်း နောက်တစ်ကြိမ် ဆုံကြသေးတာပေါ့ မော့်ရယ်၊ all the best မော့်"

"same here အချစ်လေး"

ကကြိုး သက်ပြင်းခပ်တိုးတိုး ခိုးရှိုက်မိပါသည်။ ဒီချစ်ခြင်းပင်လယ်ထဲမှာ ကကြိုး ဘယ်လောက်ထိ အန္တရာယ်ကင်းစွာ ကူးခတ်နိုင်ခွင့် ရှိနေဦးမယ် မသိ။ အို ... နောက်ဖြစ်လာမယ့် အရှည်ကာလဆီ လှမ်းမျှော်တွေးပြီး ပူပင်မနေချင်ပါဘူး။ ဒီ မက်မောစရာ တဒင်္ခဏကလေးတွေကိုပဲ ရနိုင်သမျှ စုံမက်တွယ်တာနေလိုက်ဦးမယ် ...။ ဒါဟာ ကကြိုးအတွက် အိပ်မက်လှလှကလေးတစ်ခု ဆိုပါစို့။ တတ်နိုင်သရွေ့ အိပ်မက်ကလေးဆီကနေ လန့်မနိုးချင်သေး။

♥♥♥



# အခန်း ၇



www.burmeseclassic.com

www.burmeseclassic.com



# ငါ့ရဲ့လမင်း
# ဘယ်မှာဝှက်ထားသလဲ … ?



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၇

စက်ာပူကို ခြေချမိပြီဆိုတာနှင့် သူ့ရင်ထဲ အလိုလို နွေးမြလိုက်ခုန်လာသည်။ သူ သိပ်ချစ်သော မိန်းကလေး နေထိုင်သော နိုင်ငံကလေးတစ်ခု။ သူ သိပ်လာချင်ခဲ့သော နေရာကလေး တစ်နေရာ . . .။ စက်ာပူကို သူ ရောက်ဖူးပါသည်။ အလည် သက်သက် သူငယ်ချင်းတွေနှင့် လာဖူးသည်။ အခု ဖျော်ဖြေရေးကတော့ သူ့အတွက် ပထမဆုံးအကြိမ် ဖြစ်သည်။ ပွဲစီစဉ်သူတွေက သူတို့ အဆိုတော်အဖွဲ့ကို လေဆိပ်မှာ လာကြိုပြီး သူတို့တည်းရမည် Hotel ဆီ ပို့ပေးသည်။ ခဏတဖြုတ် အနားယူပြီး ညနေပိုင်းမှာ ပွဲကျင်းပမည့် Jurong East Sports & Cultural Centre မှာ Rehearsal သီချင်း သွားတိုက်ရမည်။ ပွဲက မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှ စ,မှာဖြစ်သည်။ အဆိုတော်တွေ အားလုံး လူငယ်တွေလည်းဖြစ်၊ သူငယ်ချင်းတွေလည်း ဖြစ်တာမို့ ရယ်မောနောက်ပြောင်နေကြရင်း Rehearsal ဆိုကြည့်ကြသည်။ ပြီးတော့ ညစာကို Restaurant မှာ လိုက်ကျွေးပြီး သူတို့ကို hotel သို့ ပြန်လိုက်ပို့ပေးသည်။ သူလည်း ပင်ပန်းနေပြီမို့ အိပ်ချင်နေပြီ . . .။ မနက်ဖြန်ပွဲရှိနေတာမို့ ဒီနေ့ ဘယ်မှ လျှောက်မလည်ဖြစ်ဘဲ hotel ပြန်ပြီး စောစောအိပ်ကြဖို့ စိတ်ကူးရှိကြသည်။ သူ့အတွက်တော့ စက်ာပူမြို့ကြီး ဘယ်လောက်ပဲလှလှ ချစ်သူမရှိလို့ သိပ်စွဲမက်စရာမကောင်းလှ။ မီးရောင်စုံ ထိန်ငြီးလှပလွန်းသော စက်ာပူညရှုခင်းသည် သူ့ကို ထင်သလောက် ဖမ်းစားနိုင်စွမ်းမရှိပါ။ အိန်ဂျယ့်လ်ကို သူ လွမ်းနေသည်။ သူလာမယ့် အချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် L.A ရောက်နေသော အိန်ဂျယ့်လ်ကို အသည်းယားသည်။ အိန်ဂျယ်လ်သာရှိနေလျှင် ဒီညတော့ တစ်နေရာမှာဆုံပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တဝကြီး စကားတွေထိုင်ပြောမိမည် ထင်သည်။ အေးစက်ငိုက်မျှဉ်းနေသော သူ့နှလုံးသားတစ်ခုလုံး ဖြုန်းခနဲ ယောက်ယက်ခတ် ပြောင်းဆန်သွားစေသည်မှာ မီးပွိုင့်တစ်ခုမှာ ကားရပ်နေစဉ်ဖြစ်သည်။

"ဟာ့ . . .၊ ဟိုဘက်ဘေးမှာ Lamborghini ကြီးကွ၊ အမိုက်စားကွာ၊ လန်ထွက်နေတာပဲ၊ ရေရေလည်လည်





မိုက်တယ်နော်"

ဟု . . . အဆိုတော်တစ်ယောက်က ထအော်တော့ သူ့မျက်လုံးတွေလည်း ဘေးနားက Lamborghini ဆီ ရောက်သွားသည်။ ကားက အမိုးဖွင့်ထားတာမို့ ကားမောင်းနေသော ငတိရယ်၊ သူ့ဘေးက အပျံစား မဒီကလေးကိုပါ ထင်လင်းစွာ မြင်နေရသည်။

"ဟ . . . အိန်ဂျယ်လ်မေ မှလား . . . ဟုတ်တယ်ကွ၊ ဟော့ကောင် . . . မျော်၊ မင်း ပိုသိမှာပေါ့၊ ဟုတ်တယ်မှလား၊ အိန်ဂျယ်လ်မေနဲ့ တော်တော်တူတယ်ကွ"

"ဟာ . . . သူက L.A ရောက်နေတာပါ"

သူ မပွင့်တပွင့် ခပ်တိုးတိုး ပြောလိုက်မိပေမယ့် အဲဒါ အိန်ဂျယ်လ်ပဲဆိုတာ သိပ်သေချာနေသည်။

"ပြောနေကြာတယ် . . . မြန်မာ့နည်း မြန်မာ့ဟန် အတိုင်း လှမ်းအော်ပြီး နှုတ်ဆက်လိုက်ကွာ၊ ကိုယ့် မြန်မာချင်းပဲ ဥစ္စာ"

"အိန်ဂျယ်မေ . . ."

သူတို့ သံပြိုင်အော်လိုက်ကြတော့ သူမက ဖျတ်ခနဲ လှည့်ကြည့်ကာ ပြုံးပြပြီး လက်ဝှေ့ယမ်းပြသွားသည်။ မီးစိမ်းတာနှင့် သူမ၏ငတိက ဝေါခနဲနေအောင် ဖိနင်းသွားတော့သည်။ သူ့နှ်းထဲ



www.burmeseclassic.com

www.burmeseclassic.com

ဆုညဲ့နေသော အသံတွေ လုံးဝ တိတ်ဆိတ်သွားသလို ခံစားလိုက်ရသည်။ သေချာပါတယ် . . . အဲဒါ အိန်ဂျယ်လ်ပါပဲ၊ သူ့ကို မြင်ချင်မှမြင်မည်။ မမြင်ဖို့ များသည်။ သူကတော့ သေချာပေါက် မြင်လိုက်ရခြင်းဖြစ်သည်။ သူမ သူ့ကို ဘာကြောင့် ရက်ရက်စက်စက် လိမ်ထားခဲ့ရတာပါလဲ။ ဒီမှာ သူမ ရှိနေပါရက်နှင့် L.A မှာ ရောက်နေတယ်လို့ ဘာဖြစ်လို့ ပြောင်လိမ်ထားခဲ့ပါသလဲ။ သူ့ရင်ထဲ မွန်းကြပ်စွာ နာကျင်သွားသည်။ ရှင်းရှင်းလေးပဲ။ သူမ သူ့ကို လှည့်စားနေခဲ့တာပေ့ါ။ ကြောင်တစ်ကောင်က ကြွက်ကလေးကို မသေမရှင်၊ ကစားချင်တိုင်း ကစားနေခဲ့တာပေ့ါ။

အစစ်ဟု . . . သူ တစ်ချိန်လုံး ယုံကြည်စွာ ချစ်ခဲ့မိသော ချစ်သူတစ်ယောက်၏ လှည့်စားမှုကို လုံးဝ မျှော်လင့်မထားချိန်မှာ သူ ရင်ဆိုင်လိုက်ရခြင်းမို့ လူတစ်ကိုယ်လုံး ညွတ်ခွေသွားမတတ် အားအင်ချိနဲ့သွားခဲ့ရခြင်းဖြစ်သည်။ သူတို့နှစ်ယောက်၏ အချစ်ကို တော်တော်များများ မသိကြပါ။ online မှာပဲ ဆုံကြတာများသည်ကိုး။ အိန်ဂျယ်လ့်ကို သူ အရူးအမူး ကြွေနေတာကိုတော့ လူတိုင်းသိသည်။ စိတ်ဓါတ်တွေ လုံးဝ ကျဆင်းသွားသည်။ ဖြစ်နိုင်ရင် အိန်ဂျယ့်လ်ကို ခုချက်ချင်းပဲ သူ ရင်ဆိုင်တွေ့လိုက်ချင်သည်။ ဘာကြောင့် သူ့ကို လှည့်စားနေရသလဲ ပြတ်ပြတ်သားသားပဲ သူ သိချင်သည်။





hotel ရောက်တော့ လူစုခွဲကြကာ ကိုယ့်အခန်း ကိုယ်ပြန်အနားယူကြသည်။ မနက်ပြန်ပွဲအတွက် ကြိုတင် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ကြသည်။ သူကတော့ ကော်ဖီဆိုင်ထဲ ဆင်းလာပြီး အင်တာနက် လာသုံးနေမိသည်။ အိန်ဂျယ့်လ်ကို online မှာများ တွေ့ရမလား မျှော်လင့်ချက်ဖြင့် ခဏကြာတော့ အိန်ဂျယ်လ် တက်လာတာ တွေ့ရသည်။ သူမ အိမ်ပြန်ရောက်နေပြီလား။ အိန်ဂျယ့်လ်ဘေးက ကောင်က ဘယ်သူလဲ။ အိန်ဂျယ်လ်နဲ့ အတူရှိနေမှာလား။ သူ ရင်မောစွာဖြင့် အိန်ဂျယ့်လ်ကို ခေါ်လိုက်မိသည်။

"ဟဲလို . . . မှော်၊ မအိပ်သေးဘူးလား၊ မနက်ဖြန်ပွဲရှိတယ်လေ၊ ကျွန်မက မှော် အိပ်နေပြီတောင် မှတ်တာ"

သူမ အသံကလေးက ထုံးစံအတိုင်း ချိုမြလှိုက်လှဲနေဆဲ။ လိမ်နေတယ်လို့ ဘယ်လိုမှ မထင်ရက်စရာ။

"L.A မှာပဲလား အိန်ဂျယ်လ်၊ အခု ဘယ်အချိန်ရှိပြီလဲ၊ မနက်လား . . . ညနေလား . . . နေ့လည်လား"

"ဘာဖြစ်လို့ မေးတာလဲ မှော်၊ အသံကလည်း မယုံသင်္ကာသံနဲ့၊ မှော် တစ်ခုခုများ ဖြစ်နေသလားဟင်"

"ကိုယ့်ကို ဘာဖြစ်လို့ ညာနေရတာလဲ အိန်ဂျယ်လ်၊ မတွေ့ချင်ရင် မတွေ့ချင်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြော


www.burmeseclassic.com

www.burmeseclassic.com



ထားရင် ကိုယ် နားလည်ပါတယ်၊ L.A ထိ သွားရှောင်နေစရာ မလိုပါဘူးကွာ"

သူမဘက်က တိတ်သွားသည်။ သူ ကြေကွဲနာကျင်လာသည်။

"Lamborghini ကားပေါ်မှာ ဘေးကတစ်ယောက်က ဘယ်သူလဲ အိန်ဂျယ်လ်"

သူမဆီမှ ဘာသံမှကို မကြားတော့။ ရုတ်တရက်လိုင်းပြတ်သွားသည်။ သူ ပြန်ခေါ်ကြည့်တော့ off line ဖြစ်သွားပြီ။ အဲဒါဟာ သူရဲဘောနည်းစွာ ရှောင်ပြေးခြင်းပဲ။ သူမ ရင်ဆိုင်ရဲရမှာပေါ့။ သူကတော့ ပြတ်ပြတ်သားသားကို သိချင်နေပြီ။ အိန်ဂျယ့်လ် web site ထဲဝင်လိုက်ပြီး စင်္ကာပူလိပ်စာကို ရှာကူးလိုက်သည်။ မနက်ဖြန် သီချင်းဆိုပြီးလျှင် သူ အိန်ဂျယ့်လ်ကို မတွေ့တွေ့အောင် ရှာဖို့ ဆုံးဖြတ်လိုက်တော့မှ စိတ်ထဲ နေသာထိုင်သာ ရှိသွားခဲ့သည်။ အလိမ်ညာ၊ အလှည့်စား ခံနေရတာထက်စာရင်တော့ မျက်နှာချင်းဆိုင်ဆုံပြီး အဖြေတစ်ခု ပွင့်ပွင့်လင်းလင်း သိခွင့်ရလိုက်တာက သူ့အတွက် ပိုပြီး ခံသာပါသည်။

♥ ♥ ♥





သူတို့ရဲ့ music concert က မျှော်လင့်ထားသည်ထက် ပိုပြီး အောင်မြင်မှုရခဲ့ပါသည်။ မြန်မာလူငယ်ပရိသတ်တွေ တော်တော်များများ လာအားပေးကြသည်။ ပရိသတ်နှင့် သူ တသားတည်းကျစွာ အပေးအယူ မျှနေခဲ့သည်။ ရင်ထဲမှာ နာကျင်မွန်းကျပ်နေသမျှ သီချင်းတွေထဲ ဖောက်ခွဲသွန်အန်ပစ်လိုက်တော့ လူတစ်ကိုယ်လုံး နွမ်းလျှသွတ်ခွေသွားတဲ့အထိ။ ပွဲပြီးချိန်မှာ ဆယ်နာရီကျော်နေပြီ။ ပွဲစီစဉ်သူ ကိုနန္ဒကို သူ အကူအညီ တောင်းခဲ့သည်။

"ကျွန်တော် သူနဲ့ သွားတွေ့ချင်တယ်၊ လုပ်ပါဗျာ . . .၊ ကျွန်တော့်ကို လိုက်ပို့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

အိန်ဂျယ်လ်လိပ်စာပြလိုက်သည်နှင့် ကိုနန္ဒက ချက်ချင်းရိပ်မိသည်။

"ဒီညတော့ မဖြစ်နိုင်တော့ဘူး မော်ရာ၊ မင်းလည်း ပင်ပန်းနေပြီ၊ ကိုယ် သူ့ဆီ အရင် ဆက်သွယ်ကြည့်ဦးမယ်၊ သူ့ PA ဆီမှာ appointment ကြိုတောင်းပြီးမှ တွေ့လို့ရတယ်ကွ၊ သူက လူတိုင်းကို တွေ့တာမဟုတ်ဘူး"

"သူ့ဖုန်းနံပါတ် ကျွန်တော် လိုချင်တယ်ဗျာ၊ ကျွန်တော် ကိုယ်တိုင် ဆက်ကြည့်ချင်တယ်"

"မော်ကတော့ကွာ ... အုံးစားပြီ၊ ကဲ ကဲ ... ငါ စုံစမ်းပေးမယ်"

"ကျွန်တော် ဒီညလိုချင်တာနော်၊ မနက်ဖြန် သူနဲ့ တွေ့မှကို ဖြစ်မှာ"

ကိုနန္ဒက ဖုန်းနှင့် ဟိုဆက်ဒီဆက်, ဆက်ပြီး နံပါတ်တစ်ခု ချက်ချင်းရလာသည်။ သူ ချက်ချင်းပဲ ထိုနံပါတ်ကို ဆက်ကြည့်သည်။ ဖုန်းမဖြေပါ ...။ အကြိမ်ပေါင်းများစွာ သူ ကြိုးစားကြည့်သည်။ အချည်းနှီး ...။

"ဒီအချိန် သူ ဘယ်ကိုင်တော့မလဲကွာ၊ မနက်ကျမှ ဆက်ကြည့်ပါ၊ မင်းက တကယ့် အသည်းအသန်ပါလား"





ထိုညက အောင်ပွဲခံသည့်အနေနှင့် Night Club ဆီ သွားကြသည်။ သူ ဘာကိုမှ စိတ်မဝင်စားနိုင်အား။ အိန်ဂျယ်လ်ကို တွေ့ခွင့်ရဖို့အရေးသည် သူ့အတွက် သေရေး ရှင်ရေး ...။ ကိုနန္ဒက သူ့ကို ကတိပေးသည်။ သူ့ကို မနက် အစောကြီး လာခေါ်ပြီး အိန်ဂျယ်လ့် apartment ဆီ လိုက်ပို့ပေးပါ့မယ်ဆိုသော ကတိ။

❤❤❤



www.burmeseclassic.com

ဝိုင်ရဲ့
လမင်း
ဘယ်သူ
ဝှက်ထား
သလဲ

www.burmeseclassic.com

အိန်ဂျယ်လ်၏ Apartment က Hotel တစ်ခုလို ခမ်းနားလွန်းသည်။ လုံခြုံရေးနှင့် . . .။ အိန်ဂျယ်လ်အခန်း နံပါတ်ကို အောက်ကနေ အရင်နှိပ်ပြီး ခေါ်ရသည်။

"အိန်ဂျယ်လ် မနိုးသေးပါဘူးရှင် . . . ဘယ်သူပါလဲ"

အိန်ဂျယ်လ်၏ P.A မိန်းကလေးကပဲ ထူးသည်။

"ကျွန်တော် အိန်ဂျယ်လ်မိတ်ဆွေပါ။ မြန်မာပြည်က အဆိုတော် မော်လို့ သူ့ကို ပြောပေးပါ။ သူ နိုးတဲ့အထိ ကျွန်တော် စောင့်နေပါ့မယ်"

နာရီဝက်လောက်အကြာမှာတော့ ပြန်ထူးသံကလေး အိန်ဂျယ်လ်အခန်းနံပါတ်ဆီကနေ ပေါ်လာသည်။





"တက်ခဲ့ပါ . . . အိန်ဂျယ်လ် တွေ့ပါလိမ့်မယ်"

"ငါ လိုက်ဖို့လိုသေးလား မော် . . .၊ မင်းတို့ အေးအေးဆေးဆေး ပြောစရာရှိတာ ပြောကြ၊ ငါ ဒီနားက ကော်ဖီဆိုင်ထဲမှာရှိမယ်၊ မင်းကိစ္စပြီးရင် ငါ့ဆီ ဖုန်းဆက်လိုက်၊ ငါ လာခေါ်မယ် . . ."

သူ အိန်ဂျယ်လ်အခန်းဆီ ဓာတ်လှေခါးဖြင့် တက်ခဲ့ရခြင်းဖြစ်သည်။ ဓာတ်လှေခါးတံခါး ပွင့်သွားသည်နှင့် အခန်းတံခါးဝ,မှာ အိန်ဂျယ်လ် P.A မိန်းကလေးက စောင့်ကြိုနေသည်။

"လာပါ မော်၊ ကျွန်မလည်း မြန်မာပါ၊ မော့်ရဲ့ ပရိသတ်ဆိုပါတော့၊ အိန်ဂျယ်လ်စောင့်နေတယ် . . ."

"ဟယ်လို . . . မော်၊ မတွေ့ရတာကြာပြီနော်၊ မော်တို့ ရောက်နေတယ်ဆိုတာ ကျွန်မ သတင်းကြားတယ်၊ မအားတာနဲ့ ပွဲလာမကြည့်ဖြစ်ဘူး . . . ဆောရီးပဲရှင်"

ပထမဆုံး ပြန်ဆုံခွင့်လိုက်ချိန်မှာ သူမ သူ့ကို ဆက်ဆံပုံက နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲ။ မတွေ့ရတာ ကြာပြီနော် . . . ဆိုသော စကားကြောင့် သူ အံ့ဩမင်သက်သွားမိသည်။ သူမ ပုံစံက လိမ်ညာထားသူတစ်ယောက်လို ရှုံးတို့ရှန့်တန့်လည်း ဖြစ်မနေ။ လုံးဝ အေးဆေး . . .။



www.burmeseclassic.com

www.burmeseclassic.com

“လာ . . . အေးဆေး ကော်ဖီသောက်ရအောင်၊ အစော ကြီးပဲလာလို့ ကျွန်မနဲ့ဆုံတာ သိလား၊ ကိုးနာရီဆို ကျွန်မ သွားရမယ်၊ မော့် ဘယ်နှရက်နေမှာလဲ . . . တစ်ခုခု လိုက်ကျွေးချင်သေးတယ် မော့်ရယ်”

သူမပုံစံက ချစ်သူတစ်ယောက်လို ဆက်ဆံနေသော ပုံစံမျိုး လုံးဝမရှိဘဲ ဖြူဖြူစင်စင် သူငယ်ချင်းတစ်ယောက်နှင့် ပြန်တွေ့ရသလို လှိုက်လှိုက်လှဲလှဲ . . . သို့သော် ရိုးရိုးသားသားပါ။ တမင်တကာ ဟန်ဆောင်နေတာမျိုးလည်း မဟုတ်။ ပကတိ အဖြူထည်သက်သက်။ သူ လုံးဝနားမလည်နိုင်။ လိုက်မမီတော့။ အိန်ဂျယ်လ်ကပဲ ပညာတွေ တတ်လွန်းတာလား။ သူကပဲ နည်းနည်း ထူနေတာလား မပြောတတ်တော့။

“ကိုယ် လုံးဝ လိုက်မမီတော့ဘူး ဖြစ်နေတယ် အိန်ဂျယ်လ်၊ အခု ကိုယ်တွေ့နေရတဲ့ အိန်ဂျယ်လ်က တခြားတစ်ယောက် ဖြစ်နေသလိုပဲ၊ ကိုယ် အိန်ဂျယ်လ်နဲ့ အေးအေးဆေးဆေး စကားပြောလို့ရမလားဟင်”

“ဘာတွေများ ဖြစ်နေလို့လဲ မော့် . . . အင်းလေ တစ်နာရီလောက်တော့ အချိန်ပေးနိုင်ပါတယ်၊ ဒီအခန်းကနေဆို view အရမ်းလှတယ်”





သီးသန့်ခန်းကလေးတစ်ခုဆီ သူမက ဦးဆောင်ပြီး ခေါ်သွားပါသည်။ သူမရဲ့ assistant မရှိတော့။ မှန်ချပ်တွေဆီကနေ လှမ်းကြည့်လျှင် စင်္ကာပူတစ်မြို့လုံးကို အပေါ်စီးကနေ လှမ်းကြည့်နေသလိုပဲ ဖြစ်သည်။

“ကဲ . . . ပြောပါဦး မော့်”

“ပထမဆုံး ကိုယ်သိချင်တာတစ်ခုမေးမယ် အိန်ဂျယ်လ်၊ အိန်ဂျယ်လ် ကိုယ့်ကို တကယ်ချစ်ခဲ့တာလား၊ လှည့်စားနေခဲ့တာလား”

“ဘယ်လို . . .”

သူမက မျက်ခုံးတွေ ပင့်တက်သွားကာ သူ့ကို ခပ်စူးစူး စိုက်ကြည့်နေသည်။ ထိုအကြည့်တွေက သူ့ကို လုံးဝ နားမလည်နိုင်သော ဗလာသက်သက်အကြည့်တွေဖြစ်သည်။

“ကဲ . . . ကျွန်မ ဖြေမယ်၊ နံပါတ်တစ် ရှင့်ကို ကျွန်မ ဘယ်တုန်းက ချစ်ခဲ့မိလို့လဲ၊ ရှင့်ကို ချစ်တယ်လို့ ကျွန်မ ပြောခဲ့မိသလား၊ နံပါတ်နှစ် ရှင့်ကို ကျွန်မက ဘာဖြစ်လို့ လှည့်စားရမှာလဲ၊ ရှင် ဘာတွေပြောနေမှန်းတောင် ကျွန်မ နားမလည်ဘူး”

“အိန်ဂျယ်လ် ကျွန်တော့်ကို ချစ်ခဲ့ပါတယ်၊ on line မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ကျွန်တော့်မှာ သက်သေတွေ ရှိပါတယ်၊ အဲဒါတွေကို အိန်ဂျယ်လ် ပြောင်ငြင်းနေမှာလား"

"ရှင် ရူးနေသလား မှော် . . .၊ ပလိန်းကြီး လာစွပ်စွဲနေတာပါလားရှင်၊ အံ့ဩဖို့ကောင်းလိုက်တာ၊ ရှင် ကျွန်မကို မျက်နှာပြောင်တိုက်ပြီး လာအကြောင်ရိုက်နေတာဆိုရင်တော့ ရှင်နဲ့ဆက်ပြီး စကားပြောမနေချင်တော့ဘူး . . . ရှင်ပြန်တော့"

"ဒါ . . . အိန်ဂျယ်လ် ကျွန်တော့်ကို အဖြေပေးပြီး ကျွန်တော်တို့ ချစ်သူတွေဖြစ်ပြီး နောက်တစ်ရက်မှာ သွားထိုးခဲ့တဲ့ တက်တူး အိန်ဂျယ်လ်၊ ပျက်သွားတိုင်း ကျွန်တော် သွားပြီးပြန်ထိုးတယ်၊ တက်တူးအစစ် မဟုတ်ပေမယ့် ကျွန်တော့်ရင်ဘတ်ထဲမှာ အိန်ဂျယ့်လ်အတွက် အမှတ်တရ တစ်ခုအဖြစ် အမြဲရှိနေတာပါ၊ အိန်ဂျယ်လ် အားလုံးကို မေ့ပစ်လိုက်တာလား၊ လုံးဝ မသိချင်ဟန် ဆောင်နေတာလား အိန်ဂျယ်လ် အသိဆုံးပဲ ဖြစ်မှာပါ"

"ကျွန်မအထင်တော့ ရှင်ပဲ delusions ရနေတာလား၊ တစ်ခုခုပဲ မှားနေတာလား မသိတော့ဘူး မှော်၊ ကျွန်မနဲ့ ရှင်





ဆုံခဲ့ကြတာ မြန်မာပြည်မှာ . . . ရှင် ကျွန်မကို ဖိနပ်လှလှကလေးတွေ လက်ဆောင်ပေးတတ်တာကအစ ကျွန်မ မမေ့ဘူး၊ အဲဒါနောက်ဆုံးပဲ၊ on line မှာ ကျွန်မနဲ့ရှင် ချစ်သူတွေဖြစ်ရအောင် ကျွန်မမှာ အဲဒီလောက် အချိန်တွေ ပေါကြွယ်မနေဘူး မှော်၊ on line ကိစ္စအားလုံး ကျွန်မရဲ့ assistant ပဲလုပ်တယ် . . . ကျွန်မ net သုံးလေ့မရှိဘူး၊ ပြီးတော့. . . ကျွန်မ တစ်ခါတည်း ပြတ်ပြတ်သားသား ပြောလိုက်မယ်၊ ကျွန်မမှာ ချစ်သူရှိနေခဲ့ပြီ၊ ရှင်နဲ့ ဆုံခဲ့ပြီး တဲ့နောက်ပိုင်း ဒီကို ပြန်လာပြီးမှ ကျွန်မတို့ နားလည်မှု ရသွားကြတယ် ဆိုပါတော့ . . ."

သူ နားလည်လိုက်ပါသည်။ သူနှင့် အိန်ဂျယ့်လ် အကြားမှာ သူ လုံးဝ မျှော်လင့်မထားခဲ့မိသော တတိယလူ တစ်ယောက် ရှိနေခဲ့ပြီဆိုတာ။

"ကျွန်မ ရှင့်ကို တစ်ခုမေးမယ်နော်၊ ရှင် ကျွန်မကို ပိုသဘောပေါက်သွားအောင်လို့ပါ၊ အချစ်နဲ့ ပတ်သက်လာရင် အလှပဆုံး အချစ်တစ်ခု ကျွန်မ လိုချင်တယ်လို့ ရှင့်ကို ပြောခဲ့ဖူးတာကအစ ကျွန်မ မှတ်မိနေပါတယ်၊ အချစ်ဆိုတာ လှပဆန်းကြယ်ပြီး ခေတ်မီတဲ့ ဖိနပ်လှလှ ကလေးတွေလို



www.burmeseclassic.com

www.burmeseclassic.com

အလှသက်သက် အပျော်စီးကြည့်ဖို့လား၊ ဒါမှမဟုတ် နောက်ဆုံးပေါ် Lamborghini ပြိုင်ကား တစ်စင်းလို လိုရာ အရောက် မောင်းနှင်သွားဖို့လားဟင်"

သူ အိန်ဂျယ့်လ်ကို အငေးသား စိုက်ကြည့်နေမိပြီး ရင်ထဲက စကားတွေ ပျောက်ဆုံးသွားသလို ခံစားလိုက်ရသည်။ သူ့ရဲ့လမင်းကို ဘယ်သူ ဝှက်ထားခဲ့ပါသလဲ။ သေချာတာကတော့ သူ သိပ်ရူးသွပ်မက်မောသော သူ့ရဲ့လမင်း ပျောက်ဆုံးနေခြင်းပင်။

"အချစ်ကို ကျွန်တော် ရိုးသားစွာ ကိုးကွယ်ခဲ့တာပါ။ အချစ်က ကျွန်တော့်ကို ပြန်ပြီး ရိုးသားလိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်နေဆဲပါ"

သူ အိန်ဂျယ့်လ်ကို နှုတ်ဆက်တော့ အဲဒီစကားကို တိုးတိုးကလေး ပြောခဲ့မိသည်။ သူ့တစ်ကိုယ်လုံး လေထဲမှာ လွင့်မျော နေသလို ခံစားရပါသည်။ တစ်ယောက်ယောက်က သူ့ကို လှပစွာ လှည့်စားအသုံးချနေခဲ့သည်။ သူက 'အစစ်' ဟု ထင်ထားသော အရာတစ်ခုသည် ဒြပ်မဲ့လေဟာနယ်တစ်ခုမှာ ပုံဆောင်ခဲ တစ်ခုသဏ္ဌာန် ဖွဲ့တည်ပုံမှားရိုက်ထားခြင်းမှန်း သိလိုက်ရပြီးချိန်မှာ ခံစားလို့တောင် မရနိုင်တော့။ သူ





ဘာလုပ်ရမှာလဲ။ အသည်းကွဲ သွားခဲ့ပြီဆိုရအောင်လည်း သူ့အသည်းကို ဘယ်သူခွဲခဲ့သလဲ ဆိုတဲ့ တရားခံ လက်သည်မရှိ။ မျှော်လင့်ချက်တွေအားလုံး ပျောက်ပျက် လွင့်ပြယ်သွားသူ တစ်ယောက်၏ ခံစားမှုကို သူကိုယ်တိုင် အခုမှပဲ ခံစားမိတော့သည်။ အိန်ဂျယ့်လ်ကို အပြစ်တင်လို့လည်းမရ။ နာကြည်းဖို့လည်း မလွယ်။ အိန်ဂျယ်လ်က သူ့မ ခံယူချက်အတိုင်း သူ့မ ဒဿနအတိုင်း သူ့မဘဝအတွက် အလှပဆုံးအချစ်တစ်ခုကို ရွေးချယ်သွားခဲ့သောကိစ္စမှာ သူ ရှုံးနိမ့်သွားသည် ဆုံးရှုံးသွား သည်ဟု ပြော၍မရ။ အိန်ဂျယ်လ်က သူ့ကို ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ပါ . . . ဟု ပညာသားပါပါ ပြောသွားခဲ့ပြီးသား။ နောက်ဆုံးတော့ သူ့ရင်ထဲမှာ ဒေါသတစ်မျိုးသည် တစ်စုံတစ် ယောက်အပေါ် သိပ်သည်းစွာ အုံဖွဲ့လာခဲ့တော့သည်။ သူ့ရဲ့ လမင်းကို ဝှက်ထားခဲ့တဲ့ သူမ . . .။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၈



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၈

"ကိုယ် မင်းနဲ့ တွေ့ချင်တယ် . . . "

သူ့အသံလှိုင်းထဲဆီကနေ စိမ်းရှရှ အငွေ့အသက် တစ်မျိုးကို ကကြိုး ခံစားနေရသည်။ ဘုရားရေ . . .။ သူ စင်္ကာပူ ကနေ ပြန်လာခဲ့ပြီလား။ အိန်ဂျယ်လ်နဲ့ မတော်တဆများ ဆုံခဲ့သေး သလား။

"မှော် အခု ဘယ်မှာလဲဟင် . . . "

"ဘာလဲ . . . စင်္ကာပူမှာ ရှိနေသေးတယ်ဆိုရင် လာတွေ့ မလို့လား အိန်ဂျယ်လ်၊ နိုးပါ . . .၊ ကိုယ် ရန်ကုန် ပြန် ရောက်နေပြီ၊ မင်းကို တစ်ခုမေးချင်တယ် . . . မင်း ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကကြိုး နှလုံးအခုန် ရပ်သွားတဲ့အတိုင်း သူ ရိပ်မိသွားခဲ့ပြီလား။

"မင်း ထွက်ပြေးမသွားနဲ့ဦးနော်၊ ကိုယ့်စကားကို ဆုံးအောင် နားထောင်ပေးပါ၊ မင်း ဘယ်သူလဲဆိုတာ ကိုယ် မသိဘူး၊ မင်း ဘယ်လို အကြံအစည်မျိုးနဲ့ ကိုယ့်ဘဝထဲ အယောင်ဆောင် မျက်နှာဖုံးတစ်ခုတပ်ပြီး ဝင်လာခဲ့သလဲဆိုတာ ကိုယ် မသိဘူး၊ မင်း သတ္တိရှိပါ၊ ရင်ဆိုင်ဖြေရှင်းဖို့ ကြိုးစားပါ၊ မင်း ရှုပ်ခဲ့တဲ့ကြိုးတွေကို မင်း ပြန်ရှင်းရလိမ့်မယ်၊ ထွက်ပြေးတာဟာ အဖြေတစ်ခု မဟုတ်ဘူး၊ မင်း ကိုယ့်ဆီက ဘာလိုချင်တာလဲ၊ ကိုယ့်ဘဝတစ်ခုလုံးကို တခြားမိန်းကလေးတစ်ယောက်ရဲ့ ဘဝထဲ အစားထိုးပစ်လိုက်ရအောင် မင်းရဲ့ ရင်းနှီးမြှုပ်နှံမှုက ဘာအတွက်လဲ၊ မင်းနဲ့ကိုယ် မျက်နှာချင်းဆိုင်ဆုံပြီး ရှင်းလိုက်ကြရအောင်၊ ကိုယ်လည်း ပွင့်ပွင့်လင်းလင်း သိချင်တယ်လေ၊ မင်းက ကိုယ့်ရဲ့ ချစ်သူအဖြစ် on line မှာ ကိုယ့်ကို အဖော်လုပ်ပေးနေခဲ့တာဆိုတော့ ကိုယ် တွေ့ချင်တယ်လေ၊ ဘယ်လိုလဲ . . .၊ မင်း သတ္တိရှိမှာလား၊ ထွက်ပြေးမှာလား၊ ရင်ဆိုင်မှာလား . . ."

သူ့စကားတွေက ကကြိုးကို စိမ်ခေါ်ညှို့ယူနေသလိုပါ။ သူ အားလုံးကို သိသွားခဲ့ပြီ။ အိန်ဂျယ်လ်အစစ်နဲ့ ဆုံခဲ့ပြီးပြီဆိုတာ မေးနေစရာ မလိုတော့။ ကကြိုးတစ်ကိုယ်လုံး ထူပူ





လာသည်။ ဘာလုပ်မလဲ . . .။ သွားတွေ့ပြီး ရင်ဆိုင်ဖြေရှင်းမလား။ ဒီအတိုင်းပဲ တစ်ခန်းရပ်လိုက်တော့မလား။ ဒီနေ့ကို ကြိုတင်မျှော်လင့်ထားခဲ့ပြီးမှ ကကြိုး ဇာတ်လမ်းကို စ,ခဲ့တာလေ။ သူ့ကို ချစ်သော အချစ်သက်သက်၊ သူ့ဆီက အချစ်ကို ရဖူးရုံ သက်သက်ဖြင့် ကကြိုး စွန့်စားခဲ့ပြီး ဖြစ်သည်။ တစ်နေ့ သူ သိသွားတဲ့အခါ အရာရာကို ရင်ဆိုင်ဖို့လည်း ဆုံးဖြတ်ထားခဲ့ပြီးသား။

"ကောင်းပြီလေ မှော် . . .၊ မနက်ဖြန် မနက်ဆယ်နာရီ ကန်တော်ကြီးဥယျာဉ်ထဲကိုပဲ လာခဲ့ပါ၊ Fuji House မှာ ကျွန်မတို့ ဆုံကြတာပေါ့"

"အိုကေ . . . မင်းမှန်း ကိုယ် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

"ကျွန်မကိုမြင်တာနဲ့ မှော် သိနေမှာပါ၊ ကျွန်မ ထွက်မပြေးပါဘူး မှော်၊ ကျွန်မ ရင်ဆိုင်မှာပါ"

သူ့ဘက်က ဘာမှ ထပ်မပြောတော့ဘဲ off line ဖြစ်သွားတော့ ကကြိုးရင်ထဲ ဆစ်ခနဲတောင် ကျဉ်သွားသည်။ သူ့ဆီက အမုန်းကိုတော့ မလိုချင်ပါကွယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# ငါ့ရဲ့ လမင်း ဘယ်သူ ဝှက်ထား သလဲ

Fuji House ကို သူရောက်တော့ ဘယ်သူမှတောင် မရှိသေး။ လူသူရှင်းလင်းနေသည်။ စားပွဲတစ်ခုမှာ သူထိုင်ပြီး ကော်ဖီမှာထားနှင့်လိုက်သည်။ သိပ်မကြာပါ။ လှုပ်ရှားမှု သဲ့သဲ့နှင့်အတူ ရေမွှေးနံ့ သင်းသင်းကလေးကို သူ ရလိုက်သောကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ထိုခဏမှာ သူ မင်သက်စွာ အသက်ရှူဖို့ တကယ်မေ့လျော့သွားခဲ့ခြင်းဖြစ်သည်။ အိန်ဂျယ်လ်နှင့် သိပ်တူပြီး အိန်ဂျယ်လ်ပုံစံ ဒီဇိုင်းကို ကော်ပီ ကူးယူထားသော အိန်ဂျယ်လ်ကလုံး(န်) မိန်းကလေး . . .။ သူမကို မှတ်မှတ်ရရ Mr. Guitor မှာ သူ တွေ့ဖူးသေးသည်။ အဲဒီတုန်းကတောင် အင်မတန် ပိရိသေသပ်စွာ ဣန္ဒြေရ မင်သေခဲ့သော သူမ။





"ကျွန်မ ကကြိုးသွယ်ပါ မော့် . . ."

ထိုအသံချိုမြမြကိုတော့ သူ ရင်းနှီးနေသလိုလို။ ညတိုင်း g talk ပြောခဲ့ကြတာလေ။ ချစ်သူတွေအဖြစ် ရင်းနှီးနွေးထွေးနေခဲ့သော အသံ။ သူမ မျက်လုံးတွေက မှိုင်းညို့ရီဝေနေသယောင်။

"ကိုယ် တကယ်အံ့ဩမိပါတယ်၊ မင်းက အိန်ဂျယ်လ်ရဲ့ crazy တစ်ယောက်လား"

"ထားလိုက်ပါတော့ . . . အဲဒါက တစ်ကဏ္ဍ သတ်သတ်ပါ"

"မင်း ဘာဖြစ်လို့ အဲဒီလို လုပ်ခဲ့တာလဲ . . ."

"ဘာဖြစ်လို့ လုပ်ခဲ့တယ်လို့ ထင်သလဲရှင် . . ."

"ကိုယ့်ကို ပြန်မမေးနဲ့ . . . ကိုယ် သိချင်တယ်"

"ကျွန်မ ကော်ဖီမှာပါရစေဦး . . . ခဏလေးပါ"

ကကြိုးက စားပွဲထိုးကလေးကို လှမ်းခေါ်ပြီး Latte တစ်ခွက်နှင့် Sandwich တစ်ပွဲမှာရင်း အချိန်ဆွဲမိသေးသည်။ ဖြစ်နိုင်ရင် လူတစ်ကိုယ်လုံး အငွေ့ပျံပြီး လွင့်ပြယ်ပြေးချင်လှပြီ။ သူ့အကြည့်တွေထဲမှာ နှစ်လိုမှု မပါသော သံသယနှင့် စွပ်စွဲခြင်းတွေသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို အရူးလုပ်ခဲ့တာ၊ လှည့်စားခဲ့တာကိုရော မင်း ဝန်ခံသလား"

"ကျွန်မ မောင့်ကို အရူးမလုပ်ဘူးလို့ ကျွန်မ ကျိန်ပြောရဲတယ် မောင်"

"ဒါဆို ဘာလုပ်တာလဲ၊ သူတစ်ပါးရဲ့ Personal Identity ကို မင်း ခိုးယူအလွဲသုံးစားလုပ်ခဲ့တာလေ၊ သူများ ဘဝနေရာမှာ မင်းကိုယ်မင်း အစားထိုးလိုက်ခြင်းအားဖြင့် မင်းရဲ့ ကိုယ်ပိုင်ဘဝ ပျောက်သွားတယ်၊ အယောင်ဆောင်ဘဝဆိုတာ ရှက်ဖို့ကောင်းတဲ့ ဘဝကြီးပါကွာ၊ မင်း ဘာကြောင့် လုပ်ခဲ့မှန်း စဉ်းစားလို့တောင် မရဘူး"

သူက ဆက်ပြောသည်။ သူမ မျက်ဝန်းဆီမှာ မျက်ရည်အရောင်ကလေးတွေ တလက်လက် ဖြစ်လာလည်း သူ ဂရုမစိုက်ချင်ပါ။ ဒီထက်မကတောင် သူမ နာကျင်ဖို့ ကောင်းသေးတာ။

"အဲဒါ ဘာကြောင့်လို့ ရှင်ထင်သလဲ မောင်၊ မိန်းမတစ်ယောက်ဟာ သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ ဖြစ်တည်မှုကို ဘေးချိတ် လွှင့်ပစ်ပြီး ရှင့်ရင်ထဲမှာ ရှိပြီးသား . . . တခြားမိန်းမ တစ်ယောက်ရဲ့နေရာမှာ အစားထိုးဝင်ခဲ့ရတဲ့ အဖြစ်ကို





ဘာကြောင့်လို့ ရှင် စွပ်စွဲချင်သလဲ၊ ဘယ်လို အပြစ်ဒဏ်မျိုး ချမှတ်ချင်သလဲ၊ ဘယ်လို အမိန့်မျိုး ပေးချင်သလဲ၊ အပြစ်ဒဏ်တစ်ခုခု စီရင်ပစ်လိုက်စမ်းပါ မောင်၊ ကျွန်မ ခံယူဖို့ အဆင်သင့်ပဲ၊ အားလုံး ပြင်ဆင်ပြီးသား . . . ဒါပေမယ့် တစ်ခွန်းပဲ ကျွန်မပြောမယ်၊ ကျွန်မ လုပ်ခဲ့မိတာအတွက် ကျွန်မ နောင်တရဖြစ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ moments ကလေးတွေကို ကျွန်မ သိပ်တန်ဖိုးထား မက်မောခဲ့မိလို့ပါ၊ အဲဒီ အချိန်ကာလ အဖြစ်အပျက်၊ အမှတ်တရကလေးတွေကို ကျွန်မရဲ့ ပြတိုက်ထဲမှာ အမြဲ သိမ်းထားတယ်၊ ရှင် သတိရတဲ့အခါ အလည်ဝင်လာနိုင်ပါတယ်၊ ရှင့်အတွက် တံခါးအမြဲဖွင့်ထားပါတယ် မောင်"

သူမ စကားပြောဟန်မှာ ဘာရှိုးတို့ရှန့်တန့်မှ ဖြစ်မနေ။ သူတောင် ဘာမှ ပြန်မပြောနိုင်။ ပါးစပ်အဟောင်းသားဖြင့် သူမကို ငေးကြည့်နေမိသည်။ အဲဒီအချိန်မှာ သူမက သူ့မျက်လုံးတွေထဲသို့ စိုက်ကြည့်လာသည်။

"ရှင့်ကို တစ်ခုမေးချင်တယ် မောင်၊ အိန်ဂျယ်လ်ကို ရှင် ဘယ်လိုအချစ်မျိုးနဲ့ ချစ်ခဲ့မိတာလဲ ဟင်"

သူ ဖြေဖို့ကို မရှက်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"မြင်မြင်ချင်းကို အရူးအမူး၊ အသည်းအသန် ချစ်သွားခဲ့မိတာ"

သူမက နှုတ်ခမ်းကလေးကို တစ်ချက် ကိုက်လိုက်ရင်း . . .

"အဲဒီအတိုင်း ကျွန်မလည်း ခံစားခဲ့မိတယ်ဆိုတာကို ရှင် ကိုယ်ချင်းစာပြီး နားလည်ပေးပါ မော့်၊ ရှင့်ဆီက ကျွန်မ တောင်းခံနေတာ၊ အသနားခံနေတာ မဟုတ်ပါဘူး၊ ဖြောင့်ချက်ပေးနေတာလဲ မဟုတ်ဘူး၊ ကျွန်မကတော့ အချစ်ကို မှန်တစ်ချပ်လိုပဲ ယုံကြည်စိတ်ချထားပြီးသားပါ၊ ကိုယ့်ရင်ထဲမှာ စစ်မှန်နွေးထွေးတဲ့ အချစ်တစ်ခုသာ ရှိရင် ကိုယ်ချစ်တဲ့ သူဆီကလည်း ရောင်ပြန်ဟပ်လာနိုင်တယ်ဆိုတာ ရဲရဲ ပြောရဲတယ်၊ အဲဒါကြောင့်လည်း . . ."

သူမက စကားမဆက်ဘဲ ဒီအတိုင်း တစ်ဝက်တပျက်မှာ ရပ်တန့်ထားလိုက်သည်။ သူ ဘာဆက်ပြောရမှန်း မသိတော့။ နှစ်ယောက်စလုံး တိတ်ဆိတ်ခြင်းကို ငြိမ်သက်စွာ ခံစားမိကြသည်။ အဲဒီတစ်ချိန်လုံးမှာ သူက သူမ၏မျက်နှာကို တစ်ချိန်လုံး ငေးစိုက်ကြည့်နေမိခဲ့သည်။ မိန်းကလေးတစ်ယောက်၏ ရိုးဖြောင့်ပွင့်လင်းလွန်းသော တွယ်တာမှု သံယောဇဉ်တွေကို သူ မြင်နေရပါလျက်နှင့်





သူ ဘာလုပ်ရမှန်းမသိ။ မျက်နှာလွှဲပြီး မသိချင်ဟန်ဆောင်ပစ်လိုက်ရမလား။ တစ်ခုခု တုန့်ပြန်လိုက်ရမလား . . . သူ တကယ်မသိချေ။

"ကျွန်မ ဘာပြန်လျော်ပေးရမလဲ မော့် . . . ပြောပါ"

ခက်တာက သူမအကြောင်း သူ ဘာမှ သိခွင့်မရသေး။ သူမ ဘာလဲဆိုတာ သူ သိခွင့်မရသေးဘဲ ဒီအဖြစ်အပျက်ကြီးကို လွယ်လင့်တကူ မပြီးဆုံးလိုက်ချင်သေးပါ။ သူ ဦးနှောက်ကို အလုပ်ချက်ချင်းပေးလိုက်သည်။ ဒီမိန်းကလေးကို ခပ်ပါးပါးကလေးတော့ ပညာပြန်ပေးရမည်။

"ကောင်းပြီး ကကြိုးသွယ် . . . မင်း လုပ်ခဲ့တာအတွက် မင်း ကိုယ့်ကို တစ်ခုခုတော့ ပြန်ပေးသင့်တာပေါ့၊ ဒီ နေရာကလေးကို ဒီအချိန်အတိုင်းပဲ တစ်ပတ်တိတိ မင်း ရောက်အောင်လာပြီး ကိုယ့်ကို ကော်ဖီတိုက်ရမယ်ဆိုရင်ရော မင်း ကျေနပ်မလား"

သူမ မျက်နှာပေါ်မှာ အပြုံးကလေး လှစ်ခနဲ ဖြတ်ပြေးသွားသည်။

"ဘာဖြစ်လို့ မကျေနပ်နိုင်ရမှာလဲရှင်၊ ဒါပဲလား . . . ဒီနေ့အတွက်လည်း ကျွန်မပဲ တိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း . . . ဒီနေ့ မပါသေးဘူး၊ မနက်ဖြန်ကစပြီး တစ်ပတ်တိတိဆို ရပြီ"

"အိုကေလေ . . . ဒါဆို အခု ကျွန်မ သွားလို့ရပြီလား"

"ခဏလေး နေပါဦး၊ မင်းကို ကိုယ် တစ်ခုမေးမလို့"

"မေးပါ . . . မှော်"

"မင်း ကိုယ့်ကို ပထမဆုံး စတွေ့တာ ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်လောက်တုန်းကပါ၊ အဲဒီတုန်းက ကျွန်မ စက်ာပူမှာ ကျောင်းတက်နေခဲ့တာ"

ဩော် . . . ဟု သူ ခပ်တိုးတိုး ရေရွတ်မိလျက် အံ့သြသွားသည်။ သူမဆီမှာ ဖွဲ့တည်နေခဲ့တဲ့ အချိန်ကာလက သူ အိန်ဂျယ့်လ်အတွက် တည်ဆောက်ခဲ့မိသော အချိန်ထက် အများကြီး ပိုပါသည်။

"အိုကေလေ . . . မနက်ဖြန် ဒီနေရာမှာပဲ ဆုံကြတာပေါ့ ကကြီး"

သူတို့နှစ်ယောက် နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြသည်။

♥♥♥



"မင်း သူ့ကို ဘာရည်ရွယ်ချက်နဲ့ တစ်ပတ်ဆွဲဆန့်ပစ်လိုက်တာလဲ . . . မှော်"

သူတက သူ့ဆီကနေ အကြောင်းစုံ သိရပြီးချိန်မှာ ထိုမေးခွန်းကို မေးခြင်းဖြစ်သည်။

"ငါ သူ့ကြောင်း ဒီ့ထက်ပို သိချင်လို့ပေါ့ကွာ၊ သူ ဘာကြောင့် ဒီလိုလုပ်ခဲ့တာလဲဆိုတာရဲ့ အဖြေကို ငါ ရပြီးပြီလေ၊ သူ ဘာတွေ ရင်းနှီးမြှုပ်နှံခဲ့သလဲဆိုတာ ငါ သိချင်တယ်"

"အိန်ဂျယ်လ်မေ့အတွက် မင်း ဘယ်လိုခံစားရသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ သူ့ကို အရမ်းစွဲလမ်းတုန်းပါပဲ၊ သူနဲ့တွေ့တိုင်း ငါ အရူးအမူးပါပဲ၊ ဒါပေမယ့် အခု သူ့မှာ ချစ်သူရှိနေပြီ၊ အဲဒီချစ်သူကို သူ ဘာကြောင့် ရွေးခဲ့သလဲဆိုတာလည်း ငါ့ကို ပါးပါးနပ်နပ်နဲ့ ပြောပြသွားပြီးသားကို ငါက ဘာဆက်လုပ်ရမလဲ သုတ၊ ငါ့ရဲ့အဖြစ်က အိပ်မက်ထဲက လမင်းကို မျှားနေရသလိုပဲ"

"အဲဒီတော့ မင်းက တကယ့်အပြင်က လမင်းကို မျှားတော့မယ်ပေါ့"

"အဲဒါတော့ ငါ မသိနိုင်သေးဘူး သုတ၊ ဘဝဆိုတာ တစ်ခါတစ်လေ ဒီလိုပဲ လှည့်စားမှုကလေးတွေ မပါဘဲ မပြီးနိုင်ဘူးမှလား၊ ငါ့ရဲ့လမင်းအစစ်ကို ဘယ်သူဖွက်ထားသလဲ မသိပါဘူးကွာ"

"ဟား ဟား . . . ရုပ်ကြီးကိုက၊ အချစ်ဆိုတာ ကိုယ်က အရူးအမူး ချာချာလည်နေတိုင်းလည်း တစ်ဘက်က တုပ်တုပ်မှ မလှုပ်ရင် မခိုင်မြဲနိုင်ဘူးကွ၊ နှစ်ယောက်စလုံး လှုပ်ရှားမှ ငြိမယ့်သဘောမှာရှိတယ်၊ အပေးအယူလည်း မျှရတယ်ကွ"

"အေး . . . တရားမျှတမှုလည်း ရှိသင့်တယ်လို့ ငါ ထင်တာပဲ၊ ငါ အိမ်ဂျယ်လ်အတွက် ခံစားလိုက်ရတဲ့ ခံစားချက်တွေကို အိန်ဂျယ်လ်က မသိချင်ဘူး၊ သိအောင်လည်း ငါ့ကို အခွင့်အရေး မပေးပါဘူး၊ ငါကတော့ ကကြိုးသွယ်ကို ကိုယ်ချင်းစာပေးကြည့်ချင်တာ၊ သူ့အတွက် အခွင့်အရေးတစ်ခု ငါပေးလိုက်တဲ့ သဘောပါ၊ ချစ်ခွင့်ဆိုတာ လူတိုင်းမှာ ရှိသင့်တဲ့ အခွင့်အရေးပဲကွာ၊ မိန်းမမှ၊ ယောကျ်ားမှလို့ ခွဲခြားနေစရာ အကြောင်းမရှိပါဘူး"

"လေးစားပါတယ် သယ်ရင်းရာ . . . "

သုတက သူ့ကို အလေးပြုသည်။ သူကတော့ ပြုံးနေလိုက်သည်။ ဘုတာရုံမှာ ပထမရထား လွတ်သွားတဲ့ သူတစ်ယောက်ဟာ အဲဒီ ပထမရထားနောက်ပဲ အမောတကော ပြေးလိုက်မလား၊ နောက်လာမယ့် ရထားတစ်စင်းကို အချိန်ခဏပေးပြီး ထိုင်စောင့်မလားဆိုတာ အဲဒီလူရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ပါးနပ်မှုအပေါ်မှာပဲ တည်ပါသည်။ သူ ရှုံးသွပ်ခဲ့ဖူးပါသည်။ သို့သော် . . . မမိုက်မဲချင်ပါ။

❤ ❤ ❤




www.burmeseclassic.com

www.burmeseclassic.com



# ပထမ မေနွ

တံခွန်တိုင်စာပေ (၁၇၇)

www.burmeseclassic.com

www.burmeseclassic.com



Fuji House ဆိုင်ကလေးက မနေ့ကလိုပဲ လူရှင်းတိတ်ဆိတ်စွာ။ တစ်ပတ်တိတိ ဆိုင်ကို နောက်ကျပြီးမှ သွားရမည့်အဖြစ်ကို သူငယ်ချင်းတွေက နားလည်ပေးကြပါသည်။ ကကြိုးရောက်တော့ သူက ရောက်နှင့်နေပြီ။ နားမှာ i pod နားကြပ်ကလေးနှင့် သီချင်းနားထောင်နေခဲ့သည်။ ကကြိုးအတွက်တော့ သူပေးလိုက်သည့် ဒီတစ်ပတ်တာ အချိန်ကာလလေးသည် ကကြိုးအတွက် ဒုတိယ အခွင့်အရေးတစ်ခုဟု ယူဆ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သူ့ဆီက အမုန်းကို မလိုချင်။ နားလည်စွာပဲ လမ်းခွဲချင်ပါသည်။ ကကြီးလည်း အပျော်သက်သက် လှည့်စားခဲ့ခြင်း မဟုတ်။

"ကော်ဖီ မှာပြီးပြီလား မော့ . . ."

"အင်း . . . မှာပြီးပြီ"

ကကြီးက ကော်ဖီမှာလိုက်ပြီး သူ့ရှေ့သို့ ဗူးကလေး တစ်ဗူး ချပေးလိုက်သည်။

"အဲဒါ ဘာလဲ ကကြီးသွယ်"

"ဒီနေ့ကစပြီး တစ်ပတ်တိတိ မော့ကို လက်ဆောင်ခုနစ် မျိုး ပေးချင်လို့ပါ"

"ကိုယ် ဖွင့်ကြည့်ရမလား . . ."

"ကြည့်ပါ . . ."

သူ ဗူးကို ဖွင့်ကြည့်မိတော့ သူ့မျက်ခုံးတွေ ပင့်သွားသည်။ (Gucci) ရှူး(စ်)တစ်ရံ။ size က သူ့ size ။

"ကိုယ့်ရဲ့ size ကို မင်း ဘယ်လိုသိလဲ"

"ဒီလိုပဲ စုံစမ်းရတာ လွယ်ပါတယ် မော့၊ ကျွန်မမှာလည်း spy တွေ ရှိတာပေါ့"

"သြော် . . . i see"





"အိန်ဂျယ့်လ်ကို ကိုယ်လိုက်တုန်းက သူနဲ့တွေ့တိုင်း ဖိနပ်လှလှကလေးတွေ လက်ဆောင်ပေးခဲ့ဖူးတယ်"

ကကြီးက ပြုံးနေလိုက်သည်။ သူ့ရဲ့ informations တွေမှန်သမျှ သုတဆီကနေ ဘုံဘုံ ရနေတယ်ဆိုတာ သူ သိပုံမရသေး။ ဘုံဘုံကဖြင့် သုတနှင့်တောင် on line ချစ်သူတွေ ဖြစ်နေကြပြီ။ မကြာခင်မှာပဲ အပြင်မှာ လူချင်းဆုံတွေ့ကြတော့မည်။ ခုချိန်မှာတော့ ကကြီးဘက်က ဗုက်ဖဲတွေ၊ လျှို့ဝှက်စရာတွေ ဘာမှ မလိုတော့ဘူးလေ။ လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ သူ ပြန်မချစ်လည်း ကိုယ့်ဘက်က တစ်သက်လုံး ချစ်နေရရင် ကျေနပ်စရာပါ. . . ဟု ကကြီး ရောင့်ရဲဖို့ ပြင်ဆင်ထားခဲ့ပြီးသား။ ဒီတစ်ပတ်တာ အချိန်ကလေးကိုပဲ ကကြီး လှပမက်မောစွာ ခံစားပါမည်။

"ကကြီးသွယ် . . . သီချင်းရေးတတ်လား"

"မရေးတတ်ဘူး မော့၊ ဒါပေမယ့် မော့သီချင်းတွေ အကုန် ကျွန်မ အလွတ်ရပါတယ်"

"ကိုယ့်ကို တစ်ပုဒ်လောက် ရေးပြပါ၊ မင်းအကြိုက်ဆုံး သီချင်းပေါ့"

သူက စာရွက်တစ်ရွက်နှင့် ဘောပဲန်ကလေး ထုတ်ပေးသည်။ ကကြီးက သူ ပထမဆုံးဆိုခဲ့သော သီချင်းကလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပုဒ်ပြန်ရေးချပေးလိုက်သည်။ သီချင်းနာမည်က "ကျွန်တော်ပျော်တဲ့ညနေခင်း" တဲ့။ ကကြီး၏ လက်ရေးကလေးတွေက ဝိုင်းစက်လှပစွာ။ သူက သီချင်းကလေးကို ခပ်တိုးတိုး ပြန်ရွတ်ဆိုကြည့်နေသည်။

"ကျွန်တော်ချစ်တဲ့ ညနေခင်းလေး . . . သူမနဲ့ စတွေ့သည်၊ ဆံပင်ရှည်တွေ တလွင့်လွင့်နဲ့ မော်ဒယ်လ်လေးလို လျှောက်ပါသည်၊ ကဗျာလေး တစ်ပုဒ်လိုပဲ သူမက လှပါသည်၊ သူမကိုတွေ့ဖို့အတွက် ကျွန်တော် နေ့တိုင်း သွားပါသည်၊ ကျွန်တော့်ရဲ့ ညနေခင်းလေး . . . ပျော်စရာအရမ်းကောင်းသည်၊ တစ်ခုသော ညနေခင်းလေး သူမ ကျွန်တော့်ကို ပြန်ချစ်သည်၊ ကျွန်တော်တို့နှစ်ယောက် လက်ချင်းမြဲမြဲတွဲထားတဲ့ ဒီညနေခင်းလေး၊ ကျွန်တော် အရမ်းချစ်ပါသည်"

"သီချင်းလေးက ကလေးဆန်တယ်နော်၊ ကိုယ် ဒီသီချင်း ကိုရေးတော့ အသက်ဆယ့်ခွန်ပဲ ရှိသေးတယ်၊ မှတ်မှတ် ရရ ဒါ ကိုယ် ပထမဆုံးရေးတဲ့ သီချင်းလေးပဲ၊ အဲဒီ အချိန်လေးကိုတောင် ကိုယ် ပြန်လွမ်းသွားတယ်"

"ငယ်ငယ်တုန်းကရေးတဲ့ သီချင်းကလေးမို့ အပြစ်ကင်းမှုနဲ့ ရိုးသားမှုတွေ ရှိတာပေါ့ မော့်၊ အဖြူရောင်ကလေးမို့ ကျွန်မ





အရမ်းကြိုက်တယ်"

"ကျေးဇူးပါ ကကြီးသွယ် . . ."

ကကြီးက သူ့ကို ခပ်ဆဆကလေး ကြည့်လိုက်ပြီး. . .

"ကျွန်မ မော့်ကို ဖိနပ်ကလေးပေးတာ အဓိပ္ပာယ်တစ်ခုပါတယ် မော့်၊ ဒိုင်ကြောင်ကြီးပါလားလို့တော့ မရှုတ်ချကြေးနော်၊ ဖိနပ်နဲ့ ခြေထောက်တစ်စုံဟာ အချစ်နဲ့တူတယ်သိလား၊ ဘက်မညီရင်၊ size မတူရင် ချစ်လို့ မရဘူး၊ ခြေထောက်နဲ့ဖိနပ် အံဝင်ခွင်ကျရှိမှ စီးလို့ဖြစ်သလို . . . လူနှစ်ယောက်ဟာလည်း တစ်ယောက်နဲ့တစ်ယောက် ကာလာတူမှ အပေးအယူမျှမှ ချစ်လို့ရတာပါ၊ တစ်ဖက်သတ် အချစ်ဆိုတာမျိုးက ကိုယ်နဲ့မတော်တဲ့ ဖိနပ်မျိုးကိုမှ အတင်းလိုချင်မက်မောပြီး လိုက်စွပ်ကြည့်မိတဲ့ အဖြစ်မျိုး၊ မတော်မှန်းလည်း သိသိကြီးနဲ့လေ"

"ဒါဆို တိတ်တခိုး အချစ်ကတော့ ဖိနပ်သူခိုးပေါ့နော်"

"ရှင် . . . ဟား ဟား ဟား၊ ရက်စက်လိုက်တာ၊ မော်မို့ ပြောရက်လေခြင်း"

သူ့ရဲ့ ဟာသဉာဏ်ကြောင့် နှစ်ယောက်စလုံး အားပါး



www.burmeseclassic.com

www.burmeseclassic.com

တရ ရယ်မောမိသွားကြသည်။ ရယ်ရင်းလည်း တစ်ယောက်ကို တစ်ယောက် သေချာကြည့်မိကြသည်။ သူ့အကြည့်ကြောင့် ကကြိုးရင်တွေ နွေးဖိုလှိုက်မောလာသည်။ ဖြစ်နိုင်ရင် ဒီတဒင်္ဂကလေးမျိုးကို မကုန်ဆုံးစေချင်ပါ။

♥♥♥



# အခန်း

# ၄


www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယမေနှ့

တံခွန်တိုင်စာပေ (၁၈၇)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ... ၉

စားပွဲကလေးက ထိုင်နေကျ စားပွဲကလေးပါပဲ။ အချိန်ကလည်း မနေ့က အချိန်အတိုင်း။ လူတွေလည်း ပြောင်းလဲမသွား။ စားပွဲထိုးကလေးက တကူးတကခေါ်ပြီး မှာနေစရာတောင် မလိုဘဲ . . . သူ့အလိုလို ကော်ဖီခွက်တွေ လာချပေးသွားသည်။ သူတို့နှစ်ယောက်ကိုတော့ ဘယ်လိုထင်မည် မသိပါ။ ဒီနေ့တော့ ကကြိုးသွယ်ကို မြင်တော့ သူ အမြင်တစ်မျိုး ဆန်းနေသည်။ ခါတိုင်းလို အိန်ဂျယ်လ့် ဒီဇိုင်းမျိုး ပုံတူကူးထားပုံမျိုး မဟုတ်ဘဲ ပုံစံလုံးဝ ပြောင်းထားသည်။ ဆံပင်အခွေအလိပ်တွေကို ဖြောင့်စင်းချထားလိုက်ပြီး မြန်မာဆန်ဆန် ရင်ဖုံးခါးတိုလက်ပြတ်ကလေးနှင့် ထမီရှည်ရှည်လို ဒေါက်



www.burmeseclassic.com

www.burmeseclassic.com

မြင့်ဖိနပ် ခပ်မြင့်မြင့်နှင့် တွဲဝတ်လာသည်။ သူ တကယ်ပဲ ငေးခနဲ စိုက်ကြည့်မိသွားသည်။ အကျီနှင့် ထမီက အသားပျော့အိအိကလေး မှာ ပန်းပွင့်နီရဲရဲကလေးတွေ ဖောက်ထားသော အဆင်ဆန်း ခရင်(မ်)ရောင်ကလေးမို့ သူမနှင့် အရမ်းလိုက်နေသလိုပါ။

"ဒီနေ့ အရမ်းလှပါလား ကကြီးသွယ် . . ."

သူ တရင်းတနှီးပဲ နှုတ်ဆက်လိုက်သည်။ အမှန် အတိုင်းဝန်ခံရရင် ဒီအချိန်ကလေးကို သူ စိတ်ဝင်တစား ပျော်ရွှင် လာခဲ့မိပြီ။ ညကတည်းက ဒီမနက်အတွက် ကြိုတင် မျှော်လင့် ရင်ခုန်နေပြီ။ သူမ ဘာလေးဝတ်လာမလဲ . . .။ ဘာတွေပြော မလဲ . . . သူ့ကို ဘယ်လို ခိုးကြည့်မလဲ . . . ဘယ်လို ရယ်မော မလဲ၊ သူမကို ရယ်အောင် သူ ဘာပြောရင်ကောင်းမလဲ . . . အဲဒါတွေ မှန်းဆစဉ်းစားရင်း သူ အိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။ မနက်မိုးလင်းလင်းချင်း သူ့အာရုံထဲ ပထမဦးဆုံး ဝင်လာသော အသိက ဒီနေ့ သူမနှင့် ချိန်းထားတာ ဒုတိယနေ့ဆိုသော အသိ ဖြစ်သည်။ လူက အလိုလို တက်ကြွလန်းဆန်းနေပြီးသား။

မနေ့ကလိုပင် သူမက သူ့ရှေ့သို့ ဗူးကလေးတစ် ဗူးထိုးပေးသည်။

"ဖွင့်ကြည့်ပါဦး မော့် . . ."





"မပြောလည်း ဖွင့်မှာပါဗျာ . . ."

သူက စိတ်ဝင်တစားပင် ခပ်သွက်သွက်ကလေး ဖွင့်မိသည်။ Gucci တံဆိပ်ပဲ . . .။ ယောကျ်ားကိုင် wallet ကလေး ဖြစ်သည်။

"ဟား . . . မိုက်တယ်၊ ဒါလေးတော့ ကိုယ်ကြိုက်တယ်၊ ကိုယ့် ဝေါလက်က ဟောင်းနေပြီ၊ ဒီလက်ဆောင်မှာရော အဓိပ္ပါယ်ပါသေးလား ဆရာမကြီး၊ ဒိုင်ကလေး ဘာလေး ဖွင့်ပါဦး"

"ပါတာပေါ့ရှင် . . . ပိုက်ဆံအိတ်ထဲမှာ မရှိမဖြစ် သုံးရ မယ့် ပိုက်ဆံတို့၊ ကဒ်တို့ပဲ ဦးစားပေး ထည့်ရမှာမှလား၊ တခြား မလိုအပ်တဲ့၊ အရေးမပါတဲ့ စက္ကူတွေ၊ အမှိုက်တွေ လျှောက်ထည့်နေရင် အိတ်ကလေး ဖောင်းကား နေမှာပေါ့၊ မဟုတ်ဘူးလား . . .၊ အဲဒီတော့ ချစ်ခြင်းဆိုတဲ့ အိတ် ကလေးထဲမှာ မရှိမဖြစ် essential ဖြစ်တဲ့ နားလည်ခြင်းရယ်၊ မြတ်နိုးခြင်းရယ်၊ ယုယကြင်နာခြင်းရယ်၊ အလိုက်သိ ဂရုစိုက်ခြင်းရယ်လောက်၊ အဲ . . . သည်းခံခြင်းလည်း ထည့်ပေါ့နော် . . .၊ အဲဒါလေးတွေပဲ ထည့်ပြီး မလိုအပ်တဲ့ မာနတွေ၊ သဝန်တိုခြင်းတွေ၊ အာဃာတတွေ၊ အငြိုး



www.burmeseclassic.com

www.burmeseclassic.com

အမျက်တွေ လျှောက်မထည့်နဲ့ ဆိုတဲ့ အဓိပ္ပာယ်ကလေး ဆိုတာပေါ့"

"လေးစားပါတယ် ဆရာမရယ်၊ တော်တော်ကောင်းတဲ့ ဒိုင်ပါလား၊ မဆိုးဘူး . . . ကကြီးသွယ်က IQ မြင့်သားပဲ၊ အတွေးအခေါ် ရှိတယ်ဆိုရမှာပေါ့၊ နောက်တစ်နေ့ ဘာပေးမလဲဆိုတာကို ကိုယ်တောင် စိတ်ဝင်စားလာပြီ၊ အဲဒီလို ဆွဲဆောင်နိုင်တာကလည်း အရည်အသွေးတစ်မျိုးပဲ"

သူ တကယ်ပဲ စိတ်ပါလက်ပါ ချီးကျူးမိခြင်းဖြစ်သည်။ သူမကတော့ ပြုံးနေသည်။ နားလည်ပြည့်ဝသော၊ ရှင်းသန့်ကြည်လင်သော မျက်နှာကလေးဖြစ်သည်။ အိန်ဂျယ်လ့်နေရာမှာ အစားထိုးဝင်ခဲ့တယ်ဆိုတာတောင် ယုံနိုင်စရာ မရှိ။

"ကကြီး . . . အခု ဘာတွေလုပ်နေလဲဟင်၊ စပ်စုတာ မဟုတ်ဘူးနော်၊ ဒီလိုပဲ မေးကြည့်တာပါ၊ မဖြေချင်လည်း ရတယ်နော်"

"ဖြေချင်ပါတယ်.မော်ရဲ့၊ ဒါက လျှို့ဝှက်စရာမှ မရှိ တော့တာ၊ ကျွန်မတို့ သူငယ်ချင်းလေးယောက် Capital Hyper Market မှာ Fashion Shop ရယ် Coffee bar ကလေးရယ် တွဲဖွင့်ထားတယ်"





"ဆိုင်နာမည်က . . ."

"Fashion Corner ပါ . . ."

"ဟာ . . . ကိုယ်သိတာပေါ့၊ tattoo corner ကလေးလည်း ရှိတယ်လေ၊ ကိုယ် အိန်ဂျယ်လ့်ပုံကလေးတွေ တက်တူးသွားမှတ်သေးတယ်"

"ဟုတ်ပါ့ရှင် . . . မှတ်ပေးတာ ကျွန်မကိုယ်တိုင်ပါပဲ၊ မော်သံသယမဝင်အောင် မော်လာတိုင်း မျက်နှာဖုံး တစ်ခုခု စွပ်ထားရပါတယ်၊ နောက်ဆိုရင်တော့ မစွပ်တော့ဘူးနော်၊ ကျွန်မ ဘယ်သူလဲဆိုတာ မော် သိသွားပြီပဲ . . . ဘွင်းဘွင်း ပဲပေါ့ . . . နော့"

သူမကတော့ ဘာမှ မထူးခြားတဲ့ဟန်အတိုင်း အပြုံးရိပ်သမ်းသော မျက်နှာပေးကလေးဖြင့် ပြောနေသည်။ သူ့မှာတော့ တအံ့တသြ။ သူမနှင့် ပတ်သက်ပြီး သူ မသိသေးတာတွေ အများကြီးပါပဲလား။

"ကကြီး ဘယ်မှာနေတာလဲဟင် . . ."

သူ လွှတ်ခနဲ မေးမိသွားသည်။

"ကျွန်မ မလိမ်ဘူးနော်၊ အမှန်အတိုင်းပဲ ဖြေမယ်၊ မော်တို့ အိမ်ရှေ့မှာ နှစ်ချုပ်ငှားပြီးနေတယ်"


www.burmeseclassic.com

www.burmeseclassic.com

"သြော . . ."

သူ ပါးစပ်အဟောင်းသားဖြင့် သူမကို မျက်တောင်မခတ်ဘဲ စိုက်ငေးကြည့်သွားသည်။

"သြော် . . . မနက်ဖြန် စင်္ကာပူက ပြန်လာမယ့် လူ ကြုံရှိလို့ ကျွန်မ မေ့ာ့အတွက် Pizza Hut က Pizza တဗူး မှာလိုက်သေးတယ်၊ ခြံထဲကို လာပေးလို့ ရမလား မော်၊ အေးတော့ အေးနေလိမ့်မယ်၊ ဒါပေမယ့် Microwave နဲ့ နွေးပြီးစားရင် မဆိုးပါဘူး"

"ကျေးဇူးပဲ ကကြိုး၊ ကိုယ် ပီဇာအရမ်းကြိုက်တယ်"

"သိပြီးသားပါရှင် . . ."

သူမက သူ့ကို ပြုံးကြည့်နေသည်။ သူ ရင်ထဲသို့ ပီတိကလေးတွေ စိမ့်စိမ့်ဝင်လာသလို ခံစားရသည်။ အချစ်ခံရသော လူတစ်ယောက်ရဲ့ ပီတိတစ်မျိုးထင်ပါရဲ့။ ဒီနေ့ တွေ့ဆုံချိန်က မနေ့ကထက်ပိုပြီးတော့ ကြာလာသည်။ တော်တော်နှင့် ထပြန်ဖို့ စိတ်မကူးမိကြ။ စကားတွေ လက်ဆုံကျနေမိကြသောအဖြစ်။ တစ်ယောက်နှင့်တစ်ယောက် ပိုပြီး ရင်းနှီးလာကြပါသည်။

♥ ♥ ♥



# တာဂိပယမနေ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုး ငယ်ငယ်ကတည်းက ကကြီး၏ သင်္ကေတကို ဖေဖေနှင့် မေမေ မှတ်မှတ်သားသားရှိစွာ ပြောပြခဲ့ကြဖူးသည်။ ကကြီးက ကိုယ် ဘာကိုလိုချင်သလဲဆိုတာကို သေသေချာချာ သိနားလည်တတ်ပြီး၊ လိုချင်တဲ့ အရာကိုလည်း စနစ်တကျ Plan ချပြီးတော့ကို သေသေ ချာချာ အရယူတတ်သူကလေးတဲ့။ တစ်ခါတစ်ရံ ဉာဏ်နီဉာဏ်နက် အလွန်များပြီး ပိရိသေသပ်စွာ ဟန်ဆောင်ကောင်းသူလည်း ဖြစ်ပါသေးသည်တဲ့။ အခုလည်း ကကြီးဘဝအတွက် သိပ်အရေး ကြီးသော လူတစ်ယောက်ကို ကကြီးသည် လိမ္မာပါးနပ်စွာ၊ ညင်သာပျော့ပျောင်းစွာ ညှို့မြူခေါ်ယူလျက် ရှိပြီဆိုတာ ကိုယ့် ဘာသာကိုယ် ရိပ်မိနေသည်။ ဒီဇိဇ အတတ်ပညာက အသွေးထဲ အသားထဲမှာကို ကိန်းဝပ်နေခဲ့ပြီးသားမို့ သိပ်ကြီး တကူးတက



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းအားထုတ်စရာ မလိုချေ။ သူ့ မျက်နှာကို ကြည့်လိုက်ရုံဖြင့် တစ်နေ့ပြီးတစ်နေ့ သိသိသာသာကို စွဲငြိတွယ်တာရိပ်ကလေးတွေ ပိုပိုထင်ရှားလာခဲ့မှန်း ကကြိုး ရိပ်မိနားလည်လာသည်။ သူ့ဟာ ရိုးသားအပြစ်ကင်းသော ကလေးငယ်တစ်ယောက်လိုပဲ . . .။ သူ့မ လက်ထဲမှာ ပါလာမည့် လက်ဆောင်ကလေးနှင့် အဲဒီ လက်ဆောင် ကလေး၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သူ သိချင်နေမှန်း ဟန်ဆောင် ဖုံးကွယ်ထားခြင်း မရှိချေ။

"ကိုယ် ဖွင့်ပြီနော် . . . အငမ်းမရကြီးများ ဖြစ်နေပြီလား မသိဘူး"

သူ့လက်ထဲမှာ Emporio Armani နေကာမျက်မှန်ကလေး ကိုင်လျက် . . .။

"ကဲ . . . ဒိုင်ကလေးဖွင့်ပါဦး အမိ"

ဟု တရင်းတနှီးပြောသည်။ ကကြိုးက တစ်ချက် ပြုံးရယ်လိုက်ရင်း . . .

"မျက်လုံးဆိုတာ နှလုံးသားရဲ့ တံခါးပေါက်လေ မောင်၊ ကိုယ်ချစ်တဲ့သူ၊ ကိုယ်မချစ်တဲ့သူ အဲဒါတွေကို ဒီမျက်လုံးတွေနဲ့ပဲ ကြည့်ရ၊ မြင်ရတာဆိုတော့ ဒီမျက်မှန်ကလေးက အကာအကွယ်ကလေးတစ်ခုပေါ့၊ ဥပမာ . . . ကိုယ်





ချစ်တဲ့သူကို ဒီမျက်မှန်ကနေတဆင့် သူ မသိအောင် ခိုးကြည့်လို့ရတယ်၊ ကိုယ် မကြည့်ချင်၊ မမြင်ချင်တဲ့ သူတွေကိုလည်း ဒီမျက်မှန်ကာပြီး မျက်လုံးလွှဲထားလို့ရ တယ်လေ၊ အသုံးဝင်မှာပါ မောင် . . ."

"သိပ်ဝင်တာပေါ့ ကကြိုး၊ အခု ချက်ချင်းကို အသုံးဝင် နေပြီ"

သူက ချက်ချင်းပဲ နေကာမျက်မှန်ကလေးကို ကောက် တပ်လိုက်တော့ ကကြိုး ပြုံးလိုက်မိကာ . . .

"အင်းပေါ့လေ . . . မောင့်ရှေ့မှာ မကြည့်ချင်တဲ့သူကြီး ထိုင်နေတော့ မျက်မှန်တပ်ပြီး မျက်လုံးလွှဲထားလို့ ရတာ ပေါ့ရှင်"

"နိုးပါ . . . ဘယ်သူပြောလဲ၊ မကြည့်ချင်ဘူးလို့၊ ကိုယ် လား မကြည့်ချင်တဲ့သူကို ကိုယ့်ရဲ့ အချိန်တွေပေးပြီး တကူးတက လာတွေ့နေမှာ၊ ကိုယ် စိတ်ထဲက မပါရင် ဘာမှ မလုပ်ဘူး၊ ကကြိုးသွယ် . . . ကိုယ် သိပ်ပြီး အားမနာတတ်ဘူး"

သူ့စကားကြောင့် ကကြိုးရင်ထဲ သိမ့်ခနဲ နွေးကာ ပျော်သွားပါသည်။ အို . . . သူ တကယ်ပဲ ကကြိုးရှိနေခြင်းကို မြင်သွားခဲ့ပြီပေါ့ . . .။ အချစ်ဆိုတာ တစ်ယောက်ရဲ့ ဖြစ်တည်



www.burmeseclassic.com

www.burmeseclassic.com

မှုကို ကျန်တစ်ယောက်က အသိအမှတ်ပြု တန်ဖိုးထားပြီး နှစ်ယောက်မျှဝေခံစားကြရတဲ့ အရာပါ။ ဒီကမ္ဘာလောကမှာ ကကြီးသွယ်ဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိနေတယ်ဆိုတာကို သူ သိရင်ပဲ ကကြီး ကျေနပ်ပါပြီ။ သူ့ဆီကနေ သိပ် အများကြီး ကကြီး မျှော်လင့်မထားပါ။

"ဩော် . . . သတိရတုန်း ပြောရဦးမယ်၊ ကကြီး . . . မနေ့က ပီဇာ အရမ်းစားလို့ကောင်းတယ် သိလား၊ ကျေးဇူးပါ . . ."

"you're very welcome မော့်"

♥♥♥





# စတုတ္ထနေ့



www.burmeseclassic.com

www.burmeseclassic.com



သူက အထုပ်ကလေးကို ဖြည်ကြည့်လိုက်သည်။ အထဲမှာ Mont Blanc ဒိုင်ယာရီ စာအုပ်ကလေးနှင့် ဘောလ်ပဲန်ကလေး ဝမ်းဆက်။

"ဒိုင်ယာရီ မှတ်တမ်းဆိုတာ ကိုယ့်ရဲ့သမိုင်းကို ကိုယ် ပြန်ရေးတာပဲ မော်ရဲ့၊ ပျော်စရာ အတွေ့အကြုံတွေ၊ အောင်မြင်မှုတွေ၊ နှုတ်ပျိုလတ်ဆတ်မှုတွေ၊ ကြေကွဲစရာတွေလည်း ရှိမယ်၊ အထီးကျန်တဲ့အခါ . . . နာကျင်ထိခိုက် ခံစားရတဲ့အခါ ဒိုင်ယာရီကလေးက ကိုယ့်ရဲ့ ရင်ဖွင့်ဖော် အဖော်ပဲလေ၊ တစ်နေ့ မော် အသက်ကြီးဆယ် အရွယ်လောက်ရောက်တဲ့ အချိန်မှာ ဒီဟာလေးက သိပ်ကို တန်ဖိုးရှိနေလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့ နုပျိုမှုတွေ၊ အောင်မြင်မှုတွေကို သိမ်းဆည်းထားပေးမယ့် နေရာလေးတစ်ခုပေါ့"

ထိုမိန်းကလေးကို တစ်နေ့ထက်တစ်နေ့ သူ ပိုပို ပြီး impressed ဖြစ်လာတာကိုတော့ ဝန်မခံချင်လို့ မရ။ သူက စိတ်ကူးကောင်းသော၊ အတွေးအခေါ်ရှိသော မိန်းမမျိုးကို သဘောကျသည်။ သာမန် သမားရိုးကျ မိန်းကလေးမျိုးထက် ထူးထူးခြားခြား တွေးတတ် လုပ်တတ်သော မိန်းကလေးတွေက၊ ယောကျ်ားတွေကို ပို၍ ဆွဲဆောင်ညို့ငင်နိုင်စွမ်းရှိတာကို သူ ယုံသည်။ သူမသည် သမားရိုးကျ မဆန်။

"မော် . . ."

"ဗျာ . . ."

"မော့်ကို တစ်ခုမေးမလို့၊ မမေးသင့်ဘူးလို့တော့ ထင်တာပဲ၊ ဒါပေမယ့် အရမ်းသိချင်လို့ပါ၊ အမှန်တရားကိုလည်း မော် သိခဲ့ပြီဆိုတော့လေ"

"မေးပါ . . . ဘာလဲ၊ ကကြီး အိန်ဂျယ့်လ်နေရာမှာ အစား ဝင်နေတာကို ဘယ်လိုလုပ် သိသွားတာလဲ မေးမလို့လား"

"ဘုရားရေ . . . ကျွန်မ မေးမှာကို မော် ဘယ်လိုလုပ် သိလဲ၊ ကျွန်မ သိချင်တာက နည်းနည်းလေး ပိုတယ်၊ သိသွား





တဲ့အချိန်မှာ မော့်ရဲ့ ခံစားချက်၊ ကျွန်မအပေါ် ဘယ်လို အဖြစ်မျိုးနဲ့ ခံစားမိသလဲလို့"

"စင်္ကာပူမှာ အိန်ဂျယ်လ့်ကို မမျှော်လင့်ဘဲ သွားတွေ့တာပါ။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် . . .၊ မီးပွိုင့်မှာ ကားချင်း ယှဉ်မိတာ၊ သူက Lamborghini ကားပေါ်မှာ . . . ကိုယ်တို့ကိုတောင် လက်ပြသွားလိုက်သေးတယ်၊ နောက်တစ်နေ့ ကိုယ် ဘယ်လိုမှ နေလို့မရတော့ဘူးလေ၊ ပြောတုန်းကတော့ L.A သွားမယ်ဆိုပြီး ဒီမှာ ငတတစ်ကောင်နဲ့ တွဲပြီးတွေ့တာဆိုတော့ ကိုယ် အလှည့်စားခံရပြီဆိုပြီး အပီကို တင်းတာ၊ သူ့လိပ်စာ စုံစမ်းပြီး နောက်တစ်နေ့ သူ့အိမ်ကို အရောက်သွားတွေ့တာပေါ့၊ အိန်ဂျယ်လ်က International Model ပီသတယ်လေ၊ သူ့ငတိက အရမ်း ချမ်းသာပုံရတယ်၊ မီလျံနာလား ဘီလျံနာလားတော့ မသိဘူး၊ ကိုယ့်လိုကောင်မျိုးကို သူ ဘယ်စဉ်းစားပါ့မလဲကွာ၊ သူ့အတွက် ဖိနပ် လှလှကလေးတွေ အပျော်စီးတဲ့အဆင့်လောက်ပဲ ကိုယ်က ရှိတာပါ၊ Lamborghini ဆိုတာ အိပ်မက်ထဲတောင် ကိုယ် မစီးနိုင်ပါဘူး၊ တကယ်တမ်းတော့ သူ့ကို ကိုယ် မတတ်နိုင်ပါဘူး၊ ကိုယ့်ဘက်ကသာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဘက်သတ် အရူးအမူး ဖြစ်နေတာပါ။ online မှာ အိန်ဂျယ်လ်ဆိုပြီး မင်းကဝင်ပြီး ဖယားလာဆွဲတော့ ကိုယ့်မှာ အရူးဘုံမြောက် ဖြစ်နေတာ ပေါ့"

သူ့စကားကို သူမက ငြိမ်ပြီး နားထောင်နေသည်။

"ဆောရီးပါ မှော် . . . ကျွန်မ စိတ်မကောင်းပါဘူး"

သူမက ပြုံးပါသည်။ သူမအပြုံးကို သူ ငေးခန့် စိုက်ကြည့်မိသွားသည်။

♥♥♥



ပဉ္စမပိုင်း


www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို ငေးကြည့်ရင်း ကကြိုး ပြုံးနေသည်။ သူက ဗူးကလေးထဲမှ နှိုးစက်ကလေးကို သဘောကျစွာ ကြည့်နေသည်။ နှိုးစက်ကလေးက ကောင်မလေးတစ်ယောက် အားရပါးရ ရယ်မောနေဟန်ကလေး။ ပါးစပ်ကလေး ဖွင့်ရက်သား . . .။

"ဒါက ကိုယ့်နှလုံးသားကို နှိုးမယ့် နိမိတ်ပေါ့လေ . . . ဟုတ်လား၊ အဲဒီလောက်တော့ ကိုယ်လည်း ပေါက်လာပါပြီကွာ၊ ဒါတောင် မင်းနဲ့ပေါင်းတာ တစ်ပတ်မပြည့်သေးဘူးနော်"

"နှိုးစက်ကို သံပတ်ပေးကြည့်လိုက် မောင်၊ ငါးမိနစ်လောက်မှာ ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကကြိုးပြောသည့်အတိုင်း သူက ဆယ်နာရီဆယ့်ငါးမှာ နှိုးစက်ပေးထားလိုက်သည်။

"ကိုယ်ပြောတဲ့ အမိပ္ပာယ် ဟုတ်ရဲ့လား ကကြိုး . . ."

"အမှန်အတိုင်း ပြောရရင် ကျွန်မက အဲဒီ အဓိပ္ပာယ်နဲ့ ပေးတာ မဟုတ်ဘူး မော့်၊ လူတွေဟာ တစ်ခါတစ်ခါ ဘဝ အမောတွေနဲ့ ရယ်မောဖို့ မေ့နေတတ်ကြတယ်လေ . . .၊ တစ်ရက်မှာ ဘယ်နှကြိမ်လောက် မော့် ဟက်ဟက်ပက်ပက် စိတ်လွတ်ကိုယ်လွတ် ရယ်ဖူးသလဲ၊ ပြန်သတိထားမိရဲ့လား၊ တစ်ခါတစ်ခါ တစ်ရက်လုံး မရယ်လိုက်မိတဲ့ နေ့တွေတောင် ရှိချင်ရှိမယ် . . . ဟုတ်တယ်ဟုတ်၊ တစ်ယောက်ယောက် အားပါးတရ အူလှိုက်သည်းလှိုက် ရယ်မောနေတဲ့ အသံကို ကြားရင် အနည်းဆုံးတော့ ကျွန်မတို့ လိုက်ပြုံးမိတယ် မှုလား"

"ဟား ဟား ဟား . . . ဟီး ဟီး ဟီး . . . ခစ် ခစ် ခစ်"

ပြောနေတုန်း မိန်းကလေးတစ်ယောက်၏ ခွက်ထိုးခွက်လှန် ရယ်မောသံကလေး ထွက်လာတော့ သူ လန့်သွားကာ နောက်မှ အဲဒီရယ်သံဟာ နှိုးစက်ကလေးဆီကနေ ထွက်လာမှန်း သိသွားတာမို့ သူပါ လိုက်ရယ်လေသည်။





"ဟား ဟား . . . တကယ် ရယ်ရတယ်၊ မင်း တကယ် စိတ်ကူးကောင်းပါလား ကကြိုး"

"မနက်စောစော နှိုးစက်က ရယ်သံကလေး ကြားတိုင်း မော့်ပါ လိုက်ရယ်လို့ရအောင်လို့ပါ၊ ရယ်မောခြင်းဟာ လူကို နုပျိုလန်းဆန်းစေတယ် မော့်ရဲ့၊ အဓိပ္ပာယ်က ရိုးရိုးကလေးပါ၊ မော့်က တလွဲတွေ လျှောက်တွေးနေတာကိုး . . ."

"ဟား ဟား . . . ဟုတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် နည်းနည်း အထင်ကြီးသွားတာကိုး၊ ကျေးဇူးတင်ပါတယ် ကကြိုး၊ ဩော် . . . ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ ကိုယ့်သူငယ်ချင်း သုတဆိုတဲ့ကောင်နဲ့ facebook ကနေတဆင့် သိပြီး online ကနေ ငြိသွားတဲ့ ကောင်မလေးက ကကြိုးသွယ်နဲ့ တဖွဲ့တည်းဆို၊ အခုမှ ပေါက်တယ်၊ အဲဒီ မဒီက သုတဆီက နေ ကိုယ့်ရဲ့ information တွေ လှည့်ထုတ်ယူနေတာ ကိုး. . . ဟုတ်တယ်ဟုတ်"

"မငြင်းပါဘူး ရှင် . . ."

"အခု သူတို့နှစ်ယောက် ကြည်စေအေးစေ ဖြစ်သွားပြီ၊ အပြင်မှာ ဆုံကြတယ်တဲ့၊ ဒီကောင် Capital Hyper Market ကိုချည်း ဦးခိုက်နေတော့တာပဲ၊ ကိုယ်ပါ လိုက်ခဲ့ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com

မလားလို့ စဉ်းစားနေတာ"

"မှော်သဘောပေါ့ကွယ် . . . ကျွန်မက အမြဲတမ်း welcome ပါ"

"ဒါဆို ကိုယ်လာခဲ့မယ်၊ တက်တူး လာဆွဲမလို့ . . . ရတယ်မှ လား"

"ဘာဖြစ်လို့ မရရမှာလဲ . . . သိပ်ရတာပေါ့"

"ဘာဖြစ်လို့လဲဆိုတော့ နောက်နှစ်ရက်ပြီးရင် ကိုယ်တို့ မနက်တိုင်း ခုလို မဆုံရတော့ဘူးမှလား"

"အင်းလေ . . . မှော် ကျွန်မကို ဒဏ်ခတ်တာ တစ်ပတ် ပဲဥစ္စာ၊ မကျေနပ်သေးဘူးလား"

"မကျေနပ်ရင် ကောင်းမလားလို့ . . . နောက်ထပ် extension ထပ်ဆွဲချင်နေတာ"

ကကြိုး နှလုံးသားသည် လွတ်လပ်စွာ ခုန်ပေါက် ယိမ်းနွဲ့လျက်ရှိသည်။ သူ ကကြိုး၏ နှလုံးသားတံခါးဝမှာ ခြေစုံ ရပ်နေခဲ့ပြီကော။ ပြီးတော့ . . . တံခါးကို ခေါက်ကာ ဝင်မည့် ဟန်လည်း ခြေလှမ်းပြင်ဆဲရှိသည်။ အများကြီး မျှော်လင့် မထားမိ ပေမယ့် ကကြိုး ရင်ခုန်စွာတော့ မျှော်လင့်မိပါသည်။

♥♥♥



# အခန်း ၁၀


www.burmeseclassic.com

www.burmeseclassic.com



# သာငှမြမြန့်

ဝံ့ခွန်ဝိုင်းစာပေ (၂၁၅)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ... ၁၀

မနက်ဖြန်ဆို သူမကို Fuji House မှာ တစ်ပတ်တိတိ ကော်ဖီလာတိုက်ခိုင်းသော အဖြစ်အပျက်ကလေး ပြီးဆုံးသွားတော့မည်။ ဒီတစ်ပတ်အတွင်းမှာကို သူမအကြောင်း သူ ကောင်းစွာ နားလည်ခွင့်ရခဲ့သည်။ သူမက သူမအတွေးအခေါ်နှင့် သူမ လက်ကိုင်ထားပြီး မှန်တယ်ထင်တာကို မရရအောင် စွတ်လုပ်ပြတတ်သော မိန်းကလေးမျိုးဖြစ်သည်။ လှည့်စားတတ်သော်လည်း မကောက်ကျစ်ပါ။ မရိုးသားပေမယ့် သူမကိုယ်သူမ အပြစ်ကင်းစင်ဟန်လည်း ဆောင်မထားပါ။ သူမဆီမှာ ခေတ်မီ၍ လွတ်လပ်ပွင့်လင်းသော



www.burmeseclassic.com

www.burmeseclassic.com





အတွေးအခေါ်များ ရှိသည်။ စကားကို စိတ်ဝင်စားစဖွယ် ဖြစ်အောင် ခင်းကျင်း ပြင်ဆင်ပြီး ပြောတတ်သည်။ အခုဆိုရင်ပဲ ကြည့် . . .။ သူ ဖန်တီးထားသော တစ်ပတ်တိတိ ကော်ဖီတိုက်ခွင့်ကို သူမက စိတ်ဝင်စားစဖွယ် လက်ဆောင်ကလေးတွေဖြင့် ကွန့်မြူးထားလိုက်တော့ သူမနှင့် ဆုံဖို့အရေးကို သူတောင် စိတ်ဝင် တစား ရှိနေခဲ့ပြီ။ ပြီးတော့ မှတ်တရလည်း ဖြစ်နေပြီ . . .။

ဒီနေ့တော့ လက်ဆောင်ထုတ်ကလေးကို သူ ဖောက်လိုက်တော့ sony digital camera ကလေးတစ်လုံး။

"ဒါကရော ဘာအဓိပ္ပာယ်လဲ ကကြီး"

"camera ကလည်း diary ကလေးတစ်ခုလိုပဲလေ၊ မြင်ကွင်းလေးတစ်ခု၊ အဖြစ်အပျက်ကလေးတစ်ခု၊ လူကလေးတစ်ယောက်၊ ကိုယ်စားခါနီး လှလှပပ ပြင်ဆင်ထားတဲ့ ဟင်းလျာပွဲကလေးတစ်ပွဲ၊ အဲဒါကလေးတွေကို မြင်ပြီးတာနဲ့ ဖျတ်ခနဲ ပျောက်မသွားအောင် အမှတ်တရ သိမ်းထားချင်တဲ့ အခါ ရိုက်ပြီး မှတ်တမ်းတင်ထားလို့ရတယ်လေ၊ သူကလည်း memory storage တစ်ခုပေါ့၊ တစ်ချိန်မှာ ကိုယ်ကြည့်ချင်တာလေးတွေကို ပြန်ပြီး ကြည့်လို့ရတယ်လေ၊ လူတစ်ယောက်ရဲ့ ဘဝမှာ camera တစ်ခုကလည်း အရေးပါတဲ့



essential ပစ္စည်းတစ်ခုပဲ မော်ရဲ့၊ မော့်မှာ ရှိသင့်တယ်ထင်လို့ပါ"

"အရမ်းမှန်တယ် ကကြီး၊ ကကြီး တကယ်တွေးတတ်တာပဲကွာ၊ ကကြီးပေးတဲ့ လက်ဆောင်ကလေးတွေ အားလုံး အဓိပ္ပာယ်ရှိတယ်၊ ကျေးဇူးပါ ကကြီး"

"you're very welcome မော်"

"ခုလာမယ့် စနေနေ့ည မြရိပ်ညို . . . မှာ music concert ကလေးတစ်ပွဲ ရှိတယ် ကကြီး၊ ကကြီးကို လာစေချင်တယ်၊ ကကြီးတို့ သူငယ်ချင်းတွေ အကုန်လာနိုင်အောင် ကိုယ် လက်မှတ်လေးစောင် ပေးထားမယ်"

သူက ကြိုတင်စီစဉ်ထားသော လက်မှတ်ကလေးတွေထည့်ထားသော စာအိတ်ကလေး သူမဆီ လှမ်းပေးလိုက်သည်။ သူမ မျက်နှာကလေး ဝင်းပသွားလျက် . . .

"ဟယ် . . . ပျော်စရာကြီးပေါ့၊ Million Thanks မော်"

"welcome . . ."

သူမအပြုံးကို သူ ငေးကြည့်နေရင်း သူ့ရင်ထဲသို့ အတွေးတစ်ခု ခုန်ပေါက်ဝင်လာသည်။ အစားထိုးတယ်ဆိုတာ ကိုယ် စိတ်ချမ်းသာဖို့အတွက် နှစ်သိမ့်ဖြေသိမ့်ခြင်းတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေမယ့် ကိုယ် ကျေနပ်ဖို့က အရေးအကြီးဆုံးပဲ ဟူ၍ဖြစ်သည်။ အခုလက်ရှိ အခြေအနေကလေးကို သူ တကယ် စိတ်ချမ်းသာ, သာယာနေမိတာ ကိုတော့ ဝန်ခံချင်ပါသည်။

♥♥♥






www.burmeseclassic.com

www.burmeseclassic.com



"ပန်းသီးကလေးကို အချစ်ဆိုတဲ့အရာနဲ့ ကျွန်မ တင်စားကြည့်မလို့၊ အချစ်ဆိုတာ ပန်းသီးလိုပဲ မှော်ရဲ့. . .၊ စားကြည့်မှ ချိုမြိန်လတ်ဆတ်တဲ့ အရသာကို ခံစားမိတာ၊ အချစ်ကို ပန်းသီးလေးကို မစားရက် မသောက်ရက် အလှထိုင်ကြည့်ပြီး မက်မောနေတတ်တဲ့ သူတွေလည်း ရှိတာပဲ၊ တစ်ခုတော့ ရှိတာပေါ့၊ ပန်းသီးရဲ့ ချိုမြမှုကို မသိလိုက်ရဘဲ နောက်ကျသွားတော့လည်း ပန်းသီးရဲ့ သဘောဟာ နွမ်းသွား၊ ပုပ်သွားတတ်တယ်လေ၊ အဲဒီ အခါကျရင်တော့ ပန်းသီးကိုရော၊ အချစ်ကိုရော အပြစ်မတင်ကြေးပေါ့၊ ဘယ်အရာမဆို လတ်ဆတ်တုန်း၊ လန်းဆန်းတုန်း၊ အသင့်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အချိန်မှာ ခံစားတာ အကောင်းဆုံးပဲ ဆိုပါတော့”

ကကြိုးရဲ့ ပန်းသီးဒသနကို သူက သဘောကျစွာ စိတ်ပါလက်ပါ နားထောင်နေရင်း ဖြူန်းခနဲ ပန်းသီးကို တကြွပ်ကြွပ် မြည်အောင် အားပါးတရ ကိုက်စားနေတော့ခြင်း ဖြစ်သည်။

“ဟား ... တကယ်ချိုတယ် ကကြိုး၊ ကြွပ်ကြွပ်ရွရွ ကလေးနဲ့ အရည်လည်းရွှမ်းတယ်၊ ဒီလက်ဆောင်ကို ကိုယ် အကြိုက် ဆုံးပဲ”

သူ့ကိုကြည့်ပြီး ကကြိုး ပြုံးမိသည်။ သူ့ပုံစံက ကကြိုး၏ ညို့ခေါ်ရာနောက်ဆီ အလိုက်သင့် လိုက်ပါလာသလို ဟန်မျိုး။ ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် ကကြိုး ကျေနပ်ပါတယ်။ တစ်ပတ်တိတိ သူနှင့် မနက်တိုင်း ဆုံတွေ့လိုက်ရခြင်း၏ ရလာဒ်ကတော့ ကြိုး စလေး နှစ်ကြိုးကို ချည်နှောင်ထုံးဖွဲ့လိုက်သလိုမျိုး၊ သူနှင့် သူမ အကြားတွင် ဆက်နွယ်မှုကလေး တစ်ခုရှိလာခဲ့ခြင်းပင်။ ဒီနေ့ တွေ့ဆုံခြင်းဟာ နောက်ဆုံးဆိုတဲ့ အသိကလေးနှင့် စကားတွေ ပြောလို့ မဆုံးနိုင်ကြ။ သူကလည်း ကကြိုးကို မပြန်စေချင်သေးသည့် ဟန် ... ကကြိုးကလည်း ပြန်ချင်စိတ် မရှိသေး။





“ကျွန်မ လုပ်ခဲ့မိတဲ့လုပ်ရပ်တစ်ခုဟာ မော့်အတွက် ထိခိုက်မှု ရှိသလားဟင်”

ကကြိုးက သိချင်စွာ မေးမိသည်။

“အကယ်၍ အိန်ဂျယ်လ်အစစ်က ကိုယ့်ကို တကယ် ကြွေနေတာဆိုရင်တော့ ကကြိုးရဲ့လုပ်ရပ်က အန္တရာယ် ရှိတာပေါ့၊ ဒါပေမယ့် အိပ်မက်ထဲက လမင်းတစ်စင်းကို ကိုယ်လိုချင်မက်မောနေလည်း ကိုယ် ရူးရူး ရောဂါ သည်းရုံပဲ ရှိတော့မှာပေါ့ ကကြိုးရယ်၊ တစ်ခါတစ်လေကျတော့ ကိုယ်က လက်တွေ့ကျကျ တွေးတတ်ပြီးသားပါ၊ အဲဒါကို ဦးနှောက် သုံးတယ်လို့ မခေါ်ဘူးထင်တယ်၊ ဦးနှောက်နဲ့ တွေးပြီး နှလုံးသားနောက်ကို လိုက်တာ အကောင်းဆုံး ဖြစ်မယ် ထင်တာပဲ၊ အိန်ဂျယ့်လ်ကိုတော့ ကိုယ် နှလုံးသား နဲ့ချည်း ပုံအောမြှုပ်နှံပြီး အသည်းအသန် ခံစားမိနေတာလေ၊ ဦးနှောက်ကနေ အဲဒါ မဖြစ်နိုင်ဘူးလို့ သိနေပေမယ့် ဦးနှောက်ကို ဦးစားမပေးခဲ့ဘူး၊ နှလုံးသားထဲကနေ အူလှိုက် သည်းလှိုက်ကြီးပဲ မျှော်လင့်နေတယ်၊ တကယ်တမ်းပြော ရရင် ကကြိုးက ကိုယ့်ကို အိပ်မက်ထဲကနေ လှုပ်နှိုးပြီး



www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့ဘဝထဲ လှမ်းခေါ်လိုက်တဲ့ သဘောပါ။ စ,သိသိ ချင်းတုန်းကတော့ ကိုယ် ဖောင်းတာပေါ့၊ ဒါပေမယ့် ခုတော့ ကိုယ် အစာကြေသွားပါပြီ"

ကကြိုး ကျေနပ်စွာ ပြုံးမိပါသည်။

"ကိုယ်တို့ ပြန်ဆုံကြဦးမှာပါ . . . မဆုံလည်း ကိုယ် တမင် လိုက်ဆုံမယ်နော်"

"ကောင်းပါပြီရှင် . . . ကျွန်မ ပြန်ဖို့သင့်ပြီ ထင်တယ်နော်၊ ကျွန်မကို တစ်ပတ်စာ အပြစ်ပေးလိုက်ရတဲ့အတွက် ကျေနပ်ပါတယ်နော်"

"ကျေနပ်ပါတယ်ဗျာ . . . စနေနေ့ တွေ့မယ်လေ"

"ကျွန်မတို့ရောက်နေမှန်း မှော်က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ မှော်ရဲ့ . . ."

"မသိဘဲ နေမလား၊ ရှေ့ဆုံးတုန်းမှာ ပေးထားတဲ့ဥစ္စာ"

ကကြိုး အရမ်းပျော်သွားကာ အားပါးတရ ပြုံးမိပါသည်။

♥ ♥ ♥





မြရိပ်ညို ညနေခင်းက စည်ကားသက်ဝင်လို့။ မိန်းကလေးရောင်စုံတွေ၊ စကားသံတွေ၊ ရယ်မောဆူညံသံတွေ လှုပ်ခတ်သက်ဝင်လို့။ သူ့ရင်ထဲမှာသာ အပြင်က အခြေအနေတွေနှင့် လုံးဝ ဆန့်ကျင်စွာ ငြိမ်သက်တိတ်ဆိတ်နေသည်။ တကယ်ဆို သူ တွေးထားတာက ရိုးရိုးရှင်းရှင်းကလေး။ ဒီအချိန်ဆို သူ ပျော်ရွှင်စွာ ရင်ခုန်နေရမယ့်အချိန်။ လိုချင် မျှော်လင့်နေသူတစ်ယောက်ရဲ့ လက်ထဲဆီ အလိုချင်ဆုံး အရာတစ်ခု ထည့်ပေးလိုက်ရတာလောက် အရသာရှိဆုံး၊ ပျော်ရွှင် ရင်ခုန်ရဆုံးဆိုတာ သူ သိပြီးသား။ ကကြိုးအတွက် ဖိနပ်ကလေးလည်း အဆင်သင့် ဝယ်ထားပြီးသား။ သိချင်းဆိုနေတုန်း သူမဆီ ဝုန်းခနဲ ခုန်ဆင်း


www.burmeseclassic.com

www.burmeseclassic.com



သွားကာ သူမရဲ့ရှေ့မှာ ဖိနပ်ကလေး ချပေးလိုက်ရုံနှင့် ကကြိုး ကောင်းစွာ နားလည် သဘောပေါက်လိမ့်မည်။

မနေ့က နေ့လည်က သူ အိန်ဂျယ်လ့်နောက် လိုက်တုန်းက သွားခဲ့ဖူးသော Beauty Spa ဆီသို့ ဘာရယ်မဟုတ်၊ လမ်းကြုံတာရယ်၊ စိတ်ကူးပေါက်တာရယ်ဖြင့် ဝင်သွားခဲ့သည်။ ရည်ရွယ်ချက်ကတော့ မျက်နှာနှိပ်နယ်ပေါင်းတင်တာလေးနှင့် ဆံပင်ဆေးရောင်ပြောင်းချင်လို့ဖြစ်သည်။

"ကြည့်စမ်း . . . မော့်တို့ ချိန်းထားတဲ့အတိုင်းပဲ၊ အိန်ဂျယ်လ်လည်း ရောက်နေတယ်"

မနန်းက သူ့ကို တရင်းတနှီး လှမ်းပြောတော့ သူရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

"သူ ပြီးသွားပြီလား မနန်း . . ."

"ပြီးပြီ . . . ခု ထွက်လာလိမ့်မယ်၊ မော့် သူ့ဆီ လာတွေ့တာလား၊ တစ်ခုခု လုပ်သွားဦးမလား"

"နေပါစေတော့ မနန်း၊ ကျွန်တော် သူနဲ့ တွေ့လိုက်ဦးမယ်"

သူ ချက်ချင်း စိတ်ကူးပြောင်းသွားကာ သူ့ရဲ့ လမင်းနှင့် စကားစမြည်ပြောဖို့အတွက် သူ့ရင်တွေ ပြန်ခုန်လာသည်။





မကြာပါ . . .။ သူမ အခန်းထဲကနေ ထွက်လာသည်။ တွေ့လိုက်တိုင်း အမြဲ သူ့ရင်ကို လှုပ်လှုပ်ခတ်ခတ် ဖြစ်စေနိုင်စွမ်းသော အပြုံးကလေးနှင့် , . . .။

"ဟော . . . မော့် ရောက်နေတာပါလား၊ တိုက်တိုက်ဆိုင်ဆိုင်"

သူမက ပြုံး၍ နှုတ်ဆက်သည်။ ဟိုအရင်တုန်း ကလိုပဲ တရင်းတနှီး နွေးထွေးနှစ်လိုစွာ။

"အိန်ဂျယ်လ် . . . ဘယ်တုန်းက ပြန်ရောက်လဲဟင်"

"တစ်ပတ်ရှိပြီ . . . အတော်ပဲ မော့်နဲ့ ဆွေးနွေးစရာလေး နည်းနည်းရှိတယ်၊ မော့် အချိန်ရလားဟင်၊ အေးအေးဆေးဆေး စကားပြောရအောင်"

"ရပါတယ် အိန်ဂျယ်လ် . . . သွားလေ"

ဒီလိုနှင့် အေးအေးဆေးဆေးရှိသော ကော်ဖီဆိုင်ကလေးတစ်ဆိုင်တွင် သူနှင့်အိန်ဂျယ်လ် ထိုင်မိကြသည်။

"ဘယ်လိုလဲ မော့် . . . ရှင့်ရဲ့ online ချစ်သူနဲ့ အပြင်မှာ ဆုံပြီးပြီလား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ မဟုတ်တာ သေချာသွားပြီပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဆောရီးပါ အိန်ဂျယ်လ် ... ကျွန်တော်က သူ့ကို အိန်ဂျယ်လ်လို့ပဲ ထင်ခဲ့တာ၊ အဲဒီကိစ္စ ထားလိုက်ပါတော့ အိန်ဂျယ်လ်ရယ်၊ ကျွန်တော် မျက်နှာပူလို့ပါ၊ အိန်ဂျယ်လ့်ရဲ့ Lamborghini ကြီးရော ဘယ်မှာထားခဲ့သလဲ"

"ဟား ဟား ... ရှင်က မေးတတ်သားပဲ၊ ကျွန်မ ခေါက်ထား ပစ်ခဲ့ပြီရှင့်၊ ကျွန်မက အလှပဆုံး အချစ်တစ်ခုလို့ ထင်ခဲ့တာ၊ သူက ကျွန်မကို လှည့်စားချင်ခဲ့တာလေ၊ အဲဒီတော့ တာ့တာပဲပေ့ါ၊ ဘာလုပ်မှာလဲ၊ ကျွန်မပေါ်မှာ မရိုးသားနိုင်တဲ့ လူကို ကျွန်မ မလွမ်းတတ်ပါဘူး၊ သူ့ကို ရှောင်ချင်လို့ကို ဒီကို ပြန်လာခဲ့တာ၊ ကျွန်မက စ,ဖြတ်ခဲ့တာလေ"

သူမ ပြောနေပုံက အေးဆေးပေ့ါပါးစွာနဲ့။ ချစ်သူ တစ်ယောက်နှင့် ပြတ်သွားတာကို သွေးအေးအေးနှင့် ပေ့ါပေ့ါပါးပါး ပြောနိုင်တယ်ဆိုကတည်းက သူမ၏ သဘောကို ခန့်မှန်းမိပြီးသား။ ဒါပေမယ့် သူ့ရဲ့ မိုက်ရူးရဲမျှော်လင့်စိတ်ကလေးက ဖျတ်ခနဲ ခေါင်း ထောင်ထ,လာခဲ့သည်။

"အိန်ဂျယ်လ် ... ဒီမှာ ဘယ်လောက် ကြာဦးမလဲဟင်"

"ထုံးစံအတိုင်း တစ်လလောက်နေမှာပေ့ါ၊ ဘာလဲ နေ့တိုင်း ကျွန်မနဲ့ တွေ့ခွင့်ရအောင် ဖန်တီးဦးမလို့လား၊ ဒီတစ်ခါ





တော့ ဖိနပ်တွေ မပေးနဲ့တော့နော်၊ ကျွန်မ ပြန်ရင် သယ် သွားလို့ရမယ့် လက်ဆောင်မျိုး ပြောင်းပေးနော် ... သိလား၊ ကျွန်မရဲ့ ဖုန်းနံပါတ် အရင်အတိုင်းပဲ ... မပြောင်းဘူးနော်၊ ကျွန်မ စောင့်နေမယ်၊ မှော် ရှိုးပွဲလေး ဘာလေး မရှိဘူးလား၊ ကျွန်မ ကြည့်ချင်လို့"

"ဒီ စနေနေ့ညနေ မြရိပ်ညိုမှာ ပွဲရှိတယ် အိန်ဂျယ်လ်၊ ကျွန်တော် အိန်ဂျယ့်လ်ဆီ လက်မှတ်အမှီ ပို့ခိုင်းလိုက် မယ်"

"အိုး ... သိပ်ကောင်းတာပေ့ါ၊ ပျော်စရာကြီး ..."

လက်မှတ်က ကကြိုးတို့ကိုပေးသော လက်မှတ်နှင့် ကပ်ရက် တဆက်တည်း ... သူ တမင်သက်သက် ရည်ရွယ်ခဲ့တာ တော့ မဟုတ်၊ လက်မှတ်က အဲဒီအတိုင်း ဖြစ်သွားခဲ့သည်၊ စင်ပေါ်ကနေ သူမတို့နှစ်ယောက်ကို တပြိုင်နက်တည်း ယှဉ်ပြီး မြင်တွေ့ခွင့်ရမည့် အဖြစ်သလောက် ရင်ခုန်စိတ်လှုပ်ရှားဖို့ ကောင်း တာ မရှိတော့။

♥ ♥ ♥


www.burmeseclassic.com

www.burmeseclassic.com

နံဘေးမှာ အိန်ဂျယ်လ်မေ့ကို အရှင်လတ်လတ်ကြီး မျှော်လင့်မထားစွာ တွေ့လိုက်ရသောအခါ ကကြိုးတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားကာ အသက်တောင် မရှူမိ။ ကကြိုးကို သူမများ ရိပ်မိသွားမလားဟူသော စိုးရိမ်စိတ်ဖြင့် ရင်ဘတ်ထဲမှာ ဆိုင်းသံဗုံသံတွေ ဆူညံနေသည်။ သူငယ်ချင်းတွေ အချင်းချင်း လက်ကုတ်ကာ မျက်ဝန်းချင်း စကားတွေ ပြောမိကြသည်။ ဒါလောက်ဆို ကကြိုး ရိပ်မိပြီ။ အိန်ဂျယ်လ် ဒီမှာ ရောက်နေမှန်း မှော် ကကြိုးကို တမင်သက်သက်ကို ဖွင့် မပြောခဲ့တာပေါ့။ ဒီပွဲမှာ တမင်ဆုံအောင်များ ချိန်းပေးခဲ့သလား မသိ။ အိန်ဂျယ်ကတော့ ကကြိုးကို သတိထားမိဟန်တောင် မရှိပါ။ သူမ နံဘေးမှာ





အဖော်မိန်းကလေးနှင့် စကားတွေ ကောင်းနေဆဲ။ သူမ မျက်ဝန်းတွေကလည်း ဘေးဘီဝဲယာ သိပ်မကြည့်။ စတေ့ရှ ဆီသို့သာ အာရုံစိုက်ထားသည့် ပုံ။

"ရှင် သူ့ကို သွားမိတ်ဆက်ပြီး စကားတစ်ခုခု သွားပြော ပါလား ကကြိုး။ သူလည်း နင့်ကိုမြင်ရင် အံ့ဩမှာပဲ၊ သူ့ရဲ့ Fake လိုလို Clone လိုလိုနဲ့ အရမ်းဆင်တဲ့ နင့်ကို သူ မှတ်မှတ်ရရတော့ ရှိသွားမှာ သေချာတယ်"

"တော်ပါပြီဟယ် ... ငါ့ဘာသာ ငါတောင် စိတ်မလုံ ရတဲ့အထဲ ..."

ကကြိုးတို့ဘက်ကသာ လှုပ်လှုပ်ရှားရှားတွေဖြစ် လျက်။ သူမကို စိတ်ဝင်တစားတွေ ဖြစ်နေရတာ။ သူမကတော့ အကြော့သားကလေးထိုင်လို့။ ဘေးဘီဝဲယာကို မကြည့်။ ဒီလိုနှင့် စတေ့ရှိုး စ,ပါသည်။ မှော့်အလှည့်က ချက်ချင်းမရောက်၊ အဆိုတော်တွေ တစ်ယောက်ပြီးတစ်ယောက် ဆိုသွားကြသည်။ ကကြိုးကတော့ သူ့အလှည့်ကိုပဲ စောင့်နေမိသည်။ ကကြိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com

အိန်ဂျယ်လ်ကို တစ်နေရာတည်းမှာ အတူယှဉ်တွဲပြီး မြင်ရတဲ့အခါ သူ ဘယ်လို ခံစားမတဲ့လဲ။ အစစ်နဲ့အတု ဆိုတဲ့ သတ်မှတ်ချက်ကြီးနဲ့ ခံစားမှာလား။ ဒါဟာ . . . ကကြိုးကို သူ ထပ်ပေးတဲ့ အပြစ်လား။ ရှေ့ကဆိုသွားတဲ့ အဆိုတော်တစ်ယောက်က . . .

"ဒီတစ်ခါ မှော်အလှည့်ဗျို့ . . ."

ဟု . . . ရွှတ်နောက်နောက်ကလေး ကြေညာပေး သွားတော့ ကကြိုးရင်ထဲ ဆွဲခါခံလိုက်ရသလို ဒိန်းခနဲ လှုပ်ခါ သွားမိသည်။ သူ့ကို စင်မြင့်ပေါ်ကနေပဲ ပေါ်လာလိမ့်မယ်ထင် ပြီး စင်မြင့်ထက်ဆီပဲ အာရုံစိုက်ကြည့်နေမိဆဲ သူ့အသံက ဟိုး အနောက်ဘက် လူအုပ်ကြားထဲဆီကနေ ထွက်ပေါ်လာသည်။

"ကျွန်တော့်ရင်ထဲမှာ လမင်းလေးတစ်စင်း ဝင်းဝင်းပပ ထွန်းလင်းသာခဲ့ဖူးပါတယ်၊ အဲဒီလမင်းကလေးကို အရှုး အမူး ဖူးလို့မဝသေးခင်မှာ တစ်စုံတစ်ယောက်က ကျွန်တော့် ရဲ့ လမင်းကလေးကို ဝှက်ပစ်လိုက်တယ်ဗျ၊ အဲဒီတော့ ကျွန်တော်ငိုပြီး သီချင်းလေး တစ်ပုဒ် စပ်မိပါတယ်၊





ကျွန်တော့် ရင်ဘတ်ထဲက ငိုချင်းကဗျာကလေးတစ်ပုဒ်ပ . . . 'ငါ့ရဲ့လမင်း ဘယ်သူဝှက်ထားသလဲ' တဲ့၊ ခံစားကြည့် ပေးပါ"

လူတွေအားလုံး လည်ပင်းတွေ လိမ်စောင်း၊ ခေါင် တွေလှည့်ပြီး သူ့ကို ကြည့်ကြသည်။

"လမင်းလေးတစ်စင်း ငါ့ရင်ဘတ်တစ်ခုလုံး လင်းချ သွားအောင် ထွန်းပလို့ ငါလေ အရှူးအမူး လမင်းက ရူးသွပ်မက်မောစွာ တမ်းတနေ . . . နင်ဟာ ငါ့ လမင်းလေး . . . ဒီရင်ခွင်ထဲ သက်ဆင်းလှည့်ပါ . . . တစ်သက်လုံး တယုတယနဲ့ ထွေးပွေ့ထားပါ့မယ် . . . ဒါဟာ ငါ့ရဲ့ ကတိသစ္စာပါ . . . အိုး . . . လမင်းလေ နင် ဘယ်ရောက်သွားလဲ . . . ငါ့ရင်တစ်ခုလုံး မှော အတိကျသွားခဲ့ . . . နင်မရှိတော့ ငါ ဘယ်လို ဘဝ အမိုက်ဟာယ်ကို ခံစားမလဲ . . . ဟား . . . ငါ့ရဲ့ လမ ဘယ်သူဝှက်ထားသလဲ . . . ပြန်ပေး . . . ပြန်ပေး . . .



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပေး . . . ငါ့ရဲ့ လမင်းလေး”

သူ့အသံ ချိုချိုသြသြရှရှကလေးနှင့် အလွန်လိုက်ဖက်သော သံစဉ်အေးအေးငြိမ့်ငြိမ့်ကလေးမို့ ရင်ထဲမှာ လှိုက်ဖိုယိမ်းနွဲ့နေအောင် နှလုံးသားကို ထိတွေ့ဖမ်းစားနိုင်စွမ်း ရှိပါသည်။ သီချင်း အသစ်စက်စက်ကလေးမို့ ပရိသတ်တွေအားလုံး ငြိမ်သက်စွာ စိတ်ဝင်တစား နားထောင်နေကြပါသည်။ သူ စင်မြင့်ထက်ဆီ ရောက်လာချိန်မှာ သီချင်းကို ဒုတိယအကြိမ် တကျော့ပြန်ဆိုလျက်ရှိပြီ . . .။ သူ့မျက်ဝန်းတွေကို ကကြိုး စူးစူးနစ်နစ် လိုက်ကြည့်ဖမ်းယူနေမိသည်။ သူ ကကြိုးဆီ ကြည့်တာလား၊ အိန်ဂျယ့်လ်ဆီ ကြည့်နေတာလား ကကြိုး မတွေးနိုင်။ နှစ်ယောက်က ဘေးချင်းကပ် ထိုင်နေခဲ့မိသည်ကိုး။ ဒီလိုမှန်းသိ ဒီဘက်အစွန်ဆီ ပြောင်းထိုင်ပါတယ်နော်။ အိန်ဂျယ့်လ်ဘက် မသိမသာ အကဲခတ်ကြည့်မိတော့ နှုတ်ခမ်းကလေး ဖူးကြွနေအောင် ပြုံးလျက် မော့်ဆီ ငေးစိုက်ကြည့်လို့။ သူက သီချင်းအပေါင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ထပ်ဆိုသွားသည်။ သူဆိုလို့ပြီးခါနီးမှာ စင်အနောက်ဘက်နားဆီက တစ်စုံ





တစ်ခုကို သွားကောက်ယူလိုက်တာကို တွေ့ရသည်။ ဘာပါလိမ့်ဟ
သေချာလှမ်းကြည့်မိတော့ ဖိနပ်လှလှကလေးတစ်ရံ။ ကြိုးကလေ
တွေ ရှုပ်ထွေးနေသော လည်သာရောင်ဖျော့ဖျော့ ဒေါက်မြင့်ဖိနပ်
ကလေး။ ကကြိုး အာရုံထဲ မိုက်ခနဲ ပြာသွားသည်။ သူဟ
အိန်ဂျယ့်လ်ကို ဖိနပ်ကလေးတွေ အမြဲတမ်း လက်ဆောင်ပေးလေ့
တတ်တယ်လေ။ ဒီမြင်ကွင်းကို ကကြိုးကို မြင်စေခြင်းအားဖြ
ကကြိုးကို သူ အလဲထိုးတော့မှာတဲ့လား။ သူ ဒီလောက် ပညာသာ
ပါစွာ နှိပ်ကွပ်တတ်လိမ့်မယ်လို့ ကကြိုး မထင်ခဲ့ပါ။ ကကြိ
ရင်တစ်ခုလုံး အေးစက်ခဲကျဥ်သွားကာ ထင်တောင် မထားမိ
ပါးပြင်ဆီ မျက်ရည်စက်တချို့ စိုစွတ်လာသော အတွေ့ကို ခံစ
မိသည်။ သူ ရက်စက်ပြီ . . .။

ကကြိုး မျက်လုံးတွေ ယောင်ယမ်းပြီးတော့ မှိ
ထားလိုက်မိချိန်မှာ သူ စင်ပေါ်ကနေ ဆင်းလျှောက်လာ
ခဲ့သည်။ တစ်ကိုယ်လုံး လေထဲမှာ ငှက်တောင်မွေးကလေး
ပေါ့လှပ်လှပ်ကလေး ဖြစ်နေတော့သည်။ မျက်လုံးတွေ မှိတ်ထာ



www.burmeseclassic.com

www.burmeseclassic.com

မိပေမယ့် နားကတော့ အိန်ဂျယ့်လ်ဆီ သူ တစ်ခုခု လာပြောမည့် စကားသံကို စွင့်ထားမိသေးသည်။ ဘယ်လောက် အမှတ်သည်းခြေ မရှိသေးသလဲဆိုတာ။ တကယ်ဆို ဒီနေရာကနေ ထွက်ပြေး လွင့်စင်လာခဲ့ဖို့ ကောင်းတာလေ။ နံဘေးရှိ ဆူညံနေသော လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေ၊ အော်ဟစ်အားပေးသံတွေ အားလုံး ရုတ်ချည်း တိတ်ဆိတ်သွားသလို ခံစားလိုက်ရသည်။ ကကြီး၏ မျက်နှာနားဆီမှ သူ့အသံ တိုးတိုးနွေးနွေးကလေးကို ရုတ်တရက် ကြားလိုက်မိသောကြောင့် ဖြစ်သည်။

"ဘာဖြစ်လို့ မျက်လုံးကြီး မှိတ်ထားတာတုန်း၊ စီးကြည့်ပါဦး. . . ဖိနပ်ကလေး တော်ရဲ့လားလို့"

ကကြီး မျက်လုံးတွေ ဝုန်းခနဲ ကမန်းကတန်း ဖွင့်ကြည့်လိုက်မိတော့ ကကြီးရှေ့တည့်တည့်မှာ ရပ်နေသော မော့်၏ ချိုမြနွေးထွေးသော အပြုံးကို မြင်ရသည်။ ကကြီး ဘယ်လို ဖြစ်သွားမှန်း မသိ။ လူတစ်ကိုယ်လုံး မြောက်တက် လွင့်စင်သွားမတတ် ရင်တွေ ဝုန်းဒိုင်းကြဲ ဆောင့်ခုန်သွားတော့သည်။ သူ





ချပေးလိုက်သော ဖိနပ်ကို ချက်ချင်း ကပျာကယာ စီးကြည့်လိုက်မိချိန်မှာ လူက လေထဲမှာ လွင့်မျောနေသည့်အတိုင်း . . .။ ကကြီးဘေးနားက ဘုံဘုံက ကကြီးနားထဲ တိုးတိုးကလေး ကပ်ပြောသည်။

"နင့်ခြေထောက် size ကို သူက မေးသွားတာဟ၊ ငါလည်း အငိုက်မိသွားတာ"

တဲ့ . . .။ ကကြီး အသံထွက်အောင် ရယ်မောလိုက်မိသည်။ ဖိနပ်ကလေးက ကကြီးခြေထောက်မှာ ကွက်တိ။ နံဘေးကို သတိတရ လှည့်ကြည့်မိတော့ မော့်နှင့် ကကြီးဆီ အပြုံးကလေးနှင့် လှမ်းကြည့်နေသော အိန်ဂျယ့်လ် မျက်နှာလှလှကလေးကို မြင်ရသည်။ မော့်က . . .

"အိန်ဂျယ်လ် . . . ကျွန်တော် မိတ်ဆက်ပေးမလို့၊ ဒါ အဝှက်ခံထားရတဲ့ ကျွန်တော့်ရဲ့ 'လမင်းလေးပေါ့၊ ခုမှ ပြန်တွေ့တာ"

"သြော . . . ရင်ထဲ ပြန်လင်းချင်းသွားပြီပေါ့၊ မေးသာ


www.burmeseclassic.com

www.burmeseclassic.com

ပါတယ် မော့်၊ ကွန်ဂရက်ကျူးလေးရှင်း(စ်)ပါ၊ ကြည့်စမ်း . . . အခုမှ သတိထားမိတယ်၊ မော့်ရဲ့လမင်းက ကျွန်မ နဲ့ ခပ်ဆင်ဆင် တူသလိုပဲနော်"

အိန်ဂျယ်လ်က တရင်းတနှီး ပွင့်ပွင့်လင်းလင်း ပြောရင်း ကကြိုးကို ရင်ချင်းအပ်လျက် ပွေ့ဖက်နှုတ်ဆက်ပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ် အိန်ဂျယ်လ်၊ ကျွန်မက အိန်ဂျယ်လ်ရဲ့ crazy တစ်ယောက်ပါ"

"ဟုတ်လား . . . ကျေးဇူးတင်ပါတယ်"

ကကြိုး သူ့ကို ပြန်ကြည့်မိတော့ သူက ကကြိုးကို မျက်လုံးတစ်ဖက်သာ မှိတ်ပြသည်။ သူ့ရဲ့ မျက်နှာက ပျောက်သွားသော လမင်းကို တကယ်ပြန်တွေ့လိုက်ရသူ တစ်ယောက်၏ မျက်နှာ။ ဝင်းဝင်းပပ . . . သာသာယာယာ။ သူ ကမ်းပေးလိုက် သော သူ့ရဲ့လက်ထဲ ကကြိုး၏ လက်ကလေးကို ယုံကြည်အပ်နှင်းလိုက်သလို ထည့်ပေး





လိုက်တော့ သူက နွေးထွေးစွာ ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။ သူ့ အကြည့်တွေထဲမှာ မြတ်နိုးကြင်နာခြင်းကိုလည်း ကကြိုး ရှာတွေ့ပါသည်။ ကကြိုး ကျေကျေနပ်နပ်ကြီးပင် ပြုံးနေမိသည်။ လူတစ်ယောက်ရဲ့ဘဝမှာ လိုချင်တာကို အတိအကျ သိလျှင် လိမ္မာပါးနပ်စွာ လှလှပပ အရယူတတ်ဖို့ပဲ လိုပါသည် ရှင် . . .။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .



BURMESE CLASSIC .com
www.burmeseclassic.com